www.burmeseclassic.com

# ခေတ်ပြောင်းတော်လှန်ရေးခရီး

## ၁၉၆၂ – ၁၉၇၄

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ခေတ်ပြောင်းတော်လှန်ရေးခရီး

## ၁၉၆၂ – ၁၉၇၄

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ပြဋ္ဌာန်းရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တော်လှန်ရေးအစိုးရ၏ ဆောင်ရွက်ချက်များကို အများပြည်သူများသိရှိလေ့လာနိုင်ရန် အစိုးရဌာနအသီးသီး၏ အကူအညီကိုရယူ၍ဤဓါတ်ပုံမှတ်တမ်းတင်စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေဖြန့်ချီပါသည်။

၁၉၇၃ ခု၊ နိုဝင်ဘာလ

ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန။

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီသစ်အရ လုပ်မဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမျိုးဟာ ဘယ်လိုဖြစ်ရမလဲဆိုရင် တိုင်းပြည်သူပြည်သား လူအများစုတွေ အာဏာပိုင်အဖြစ် အုပ်ချုပ်နိုင်အောင် သူတို့ရွေးကောက်တဲ့ ကိုယ်စားလှယ်တွေဟာ အောက်ကနေပြီး ထိပ်အထိ တိုင်းပြည်အုပ်ချုပ်ရေး တိုင်းပြည်အစိုးရအာဏာကို ကိုင်ထားရမယ်၊ သူတို့ရွေးကောက်လိုက်တဲ့ ကိုယ်စားလှယ်တွေကို မကြိုက်လို့ရှိရင် ပြန်ခေါ်နိုင်ရမယ်။

(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့ တိုင်းပြုပြည်ပြုပဏာမပြင်ဆင်မှု ညီလာခံတွင် ပြောကြားသည့်မိန့်ခွန်း)

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးစ ကာလတွင် တပ်စခန်းတနေရာ၌ တွေ့ကြစဉ်က သို့လျှင်အမှတ်တရ ရိုက်ကူးထားခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာကြီးဖြစ်ခဲ့သည့်နည်းတူ ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သော ဆိုရှယ်လစ်နိုင်ငံထူထောင်ရေးကို လက်တွေ့အကောင်အထည်ဖော်ရာ၌ ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးစီးပဲ့ကိုင် ဖြစ်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်တိုင်းပြည်အုပ်ချုပ်တဲ့အာဏာ မူပိုင်ရှင်ဖြစ်တဲ့ လူထုလက်ထဲကိုတော့ ရောက်အောင်မြန်အပ်မှာပဲ၊ ဒါကျွန်တော်တို့ စလာတည်းကယုံကြည်ခဲ့တယ်၊ အဲဒီယုံကြည်တဲ့ အတိုင်းလဲပဲ ကျွန်တော်တို့ အစဉ်တစိုက်လုပ်ခဲ့တယ်။

(၁၉၇၁ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင်ပြုလုပ်သော ပထမအကြိမ် ပါတီညီလာခံတွင် ပြောကြားသော ပါတီဥက္ကဋ္ဌကြီး၏ မိန့်ခွန်း)။

www.burmeseclassic.com

www.burmeseclassic.com


၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့သည် မြန်မာပြည်၏သမိုင်းတွင် ထူးခြားသောနေ့အဖြစ် မှတ်တမ်းတင်ရသည့်နေ့ ဖြစ်တော့သည်။ လွတ်လပ်ရေးရသည့် အချိန်ကာလမှစလျက် ပျက်ပြားခဲ့သော အမျိုးသားစည်းလုံးညီညွတ်ရေးသည် ထိုနေ့ချိန်ခါတွင် ပြည်ထောင်စုကြီး ပြိုကွဲအန္တရာယ် ကြီးမားခဲ့ခြင်းကြောင့် တော်လှန်ရေးကောင်စီ အစိုးရသည် တိုင်းပြည်အာဏာကို အချိန်မီထိန်းသိမ်းခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com




မြန်မာပြည်၏လူဦးရေတွင် တောင်သူလယ်သမားသည်ရာခိုင်နှုန်းရှစ်ဆယ်ကျော်မျှရှိသည်။ကျန်လူဦးရေမှာအလုပ်သမားများ၊ အလုပ် လုပ်သော အတတ်ပညာရှင်များ၊ အသိပညာရှင်များ ဖြစ်ကြသည်။ ဤမျှ ထုထယ် ကြီးမားသော တောင်သူ လယ်သမားထုကြီးနှင့် အလုပ်သမားလူတန်းစား တို့၏ဘဝ သာယာစိုပြေရေးသည် မြန်မာပြည်၏ နိုင်ငံရေးသာလျှင် ဖြစ်သည်။ ဤ လူထု လူတန်းစား တို့၏ လူနေမှု ဘဝကို မြှင့်တင်ရန် အတွက် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ခဲ့ရသည်။



ရာသီဥတုအားဖြင့်၎င်း၊ မြေသြဇာအားဖြင့်၎င်း စိုက်ပျိုးရေးအတွက် အကျိုးပြုသည့် ဤမြေမှရွှေဝါဆန်တို့ အလျှံပယ်ပေါ်ကြွယ်စွာ ထုတ်လုပ်ရန်အတွက် လယ်သမားတို့၏ လူနေမှုဘဝသည် သာယာစိုပြေရပေလိမ့်မည်။ အလားတူပင်လျှင် မြေပေါ် မြေအောက်မှ သယံဇာတတို့ကို လူသားများအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ကြ စေရန် ထုတ်လုပ်ပေးသည့် အလုပ်သမားကြီးများသည်လည်း ဆိုရှယ်လစ်နိုင်ငံတော်တွင် လယ်သမားတို့နှင့် မဟာမိတ်များဖြစ်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂ ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် ရတနာပုံရေတပ်စခန်း၌ ကျင်းပသော တပ်မှူးများညီလာခံ၌ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၏ ဝါဒသဘောတရားများကို ထုတ်ဖော် ပြောကြားခဲ့ကာ.......

တောင်သူလယ်သမား၊ အလုပ်သမားများကို ကိုယ်စားပြုမည့် တခုတည်းသော ဦးဆောင်ပါတီဖြစ်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ရန် အစပြုခဲ့သည်။ ၁၉၆၃ ခု၊ ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမြုတေပါတီအဖြစ် စတင်တည်ဆောက်ခဲ့သည်။

www.burmeseclassic.com


www.burmeseclassic.com




တော်လှန်ရေးကောင်စီ တက်လာပြီးနောက် တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်တို့ကို ၁၉၆၂ ခု ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ဖျက်သိမ်းခဲ့သည်။ တဆက်တည်းပင် နိုင်ငံတော် တရားရုံးချုပ်ကို ဖွဲ့စည်းခဲ့သည်။ တရားရုံးချုပ်သည် လုပ်သားပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် အယူခံဝင်ခြင်းများကို ကြားနာစစ်ဆေး အဆုံးအဖြတ်ပေးရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်သူလယ်သမားကြီးတို့၏ ဘဝပြဿနာအရပ်ရပ်ကို အပြေရှာရန်အတွက် စစ်ကိုင်းခရိုင်၊ အုန်းတော ကျေးရွာတွင် ပထမဆုံးအကြိမ် တောင်သူလယ်သမားဆွေးနွေးပွဲကြီးကိုကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ - တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းကိုယ်တိုင် တက်ရောက်ကာ တောင်သူလယ်သမားများ၏ လူနေမှုဘဝတရပ်လုံးကို စေ့ငုစွာ လေ့လာခဲ့သည်။






www.burmeseclassic.com

www.burmeseclassic.com



အနုန်းတော ဆွေးနွေးပွဲသည် သမိုင်း တခေတ် ပြောင်းခြင်း၏ လမ်းစပင်ဖြစ်သည်။ တော်လှန်ရေး မှတ်တိုင်တရပ် ဖြစ်သည့် တောင်သူ လယ်သမားကြီး များအား နေရာ မှန်သို့ ပို့ဆောင်ပေးခဲ့ရာ စင်မြင့် ဖြစ်တော့သည်။



www.burmeseclassic.com




၁၉၆၂ ခု၊ ဒီဇင်ဘာလ ၃၀ ရက် နေ့မှ ၁၉၆၃ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တိုင် အုန်းတောရွာတွင် ကျင်းပသော တောင်သူလယ်သမားနိုးနှော့ဖလှယ်ပွဲသို့စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ငန်းဇွန်မြို့နယ်များမှတောင်သူလယ်သမား ကိုယ်စားလှယ် ၇၁၄ ဦးနှင့် မန္တလေး၊ ကျောက်ဆည် ခရိုင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့မှ လေ့လာ သူပေါင်း တသိန်းကျော် ခြိမ့်ခြိမ့်သဲသဲ တက်ရောက် ခဲ့ကြသည်။




စက်မှု လယ်ယာသို့ ရှေ့ရှုရမည့် ဆိုရှယ်လစ်လယ်ယာစီမံကိန်းအတွက် အသင့် ဖြစ်နေကြစေရန် ထွန်စက် ကိရိယာများကို လယ်သမား ကြီးများ ကိုယ်တိုင် ကိုယ်ကျ လေ့လာကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့မြေမှ ထွက်သော်လည်း အရင်းရှင်တို့၏ အကျိုးအမြတ်သာလျှင်ဖြစ်စေခဲ့သည့်ဘီအိုစီကမ္ဘဏီအား၊ ပြည်သူပိုင်သိမ်း ဆည်း ခဲ့သည်။ ချောက်၊ မင်းဘူး၊ မကွေးစသည့် ရေနံမြေ များမှ ရေနံတွင်းများ၊ သံလျင်ရှိ ရေနံချက် စက်ရုံ များပါ ပြည်သူ လူထု တရပ်လုံးအား အကျိုး စီးပွားဖြစ်စေမည့်ပြည်သူပိုင်လုပ်ငန်းများ ဖြစ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com





အထက် မြန်မာပြည်မှ တောင်သူ လယ်သမား ကြီးများ အတွက် အုန်းတော နှီးနှောဖလှယ်ပွဲသည် သမိုင်းမှတ်တိုင်တရပ် ဖြစ်သည့်နည်းတူ အောက် မြန်မာပြည်မှ တောင်သူဦးကြီးများအတွက် ဟင်္သာတခရိုင်၊ ဒူးယား နှီးနှောဖလှယ်ပွဲ သည်လည်း အရေးကြီးသော သမိုင်းမှတ်တိုင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com




၁၉၆၃ ခုဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၁ ရက်နေ့ထိ ဟသ်ာတခရိုင်၊ ဒုံးယား ကျေးရွာ၌ ကျင်းပသော ဆွေးနွေးပွဲသို့ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း တက်ရောက်ကာ လယ်သမား တို့၏ ရင်ဖွင့်ချက် များကို နားစိုက်ခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်သူ လယ်သမား ကိုယ်စားလှယ်ကြီးများ ကိုယ်တိုင် သဘာပတိအဖြစ်ဆောင်ရွက်လျက်ငင်းတို့၏ခံစားချက်များကို စင်မြင့်ထက်မှ ဖွင့်ဟကြသည်။ ယင်းခံစားချက်များကို မှတ်သား ခဲ့သည်။ လေ့လာ ခဲ့သည်။ အဖြေရှာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ်တို့၏ယုံကြည်ချက်

ပြည်ထောင်စု မြန်မာနိုင်ငံ၏ တိုင်းရင်းသား လုပ်သားပြည်သူများ ဖြစ်ကြကုန်သော ကျွန်ုပ်တို့သည်—

ဤကမ္ဘာ၌ လူတို့၏ အားနည်းချက်များကို အမြတ်ထုတ်၍မသိနားမလည်သော လူများစုအပေါ်တွင် စာနာမှု၊ ညှာတာ ထောက်ထားမှုစသည့် ကောင်းမြတ်သော တရားများကို မျက်ကွယ်ပြု၍ မတရားသဖြင့် ချယ်လှယ်နိုင်ကြသော ဝိသမလောဘသမားများ၏ ဝိသမစီးပွားရေး စနစ်ဆိုးများ တည်ရှိနေသရွေ့ ကာလပတ်လုံး လူသားအပေါင်းသည် လူမှုဒုက္ခများမှ မလွတ်မြောက်နိုင်ဟု အလေးအနက် ယုံကြည်သည်။ ထို့ကြောင့် ဤပြည်ထောင်စု မြန်မာနိုင်ငံတွင် လူလူချင်း မတရားချယ်လှယ်၍ မတရား စီးပွားရှာစားသော ဝိသမစနစ်များကို ချုပ်ငြိမ်းစေပြီး တရားမျှတမှုကို အခြေခံသော ဆိုရှယ်လစ် စီးပွားရေး စနစ်ကို တည်ဆောက်နိုင်မှသာလျှင် တိုင်းရင်းသားပြည်သူလူထုအပေါင်းသည် လူ့ပယောဂကြောင့်ပေါ်ပေါက်ရသောလူမှုဒုက္ခအပေါင်းမှ လွတ်မြောက်ကြလျက် ဖြောင့်မှန်စိုက်ရ တရားများ ထွန်းကားနိုင်မည့် သာယာဝပြောသော လူ့ဘောင်သစ်ကြီးသို့ ရောက်ရှိနိုင်မည်ဟု အလေးအနက် ယုံကြည်သည်။ ဤသို့ ယုံကြည်သည့်အတိုင်း ဆိုရှယ်လစ် ပန်းတိုင်သို့ မရောက်ရောက်အောင် ချီတက်ကြမည်ဟု အလေးအနက် အဓိဋ္ဌာန်ပြုသည်။

အသင်းအဖွဲ့၊ အစည်းအရုံး၊ ပါတီစသည်တို့၌ မူ၊ ဝါဒ၊ ရည်ရွယ်ချက်၊ သဘောထားများရှိကြစမြဲပင်။ ၁၉၆၄ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဤသို့ယုံ၍ဤသို့သဘောထားကြောင်း၊ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အတွေးအခေါ် မြော်မြင်ရေး သဘောတရားကို ထုတ်ပြန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ပြည်သူများပါဝင်သည့် ပြည်သူများအတွက်
ပြည်သူ့အိမ်ယာ စီမံကိန်းအကောင် အထည်
ပေါ်လျက် ရှိသည်

www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



- - - - -နေရှင် ပါလီမန် စနစ်ကို ဖျက်သိမ်းခဲ့ပြီး၊ တရားစီရင်ရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ အရင်းရှင် မြေရှင် စနစ် ဖျက်သိမ်းရေး၊ မြေယာကုန်ထုတ်မှု စနစ် မှန်ကန်ရေး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် အခြေခံ လူတန်းစား အဖွဲ့အစည်းများ ဖွဲ့စည်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဆိုရှယ်လစ် အင်အားစုများ ညီညွတ်ရေး၊ တိုင်းပြည်နယ်နိမိတ်များ သတ်မှတ်ရေး၊ လွတ်လပ်ရေးနှင့်

www.burmeseclassic.com


www.burmeseclassic.com



လူငယ်ချွန်စီမံကိန်းမှကြည့်ရှုစရာ မြင်ကွင်းများ

www.burmeseclassic.com

www.burmeseclassic.com






၁၉၆၃ ခုနှစ်၊ လှိုင်ကော်၌ ကျင်းပသော ပြည်ထောင်စုနေ့မှာ ပြည်ထောင်စုသားများ အကျိုးအတွက် လိုအပ်သော ကူညီဆောင်ရွက်မှုများပေးရန် ပြည်နယ်နှင့် ပြည်မ စီးပွား၊ ကျန်းမာ၊ ပညာရေး စသည်တို့တွင် ညီမျှသောတန်းတူအခွင့်အရေးပေးရန်အတွက် တော်လှန်ရေးကောင်စီ တက်ရောက်ပြီး ပထမဆုံး ကျင်းပသော ပြည်ထောင်စု ဆွေးနွေးပွဲတရပ်ဖြစ်သဖြင့် ထူးခြားသည်ဟုဆိုရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



မေခမလိခနှင့် ရွှေလီမြစ်ဝှမ်းမှ သွေးချင်းများသည်လည်း ဘီလူးချောင်း ဖြတ်သန်းစီးဆင်းရာ လွိုင်ကော်မြို့တော်မှ သွေးချင်းများနှင့် တွေ့ဆုံရင်းနှီးကြရသည်။





www.burmeseclassic.com

www.burmeseclassic.com




ကချင်အမျိုးသားများ၏ မနောအက
နှင့် မနောဆိုင်းသံတို့သည် ပြည်ထောင်စု
တွင် ပြန့်နှံ့ ခဲ့ပြီး တိုင်းရင်းသားလူမျိုး
ပေါင်းစုံတို့၏ချစ်ကြည်ရေးကို သရုပ်ဆောင်
သောအားဖြင့် နိုင်ငံတော်၏ ခေါင်းဆောင်
ကြီးများသည်လည်း မနောပွဲတွင် ဆင်နွှဲ
ပါဝင်ခဲ့ကြသည်။





ကယားပြည်နယ်တွင် သွေး
ချင်း သားချင်းတို့ ရင်းနှီးချစ်
ကြည် ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com






တောတောင် ရေမြေ၊ ရာသီဥတုနှင့်သဘာဝအားဖြင့် စိမ်းလန်းစိုပြေလှသောမြန်မာပြည်တွင် ဤသို့သော သစ်တောကြီးများနှင့် အဖိုးတန်ကျွန်းသစ်တို့ ပေါက်ရောက်သည့်နည်းတူ မြေအောက်သယံဇာတ ဓါတ်သတ္တု များကလည်း နေရာအနှံ့အပြားတွင်တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ ရေနံတွင်းများသည်လည်း အသစ်အသစ် တူးဖော်တွေ့ရှိခြင်းတို့ဖြင့် သုံးမကုန် ယူမခန်း။

ကမ္ဘာတွင် မြန်မာ တပြည်သာလျှင်ဟု ဂုဏ်ယူဝံ့ကြွားနိုင်သည့် ပတ္တမြားအစ၊ကျောက်မျက်ရတနာတို့ကို မိုးကုတ်ဒေသမှ ထွက်ရှိပေသည်။ ဤသို့သော သဘာဝမှ ပေးသည့် သယံဇာတ ပစ္စည်းများကို အများပြည်သူတို့သာပိုင်ဆိုင်ထိုက်သည့်အလျောက် ပြည်သူပိုင်သိမ်းဆည်းခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com







စီးပွားရေးတွင် အချက်အခြာဖြစ်သော ဘဏ်တိုက်ကြီးများနှင့် ဘဏ်လုပ်ငန်းရပ်တို့ကိုလည်း ပြည်သူ့ဘဏ်များအဖြစ် ကျူးသစ်ဖွင့်ခဲ့သည်။



www.burmeseclassic.com


www.burmeseclassic.com


မြေအောက် မြန်မာ့သတ္တုရတနာများ ယခုမှပင် ပြည်သူ့ပစ္စည်း ပြည်သူပိုင်ဆိုင်ခွင့်ရခဲ့ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com






မြန်မာ့ကြားနေရေးဝါဒသည် မှန်ကန်သည်။ တည်ကြည်သည်။ တည်ငြိမ်သည်။ မြန်မာ့မြေပေါ်တွင် အုပ်စုစစ်ပွဲအဖြစ်မခံ၊မဖြစ်ရ၊ ထို့ကြောင့် ကမ္ဘာ့သတင်း အေဂျင်စီများကို ပြည်သူပိုင်စေ၍ မြန်မာ့သတင်းစဉ်ဖြင့် ဘက်မလိုက် သတင်းများကို ထုတ်ပေးလျက်....



www.burmeseclassic.com

www.burmeseclassic.com



“ သဘောတရားသည် မီးရှူးတန်ဆောင် ” ဗဟို နိုင်ငံရေး သိပ္ပံကျောင်းကို ချော်တွင်းကုန်း၌ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



၁၉၆၃ ခု၊ ဇွန်လ ၁၁ ရက်နေ့တွင် တောတွင်း အဖွဲ့အစည်းများနှင့် မျက်နှာစုံညီ ဆွေးနွေးရန်အတွက် တော်လှန်ရေးအစိုးရက ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ကြေညာခဲ့သည်။ ဤကြေညာချက်အရ သခင်စိုးခေါင်းဆောင်သော အလံနီ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့ ရဲဘော်ဒွေး ခေါင်းဆောင်သော ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့နှင့် ကော်ကဆာ စောဟန်တာ သာမွေး ခေါင်းဆောင်သော ကော်သူးလေ ကိုယ်စားလှယ်အဖွဲ့တို့ ရန်ကုန်မြို့တွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ကော်ကဆာ စောဟန်တာသာမွေး ခေါင်းဆောင်သော ကော်သူးလေ ကိုယ်စားလှယ် အဖွဲ့နှင့် တော်လှန်ရေး အစိုးရတို့ ဆွေးနွေးခြင်းမှာ အောင်မြင်လျက် ငြိမ်းချမ်းရေး သဘောတူညီချက်ကိုရယူနိုင်ခဲ့သော်လည်း....



www.burmeseclassic.com

www.burmeseclassic.com




သခင်စိုး ခေါင်းဆောင်သည့် အလံနီကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့နှင့် ရဲဘော်ဒွေးခေါင်းဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့တို့သည် တော်လှန်ရေးကောင်စီနှင့် ဆွေးနွေးခြင်းကို ရပ်စဲလိုက်ရပြီးနောက်....


ပြည်သူတို့အား ကျောခိုင်းကာ တောတွင်းသို့ ပြန်သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com







"ဘာသာမျိုးခြား စာစကား သင်ကြားသင့်သည်မှတ်" ဟူသော ရှေးဆိုရိုး စကားရှိသည်နှင့်အညီ ကမ္ဘာ့ဗဟုသုတ အရပ်ရပ် သိပ္ပံပညာအဝဝတို့ကို ဘာသာစုံနှင့်သိရှိနား၊လည် တိုးပွားနိုင်ကြစေရန် နိုင်ငံခြားဘာသာ သင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com






တော်လှန်ရေးကောင်စီ၏ ရိုးသားစွာ ဖိတ်ခေါ်ခြင်းကို နိုင်ငံရေး အမြတ်ထုတ်ရန် အတွက်သာ သဘောထားသော တောတွင်း အင်အားစု များနှင့် ဆွေးနွေးခြင်းကို ရပ်ဆိုင်းလိုက်၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့်သာ စစ်မှန်သော ငြိမ်းချမ်းရေးကိုရယူမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ၁၉၆၃ ခု၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံရှေ့၌ စက်ရုံ အလုပ်ရုံများမှ လုပ်သားထု ၃ သိန်းကျော်တို့၏ဆန္ဒပြပွဲကြီးကိုကျင်းပခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





၁၉၆၃ ခု ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၁၉၆၄ ခု ဇန်နဝါရီလ ၂ ရက်နေ့ထိ ကျင်းပသော ပုပ္ပား ဆွေးနွေးပွဲသို့ မြင်းခြံခရိုင်၊ မြင်းခြံ၊ ညောင်ဦး၊ တောင်သာ၊ ကျောက်ပန်းတောင်း နှင့် နွားထိုးကြီးမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၁,၂၀၀ ခန့်မှ တောင်သူလယ်သမား ကိုယ်စားလှယ် ၂,၀၀၀ ကျော်နှင့် လေ့လာသူပေါင်း ၂၀,၀၀၀ ကျော်တက်ရောက်ကြသည်။ ဆွေးနွေးပွဲကျင်းပရာ ပုပ္ပားနယ်မြေသို့ ခြေလျင်တဖုံ မော်တော်ယာဉ်များနှင့် တတန့် တက်ရောက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပားဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီးအား တောင်သူလယ်သမား ကိုယ်စားလှယ်ကြီးများက လှိုက်လှဲစွာ ကြိုဆိုကြသည်။



တောင်သူ လယ်သမား ကိုယ်စားလှယ်ကြီးများက တောင်သူလယ်သမားတို့၏ ဘဝကို တခဲနက်တင်ပြဆွေးနွေးခဲ့ကာ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း ပုပ္ပားဆွေးနွေးပွဲတွင် မိန့်ခွန်းမြွက်ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





တောင်သူလယ်သမားများနှင့်တွဲလျက် အစဉ်ရှန်းကန် ခဲ့ရသည့် လယ်ယာခိုင်း နွားများ၏ ပြိုင်ပွဲ ကိုလည်း တပျော် တပါး ကျင်းပခဲ့ကြသည်။

ပုပ္ပားနယ်ထွက် ဖြိုးအောက်သည့်သီးနှံဝလံတို့ကိုလည်း ကိုယ်စီကိုယ်ငှသယ်ရွက်လာကာ ပြိုင်ကြဆိုင်ကြ ဂုဏ်ယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com




နှီးနှောဖလှယ်ပွဲအတွင်း ပြခန်းများ၊ ပြပွဲများက အသိအမြင်ကြွယ်စေသလို အမြို့အမြို့အနယ်အနယ် အရွာအရွာမှ ဆုံမိကြ ပြန်တော့ ပြောမကုန်ဆိုမကုန်နှင့်



www.burmeseclassic.com

www.burmeseclassic.com





အရှိန်ပြင်းစွာချီတက်နေသော ခေတ်ပြောင်းတော်လှန်ရေးတွင် တောင်ငူခရိုင် ခပေါင်းကျေးရွာ၌ ကျင်းပခဲ့သည့် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကြီးသည်လည်း ကြီးမားသော မှတ်တိုင်တခုပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီးအား တောင်သူလယ်သမား ကိုယ်စားလှယ်ကြီးများက ဝမ်းသာလှိုက်လှဲစွာကြိုဆိုလာစဉ် စောင့်မြှော် နေကြသည့် လူထု၏ တစိတ်တဒေသကို ဤသို့တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com





ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီးအား လယ်သမားကိုယ်စားလှယ်ကြီးများက ဆီးကြိုကြပြီး အခါတပါးက စင်မြင့်အနားသို့ပင် မကပ်ခဲ့ကြရသည့် လယ်သမားကြီးများကလည်း ရဲရင့်ပွင့်လင်းစွာ ဆွေးနွေးကြသည်သာမက....



www.burmeseclassic.com

www.burmeseclassic.com

တော်လှန်ရေးကောင်စီဝင်များနှင့်   လက်ရေတပြင်စီးထမင်းစားရင်း   တရင်းတနှီးဆွေးနွေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



Daily

# စီးပွါးရေးမှောင်ခိုသမားများ


## ပြည်သူ့ဝမ်းဝပြီးပြည်သူ့ခါးလှစေရန်အတွက်

## မှစ၍ ပြည်သူတို့ပြုံး၏

လူလူချင်းခေါင်းပုံဖြတ်ခြင်းခေတ်ဆိုး စတင်ဆိတ်သုဉ်းချိန်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





ပုဂ္ဂလိကအသွင်မှပြည်သူအသွင်သို့ ဤသို့ကူးပြောင်းနိုင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



လူလူ့ချင်းခေါင်းပုံဖြတ် အမြတ်ကြီးစားသည့် ကန်ထရိုက်စနစ်များ ဆိတ်သုဉ်းစေကာ ဆောက်လုပ်ရေး လုပ်ငန်းများတွင် မပါလျှင်မပြီးသည့် ကျောက်များကို ပြည်သူပိုင်သိမ်း၍ ပြည်သူ့ကျောက်မိုင်းအသွင်သို့ ဆောင်ခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



ကန့်ထရိုက်စနစ်များ ပျက်သုန်းခဲ့ပြီးနောက်
ပြည်သူ့သွားကြော လမ်းကောင်း လမ်းမကြီး
များအစည် ငွေကုန်သက်သာ စွာနှင့် လည်း
ထမ်းမှ ကတ္တရာလမ်းများသို့ ဤသို့..........





www.burmeseclassic.com

www.burmeseclassic.com



ဂန့်ဂေါ-အံတား ကားလမ်းဖေါက်အပြီး..........

* ကားလမ်းမှာ ဂန့်ဂေါမှ အံတားရွာအထိ ဖေါက်သည်။

www.burmeseclassic.com


www.burmeseclassic.com




ဆိုရှယ်လစ်လူ့ဘောင်သစ်တရပ် တည်ဆောက်ရာတွင် ရုပ်ဝတ္ထုနှင့် အတတ်ပညာအခြေခံ အုတ်မြစ်များ ချမှတ်ရုံမျှဖြင့် မပြည့်စုံသေး၊ အသိစိတ်ဓါတ်နှင့် အတွေးအခေါ်ပါ ပြောင်းလဲရန် လိုအပ်သည်နှင့်အညီ အနာဂတ်ကို စိုးပိုင်ကြမည့် ကျောင်းသားလူငယ်များအတွက် ၁၉၆၄ ခု၊ ဧပြီလတွင် လူရည်ချွန်စီမံကိန်းကို စတင်ပြုလုပ်ခဲ့ရာ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက လူရည်ချွန်ကလေးများအား ဤသို့အားပေးချီးမြှောက်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေလီခွေးဝါချိုင်လူရည်ချွန်စခန်းဖွင့်ပွဲကို ပညာရေးဝန်ကြီး ဗိုလ်မှူးကြီး လှဟန် ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်



အင်းလေးခေါင်တိုင်စခန်းတွင် ဖွင့်လှစ်သည့် လူရည်ချွန်အပန်းဖြေစခန်းတွင်လည်း ရှမ်းပြည်နယ်ဥက္ကဋ္ဌက ဤသို့ အဖွင့် စကား ပြောကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com







ငပလီ ရွှေဝါချိုင်စခန်း၊ အင်းလေးခေါင်တိုင်စခန်း၊ မေမြို့ ပွဲကောက်စခန်းတို့တွင် နှစ်စဉ်လိုပင်ကျောင်းသား လူရည်ချွန်များ အပန်းဖြေရာ၊ တွေ့ဆုံရင်းနှီးရာ၊ ဆိုရှယ်လစ်စိတ်ဓါတ်ကိန်းဝပ်ရာ ဘူမိနက်သန်မြေများ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေလီ ကမ်းခြေတွင် ကျောင်းသား လူရည်ချွန်များသည် အတ္တပါ ဝိဓမေဒကို လေ့လာ နေကြသကဲ့သို့....



ကျောင်းသူ လူရည်ချွန် များကလည်း ပြည်သူ့ဘဝကို လည်း လေ့လာ ဆည်းပူးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည် ကာကွယ်ရေးအတွက် လက်နက်ကြီး လက်နက်ငယ်တို့ ကိုင်တွယ် အသုံးပြုနည်း များကိုလည်း အချိန်ရလျှင် ရသလို လေ့လာသင်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ကို ပိုင်ဆိုင်ကြမည့် လူငယ်များနှင့် ပြည်မြန်မာ၏ ရှုခင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တွင် သင်္ကြန်ပွဲတော်၌ လူရည်ချွန်များ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com




စစ်ကိုင်း ရွာသစ်ကြီးသို့ ရောက်ရှိလာသော လူရည်ချွန် မောင် မယ် များအား လုပ်သား ပြည်သူ မိဘများက ဤသို့ သောင်းသောင်းဖြဖြ ဆီးကြိုနှုတ်ဆက်ကြသည်။



အနာဂတ် ကာလတွင် တိုင်းပြည်၏ခေါင်းဆောင်များဖြစ်လာကြမည့် ကျောင်းသား လူရည်ချွန်များအား တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် ဗိုလ်မှူးချုပ် စန်းယုတို့ ကိုယ်တိုင် ကြွရောက်ခြင်းဖြင့် ဂုဏ်ပြုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com





၁၉၆၄ ခု၊ အလုပ်သမားနေ့ အခမ်းအနားကို ၁၃၀၀ ပြည့်နှစ်၊ ရေနံမြေ အလုပ်သမား သပိတ်ကြီး ပေါက်ဖွားလာခဲ့သည့် ဘူမိနက်သန်မြေ ဖြစ်သော ရေနံမြေ ချောက်မြို့တွင် ထူးကဲ ခမ်းနားစွာ ကျင်းပခဲ့ရာ ရေနံမြေ အလုပ်သမားကြီး တဦးက အဖွင့်စကား ဤသို့ ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်သူလယ်သမား နိုးနှောဖလှယ်ပွဲကြီးများ နည်းတူ ဘဝတူအလုပ်သမားကြီးများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေကို ၁၉၆၄ ခု၊ မေလ ၁ ရက်နေ့တွင် ချောက်မြို့ မေဒေးနေ့၌ ပြဋ္ဌာန်း အတည်ပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၃၀၀ ပြည့်နှစ်၊ အရေးတော်ပုံတွင်ပါဝင်ခဲ့သည့် ရေနံမြေသပိတ်မှ သခင်၊ သခင်မကြီးများကိုလည်း တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးက တရင်းတနှီး တွေ့ဆုံခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



စက်ရုံ အလုပ်ရုံမှ အလုပ်သမားများ၏ ကျန်းမာရေးအတွက် ကုတင် ၂၀၀ ဆံ့သော အလုပ်သမား ဆေးရုံကြီးကို ၁၉၆၄ ခု၊ ဇူလိုင်လတွင် ဖွင့်လှစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တချိန်သော ကာလက အလျှဉ်းသင့်ရာမြေပြင်တွင် ခြစ်သလိုစားခဲ့ရသော အလုပ်သမားများအတွက်



အလုပ်သမား အပန်းဖြေ ရိပ်သာများ ဖွင့်လှစ်ကာ




သန့်ပြန့် သန့်ရှင်းစွာ စားသောက်နိုင်ကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com






ဆိုရှယ်လစ်လူ့ဘောင်သစ်နှင့်ကိုက်ညီသော တက္ကသိုလ်ပညာရေးကို အကောင်အထည်ဖော်ရန်အတွက် တပြည်လုံးရှိတက္ကသိုလ်များကို စနစ်သစ်ပညာရေးနှင့် သင်ကြားရန် စီစဉ်ခဲ့သည်၊ ဤကဲ့သို့ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ် စသည့် သီးခြားတက္ကသိုလ်များလည်း ပေါ်လာခဲ့ပေသည်။

www.burmeseclassic.com


www.burmeseclassic.com



စနစ်သစ်ပညာရေး၏အသီးအပွင့်များ ဖြစ်လာခဲ့သည့် စက်မှုတက္ကသိုလ်မှ ကျောင်းသူ၊ ကျောင်းသားများက စာတွေနှင့် လက်တွေကို ဤသို့ ဆည်းပူးလေ့လာခဲ့ကြသည်။





စနစ်သစ်ပညာရေးနှင့် အံဝင်ခွင်ကျမည့် သိပ္ပံပညာရပ်များကိုလည်း မြန်မာဘာသာဖြင့် ရိုက်နှိပ် ထုတ်ဝေကာ ပြဋ္ဌာန်းပေးခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com




တက္ကသိုလ်နှင့် အခြေခံ အထက်တန်း ကျောင်းများအတွက် သင်ကြားမှုအကူ သိပ္ပံပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



— — — ခေတ်ပြောင်း တော်လှန်ရေး ဖဆွေ့အကြုံ များကို ပြန်လည်ဆန်းစစ်ကြည့်လျှင်၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး သည်၊ သမိုင်း၏ တောင်းဆိုချက်နှင့်အညီ၊ ဤတိုတောင်းလှသည့် အချိန်အတွင်းမှာပင် ထူးထူးကဲကဲ ပြောင်းလဲခဲ့သည်ကို တွေ့ရှိ ရပေမည်။

www.burmeseclassic.com


www.burmeseclassic.com




အမျိုးသား ကာကွယ်ရေး ရည်မှန်းချက်ကို
ပြည်သူလူထု ပါဝင်သော ပြည်သူ့ စစ်ဖြင့်
ပြည်တွင်း ငြိမ်းချမ်းရေး ကို ကြိုးပမ်းခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



စနစ်သစ်ပညာရေး၏ အဖူးအပွင့်ကလေးများကို စနစ်သစ်
တက္ကသိုလ် ဖွင့်ပွဲ၌ တွေ့မြင်ရစဉ်



ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲ

www.burmeseclassic.com


www.burmeseclassic.com



---- အချုပ်အချာ အာဏာကို ကာကွယ်ရေး၊ နိုင်ငံတကာ ရေးရာတွင် တိကျ မှန်ကန်သော ကြားနေဝါဒ ကျင့်သုံးရေး၊ လက်ရှိ တပ်မတော်ကို ပြည်သူ့တပ်မတော်အဖြစ် ပြောင်းလဲရေး၊ ပြည်သူ့စစ် မဟာဗျူဟာ အကောင် အထည်ဖော်ရေး၊ ဆိုရှယ်လစ်ဒီမိုကရေစီ နိုင်ငံထူထောင်ရေးနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေရေးဆွဲရေးများကို ဆယ်နှစ်တာ ကာလ အတွင်း စွမ်းစွမ်းတမန်ဆောင်ရွက်ခဲ့၍ ထိုလုပ်ငန်းများ အနက် တော်တော် မြီးစီးပြည့်စုံသည်အထိ အကောင်အထည် ဖော်နိုင်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ ပြည်ထောင်စုနေ့ကြီးကို မန္တလေးမြို့တွင် ကျင်းပခဲ့ကာ တိုင်းရင်းသားလူမျိုးစုများ အပေါ်တွင် တော်လှန်ရေးကောင်စီ၏ ခံယူချက်သဘောထားကို အတိအလင်းကြေငြာခဲ့ ပေသည်။ ဤ ကြေငြာချက်အရ ပြည်ထောင်စုသားအားလုံးသည် ပိုမိုသွေးစည်းရင်းနှီးကာ တဦးအပေါ်တဦး သံသယဝင်ခြင်းများကို အမြီးအပိုင်ဖျက်ချေနိုင်ခဲ့လျက် ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သည့် ပင်လုံစိတ်ဓါတ်သည်လည်း အသစ်တဖန်ရှင်သန် လန်းဆန်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com






“အရေးကြီးမှ သွေးစည်းရသည်မဟုတ်” မပြတ်သောကာလ၌ တသမတ်တည်း သွေးစည်း ညီညွတ်ကာ ပြည်ထောင်စုတရပ်လုံး တပြေးတည်းသော တိုးတက်ဖွံ့ဖြိုးမှု ရှိကြစေရန်မှာ လက်တွဲညီညီ ရွှေသို့ချီစို့ဟူသော ဆောင်ပုဒ်အောက်၌ အပြေအလည် ဆွေးနွေးခဲ့ကြသည့်နည်းတူ .......

တိုင်းရင်းသူ ညီမဖေါ်တစုကလည်း အသက်ကလေး ရယ်တဲ့ ရှည်မစေလို့ မြန်နှာရေညိုသန်းတဲ့ မန်းတောင်ရိပ်ခိုဟူသော တေးသီချင်းသီဆိုရင်း မြမန်းသေလာတောင်ညိုရိပ်၌ ချစ်ကြည်ရင်းနှီးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤပြည်ထောင်စု မြေမဟီတွင် အခြေတည်ကြသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ ဖွံ့ဖြိုး တိုးတက်ရေးကိုအဆိုပြု ခဲ့သည်နှင့် အညီ လက်တွေ့ ဆောင်ရွက်ရန် အတွက် စစ်ကိုင်းခရိုင် ရွာသစ်ကြီးတွင် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ ကျောင်းကိုတည်ထောင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com





၁၉၆၅ ခု၊ တောင်သူလယ်သမားနေ့ အခမ်းအနားကို ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းတွင် ကျင်းပခဲ့သည်။



ကျိုက္ကဆံကွင်းလယ်တွင် သီးနှံကြွယ်သည့် စပါးနှံကောက်လှိုင်းစည်းအားဖြင့် လယ်သမားတို့၏လုပ်အားကိုသရုပ်ဖေါ်ထားသည်။

တောင်သူ လယ်သမားနေ့တွင် တက်ကြွစွာချီတက်လာကြသော လယ်သမားထုကြီး၏ တစိတ်တဒေသကိုတွေ့ရသည်။



www.burmeseclassic.com



သာယာဝတီ လယ်သမားအရေးတော်ပုံကြီးတွင် ဆရာစံနှင့် အတူပါဝင်ခဲ့ကြသည့် ဂဠုန်တပ်သားဟောင်းကြီးများအား တော်လှန်ရေးကောင်စီအဖွဲ့ဝင်များက တရင်းတနှီးတွေ့ဆုံကြစဉ်



ဂဠုန်တပ်သား တဦး၏ လက်ဖျံမှ ဂဠုန်ဆေးမင်ရုပ်ကို တော်လှန်ရေး ကောင်စီဥက္ကဋ္ဌ ကြီးက သေချာ စေ့စေ့စပ်စပ် ကြည့်ရှုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုရှယ်လစ် လုပ်သား — ကောင်းများ၊ ပေါ်ထွက်ရေး အတွက် စံပြလုပ်သား စီမံကိန်းကို ပေါ်ထုတ်ခဲ့သည့် စက်ရုံ အလုပ်ရုံများမှ စံပြ လုပ်သားများကို စိစစ်ရွေးချယ်ခဲ့ကာ ....



ပေလီရှေဝါချိုင် စခန်းတွင် အပန်းဖြေရန် အတွက် ရေယာဉ်တာသွယ်၊ လေယာဉ်တမျိုး ပို့ဆောင်ပေးခဲ့သည်။




အင်း လေး ခေါင် တိုင် စ ခန်း တွင် အ ပန်း ဖြေ ရန် ရောက်ရှိလာကြသော စံပြ လုပ် သား ကြီး များ ကို ရွှေ ဆောင် လုထုကလိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ပေလီရွှေဝါချိုင်စခန်းရောက် စံပြလုပ်သားကြီးများအား အလယ်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီး တင်ဦးက မိန့်ခွန်းမြွက်ကြားခဲ့သည်။

အင်းလေးရေပြင်တွင်တပျော်တပါး ရေလမ်းခရီးသွားခဲ့ကြသကဲ့သို့ ပုပ္ပါးတောင်ညိုတွင်လည်း ဒေသန္တရဗဟုသုတတိုးပွါးခဲ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com



စံပြလုပ်သားနှင့် ကြက်မောက်တောင်ဆည်


www.burmeseclassic.com

www.burmeseclassic.com









ငပလီသောင်ယံတွင် ကိုယ်ဟန်လှုပ်ရှား၍ ကျန်းမာရေးအတွက်လည်း တအားပြည့်ခဲ့သည်။

မိမိကိုယ်မှသွေးကို အခြားသူတပါး အသက်ရှင်ရေးအတွက် ပေးလှူရခြင်းသည် မြတ်သောဒါနပါပေတည်း။

အမျိုးသမီး စံပြလုပ်သားများသည်လည်း စံပြလုပ်သား အမျိုးသားများနည်းတူ အပန်းဖြေအနားယူနိုင်ခဲ့ကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




ပြည်သူလူထု၏ အသက်တို့၊ အိမ်ကို နေ့ညမလပ် ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့ရဲတပ်ဖွဲ့ကို ခေတ်နှင့် လိုက်လျောညီထွေ ရန်ပြန်လည်ဖွဲ့စည်းခဲ့သည်။

ရာဇဝတ်မှု စုံစမ်းထောက်လှမ်းရာတွင် ခေတ်မီသိပ္ပံပညာရပ်များကိုလည်း တိုးချဲ့အသုံးချရသည်



www.burmeseclassic.com


www.burmeseclassic.com








ဇာတိမာန်ထက်မျက်ကြစေရန်အတွက် မိမိတို့၏ သမိုင်းကြောင်းကို သေချာစွာ လေ့လာသိရှိရမည် ဖြစ်သောကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သမိုင်းပြတိုက်ကို ဖွင့်လှစ်ကာ မြန်မာ့နန်းစဉ်ပစ္စည်းများကို အများပြည်သူတို့ လေ့လာနိုင်ကြစေရန် ပြသထားသည်။




www.burmeseclassic.com

www.burmeseclassic.com





ဆိုရှယ်လစ်လူ့ဘောင်သစ်ကို တည်ဆောက်ရာတွင် ယင်းလူ့ဘောင်သစ်၌ တာဝန်ရှိသော ပြည်သူများအဖြစ် ဆက်ခံရမည့် သူများမှာ ယနေ့ကျောင်းသားလူငယ်များပင်ဖြစ်သည်၊ ထို့ကြောင့် အနာဂတ်၏ ပိုင်ရှင်များ ဖြစ်ကြမည့် ယနေ့ကျောင်းသား လူငယ်များအား ဗလငါးတန် ပြည့်စုံစေရန် ပြုစုပျိုးထောင်ပေးခြင်းသည်ပင် ဆိုရှယ်လစ်လူ့ဘောင်သစ်၏ အုတ်မြစ်ကိုချပေးခြင်းမည်ပေသည်၊ ယင်းကြောင့် ကျောင်းသားလူငယ်ပွဲတော်....



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




နိုင်ငံတော်ဝန်ထမ်းများကို လေ့ကျင့်ပေးရန်အတွက် ဗဟို ပြည်သူ့ဝန်ထမ်းကျောင်းကို ဖေါင်ကြီးတွင် ၁၉၆၅ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့၌ စတင်ဖွင့်လှစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း သင်တန်းသားများသည် ပြည်သူ့ဘဝနှင့် နီးစပ်စေရန်အတွက် လက်တွေ့ကွင်းဆင်းလေ့လာမှုများကိုလည်း ပြုကြရပြီးလျှင်၊ မိမိတို့၏ အတတ်ပညာဆိုင်ရာ ကဏ္ဍကိုလည်း သင်တန်းခန်းများအတွင်း၌ လေ့လာသင်ကြားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com





အယူအဆဟောင်း၊ အစွဲအလမ်းဟောင်းများကို အမြစ်မှ မကျန် တော်လှန်ရေးသည် လူမှုတော်လှန်ရေး၏ အနှစ်သာရပင် ဖြစ်သည်၊ ခေတ်အဆက်ဆက်တွင် လူ့အသိုင်းအဝန်းမှ အပယ်ခံ ဖြစ်ခဲ့ကြရသည့် ကယ်ပါ လူတန်းစားများကို ဆိုရှယ်လစ် လူ့အဖွဲ့ အစည်းတွင် အသုံးကျသည့် အလုပ်သမားအဖြစ် ထိုက်တန်ရာ နေရာပေးခဲ့သည်၊ ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေးကိုလည်း အလေးထားဆောင်ရွက်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com








မှန်လည်း မှန်ကန် ရမည်၊ မြန်လည်းမြန်ဆန်ရမည်၊ ပြည်သူလူထုအားလည်း အကျိုးပြုစေရမည် ဖြစ်သော သတင်းများကိုဖြန့်ချိရန်အတွက် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာကို တည်ထောင်ခဲ့ပြီး နောက်ပုဂ္ဂလိကပိုင်သတင်းစာအားလုံးကိုပြည်သူပိုင်သတင်းစာ့များအဖြစ် သတင်းစာလောက၏ ကဏ္ဍသစ်ကို ဖွင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com






ယခင် ယူနီလီဗါကုမ္ပဏီလီမိတက်အား ပြည်သူပိုင်သိမ်းပြီးသည့်နောက်တွင် ပြည်သူလူထုအတွက် အိမ်သုံးဆပ်ပြာအမျိုးမျိုး ကို ပိုမိုထုတ်လုပ်နိုင်စွမ်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




သာသနာပြုဆေးရုံများသည်လည်း ပြည်သူ့ဆေးရုံများဖြစ်လာကာ မိခင်နှင့် ကလေးများဆေးရုံ၊ မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းရောဂါများ အထူးကု ဆေးရုံများအဖြစ် အသွင်သစ်ကို ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကြိမ်တခါ မိုက်မှားခဲ့ကြသည်မှာ လူ့ဓမ္မတာတည်း။ သို့လျှင် မိုက်မှားခဲ့ကြခြင်းအတွက် ရာဇဝတ်အကျဉ်းသား ဖြစ်လာရသည့်အခါတွင် အပြစ်ကို နောင်တရသည့်ဖြ လုပ်အားနှင့် တိုင်းပြည် တည်ဆောက်ရေးတွင် လုပ်အားပေး ပါဝင်စေရမည်၊ လူ့ဘဝ အညွန့်တုံးမဖြစ်စေရ ဟူသည်မှာ ရဲဘက်စီမံကိန်း၏ ရည်ရွယ်ချက်ပင်ဖြစ်၏။ ရဲဘက်စခန်းများကို ဖွင့်လှစ်ကာ ပုလဲ-ဂန့်ဂေါလမ်းဖေါက်လုပ်ရေးတွင် ချွေးနှင့် ပေးဆပ်ခဲ့ကြပြီး....




www.burmeseclassic.com

www.burmeseclassic.com



ရဲဘက်များ၏နေထိုင်စားသောက်ရေး၊ ကျန်းမာရေး များကို အလေးပေးရာ၌လည်း ကိုလိုနီ ကျန်ဘဝက ထောင်များနှင့် ကွာခြားလှသည်။



တနေ့တာ လုပ်အား ပေးပြီးနောက် အားလပ်ချိန်တွင် ရဲဘက် စခန်း၌ ရဲဘက်များ ပျော်ရွှင်စွာ ကစားခုန်စားကြသည်။

www.burmeseclassic.com

www.burmeseclassic.com




ပြည်သူ့ကျန်းမာရေး၊ပြည်သူ့လူထုတရပ်လုံး ပါဝင်သော ကိုယ်လက်ကြံ့ခိုင်ရေးအတွက် ဒီဇင်ဘာလကို အားကစားလအဖြစ်သတ်မှတ်ကာ ပြည်သူတရပ်လုံး လှုပ်ရှား တက်ကြွစွာ ပါဝင်ခဲ့သည်။ ကျေးရွာကစားကွင်းများမှအစ ခေတ်မှီ အားကစားရုံများအထိ လှုပ်ရှားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






နိုင်ငံတကာကမ္ဘာ့လူငယ်များနှင့် မြန်မာလူငယ်များ ချစ်ကြည်ရင်းနှီးမှု ရှိကြစေရန်အတွက် ချစ်ကြည်ရေးခရီးစဉ်အားဖြင့် ဂျပန်လူငယ်များသည် ဆာကူရာမာရူးသင်္ဘောနှင့်ရန်ကုန်မြို့သို့ရောက်ရှိလာကြကာ မြန်မာလူငယ်များနှင့် တရင်းတနှီးတွေ့ဆုံမိတ်ဆက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့တော် စည်ပင်သာယာရေး၊ ဆက်သွယ်မှု လွယ်ကူစေရေးအတွက် ငမိုးရိပ်ချောင်းကို ဖြတ်သည့် သာကေတတံတား သစ်ကြီးကို ဖွင့်လှစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးကောင်စီသည် ပြည်ထောင်စုအတွင်းရှိ လုပ်သားပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားလူမျိုးများ အရေးတို့တွင် အမှန်ရှည်စွာ တကယ်အကျိုးထိရောက်စေမည့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် နိုင်ငံရေး ခေါင်းဆောင် ၃၃ ဦး ပါဝင်သော ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ကို ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သည်။ ပြည်တွင်း ညီညွတ်ရေး အကြံပေးအဖွဲ့သည် အစည်းအဝေးပေါင်း ၉၃ ကြိမ် ကျင်းပပြီးနောက် ၁၉၆၉ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့၏ အစီရင်ခံစာကို တော်လှန်ရေးကောင်စီသို့ တင်သွင်းခဲ့သည်၊ ယင်း အစီရင်ခံစာ မတင်သွင်းမီ အကြံပေးအဖွဲ့ဝင်တဦးဖြစ်သူ ဦးနု၏ တဦးချင်း သဘောထားကို သဘာပတိ ဗိုလ်မှူးအောင်မှ တဆင့် ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် တင်သွင်းခဲ့သည်။

သို့သော် ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့၏ တင်ပြချက်များ၊ အဆိုပြုချက်များ၊ အကြံပေးချက်များသည် လက်ရှိအခြေအနေအရပ်ရပ်ကို ဥပေက္ခာပြုရာ ကျလှခြင်းကြောင့် တော်လှန်ရေးကောင်စီ၏ စေတနာသည် အရာမထင် ရှိခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com




၁၉၆၈ ခုနှစ်၊ မေလသည် မြန်မာနိုင်ငံ အလုပ်သမား လှုပ်ရှားမှု သမိုင်းတွင် ကဏ္ဍသစ်တခု စိုက်ထူနိုင်ခဲ့သော နှစ်ထူးကြီးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




၁၉၆၄ ခုနှစ်မှ စတင်၍ အရှိန်ယူလာသော အလုပ်သမားနေ့ နှီးနှောဖလှယ်ပွဲများ၏ အကျိုးတရားသည် ပြည်သူ့ အလုပ်သမားကောင်စီအဖြစ် ထွက်ပေါ်လာနိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။




www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် တောင်သူ လယ်သမားထု တရပ်လုံးသည် ဆိုရှယ်လစ်လူ့ဘောင်သစ်သို့ချီတက်ရန် ၁၉၆၆ ခုနှစ်၊ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲမှ အစပြု၍ ဗဟိုပြည်သူ့ တောင်သူ လယ်သမားကောင်စီ ဖွဲ့စည်း ရေး ကို စိုင်းပြင်း လာခဲ့ရာ ၁၉၆၉ ခုနှစ်၊ မတ်လတွင် ဗဟိုပြည်သူ့ တောင်သူ လယ်သမားကောင်စီကိုဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




"အရိုးကိုအရွက်မဖုံးစေရ" ဟူသော ဆိုရိုးစကားအရ သိပ္ပံပညာထွန်းကားသည့် ခေတ်၌ပင်လျှင် တိုင်းရင်းမြန်မာ ဆေးပညာ အဆင့် မြင့်မားရေးအတွက် ဆွေးနွေးပွဲကြီးများဖြင့် ညှိနှိုင်းအဖြေရှာခဲ့ကြသည်။ ယင်းဆွေးနွေးပွဲများ၏ ရလဒ်သည်ကား မန္တလေးမြို့တွင် တိုင်းရင်းမြန်မာ ဆေးပညာသင်တန်းကျောင်းကြီးကို မြင်တွေ့ရပေတော့မည်။



www.burmeseclassic.com


www.burmeseclassic.com







စက်မှုလုပ်ငန်းတွင် အရေးပါအရာ ရောက်လှသော အောက်ဆီဂျင် နှင့် ဓါတ်ငွေ့ ထုတ်လုပ်ရေး စက်ရုံများ အပြင်၊ စားကုန် လုပ်ငန်း၏ တစိတ် တဒေသ ဖြစ်သော ရေခဲနှင့် ဘိလပ် ရည်စက်များသည်လည်း ပြည်သူပိုင် စက်ရုံများ ဖြစ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com








လုပ်သားပြည်သူများ၏ အားလပ်ချိန်တွင် ပျော်ရွှင်မှုအတွက် နိုင်ငံခြားရုပ်ရှင်နှင့် မြန်မာရုပ်ရှင်တို့ကို ရုံတင်ပြသသည့် ရုပ်ရှင်ရုံများ သည်လည်း မြန်မာပြည်အနှံ့ အပြားတွင် ပြည်သူပိုင်ရုပ်ရှင်ရုံများအဖြစ် ပြောင်းလဲ လာသည်။




www.burmeseclassic.com










တည်ရှိခဲ့ပြီးသည့် ပုဂ္ဂလိကစက်ရုံများသာလျှင် ပြည်သူပိုင် ပြုလုပ်ခဲ့သည်မဟုတ်၊ ဆိုရှယ်လစ် အရင်းအနှီးမြှုပ်နှံမှုတွင် စက်မှုလုပ်ငန်းကို အခြေခံခိုင်မာစွာ တည်ဆောက်ရန် လိုအပ်သည့်အလျောက်ဆွာမြို့တွင် အသစ်တည်ဆောက်သည့် အထပ်သားစက်ရုံကို ၁၉၆၉ ခု၊ အောက်တိုဘာလ ၁၇ နေ့တွင် ဖွင့်လှစ်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးရေးသည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ တည့်မတ်သော နိုင်ငံခြားရေးဝါဒဖြစ်သည်။ ဤနိုင်ငံခြားရေးဝါဒကို ရှုပ်လုံးဖေါ်ရာ၌ အားကစားပြိုင်ပွဲများသည် အဓိကကျစွာ ပါဝင်လျက်ရှိသည်။ အရှေ့တောင် အာရှနိုင်ငံများ၏ ပဉ္စမအကြိမ်မြောက် ကျွန်းဆွယ်အားကစားပွဲကို ရန်ကုန်မြို့တွင် ၁၉၆၉ ခုနှစ် ဒီဇင်ဘာလ၌ ကျင်းပခဲ့ကာ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေးကို ရှေးရှုခဲ့၏။ ဤပြိုင်ပွဲအားဖြင့် မြန်မာတို့၏ အားကစားစိတ်ဓါတ် ပြည့်ဝမှုအပြင်၊ အိမ်ရှင် နိုင်ငံအနေနှင့် ဧည့်ဝတ်ကြေပြွန်မှုကို ထင်ရှားပေါ်လွင်စေခဲ့သည်။



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




ကမ္ဘာ့စံချိန်တင်ခဲ့သည့် အလေးမချိန်ပီယံ အောင်ကြီးကဲ့သို့ ထူးချွန်သော အားကစားသမားများသည်လည်း မြန်မာ့ဂုဏ်ကို မြှင့်နိုင်ခဲ့ကြသည့်နည်းတူ စားပွဲတင်တင်းနစ်၊ ဘော်လီဘောပြိုင်ပွဲ စသည်တို့၌လည်း ကမ္ဘာနှင့် ယှဉ်နိုင်သောအဆင့်သို့ ရောက်ရှိခဲ့သည်။






www.burmeseclassic.com

www.burmeseclassic.com

ဘောလုံးသည် မြန်မာ ပရိသတ် အတွက် အားကစား လောက တွင် ထိပ်ဆုံး ပါဝင်လျက် ရှိသည်။ ပဋ္ဌမ အကြိမ်မြောက် ကျွန်းဆွယ် အားကစားပွဲ တွင် မြန်မာဘောလုံးအသင်းသည် မလေးရှားနှင့်ဗိုလ်လုပွဲ တက်ရောက် ပြီး နောက် ကျွန်းဆွယ် ချန်ပီယံ ဖြစ်လာသည်။ ကျွန်းဆွယ် ချန်ပီယံအသင်းခေါင်း ဆောင် အား ကျန်းမာရေး ဝန်ကြီး ဗိုလ်မှူးကြီး လှဟန်က ဆုဒ်ဖြင့် ဂုဏ်ပြုခဲ့၏။





www.burmeseclassic.com

www.burmeseclassic.com






၁၉၇၀-၇၁ ခုနှစ်၊ ဘောလုံး ရာသီတွင် အာရှ အိုလံပစ် ဘောလုံးပြိုင်ပွဲ၊ ပတ်ချုံးပြီး ဖလားပွဲ၊ ဂျကာတာ နှစ်ပတ်လည်ဖလားပွဲနှင့် မာဒေးကား ဖလားပွဲများတွင် ဗိုလ်စွဲခဲ့သော မြန်မာဘောလုံး သမားများအား ကျန်းမာရေးဌာနဝန်ကြီးကဂုဏ်ပြုဧည့်ခံခဲ့ရာ ဒုတိယ ဝန်ကြီးချုပ် ဗိုလ်မှူးချုပ် စန်းယု ကိုယ်တိုင် တက်ရောက်ဂုဏ်ပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုရှယ်လစ်စိတ်ဓါတ် အပြည့်ဖြင့် ပါဝင်ကြသည့် အားကစားသမားများ လေ့ကျင့် မွေးမြူရာတွင် ခေတ်မီ သိပ္ပံနည်းများဖြင့် သုတေသန ပြုကာ အားကစားသမားကောင်းများ ပေါ်ထွက်ရေးကို အဖက်ဖက်မှ အားပေး ပျိုးထောင်ခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားလူငယ်များသည် တချိန်သော ကာလတွင် တိုင်းပြည်ကာကွယ်ရေးအတွက် တပ်မတော်သားများ ဖြစ်လာရပေလိမ့်မည်။ ထို့ကြောင့် ရှေ့ဆောင်လူငယ် (ရေကြောင်း) နှင့် ရှေ့ဆောင်လူငယ် (လေကြောင်း) တို့သည် ပင်လယ်ပြင်ဆိုင်ရာ လက်တွေ့နှင့် လေယာဉ်ပျံသန်းမှု အတတ်ပညာများကို သိထားကြရပေမည်။



www.burmeseclassic.com

www.burmeseclassic.com






မလင်ါးတန်ဖိုး ဖြိုးစေရန် အတွက် ကိုယ်လက် လှုပ်ရှားမှု၊ စည်းကမ်း သေဝပ်မှု၊ အချင်းချင်း ယှိုင်းပင်း ကူညီမှုတို့ကို နွေရာသီ ကြံ့ခိုင် သင်တန်း စခန်းများဖွင့်ကာ စုပေါင်း လေ့ကျင့်ကြသည်။



www.burmeseclassic.com


www.burmeseclassic.com




တိုင်းပြည် တည်ဆောက်ရေးတွင် လုပ်သားပေး ကျောင်းသားများ ပါဝင်ကြကာ ....

www.burmeseclassic.com

www.burmeseclassic.com



"တယောက်အားနှင့် ယူသော် မရ၊ တသောင်းအားနှင့် ယူသော် ရ၏" ဟူသော စုပေါင်း လုပ်ဆောင်ခြင်း၏ ဝိသေသကို အစဉ်သတိရှိကြစေရန်အတွက် ရေမြောက်မြောင်း တူးဖေါ်ခြင်း၊ လမ်းသစ်ဖေါက်လုပ်ခြင်းတို့တွင် ကျောင်းသား လူငယ်များ၏ လုပ်အား တန်ဘိုးထိရောက်လှပေ၏။




www.burmeseclassic.com

www.burmeseclassic.com




နွေရာသီလပ်အားပေးရာတွင် အ,သုံးလုံးစီမံကိန်း၏ အစီကထွင်ပ်ရှားသူများအဖြစ် တောချွံးအုံကြား မကျန် သွားရောက်ကာ ကိုလိုနီစနစ် အမွေဆိုးကြောင့် စာမတတ်ကြရှာသည့် ကျေးရွာမှ ညီမငယ်များနှင့် ကြီးဒေါ်တို့အား စာပေမှို ချ သင်ကြားကြသည်။




www.burmeseclassic.com

www.burmeseclassic.com





ကျေးရွာအရောက် ကြက်ခြေနီ ခရီးပေါက်ခဲ့ပြီ ဖြစ်သည်။ ထောအမှုတာ ကြမ္မာဆိုး ကျရောက်လာသည့် အခါမျိုး၌ ကြက်ခြေနီ အဖွဲ့သားများသည် ဒုက္ခသည်တို့အား ကိုယ်ထိလက်ရောက် အားပေး ကူညီသမှု ပြုခဲ့ကြသည်။ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း၏ နာယကကြီးဖြစ်သော တရားရေးဝန်ကြီး ဒေါက်တာမောင်မောင်က ဤမှန်မြတ်လှသည့် ကမ္ဘာ့ကြက်ခြေနီ လုပ်ငန်းကြီးကို မြန်မာနိုင်ငံ၏ ပကတိ အခြေအနေနှင့် ကိုက်ညီစေရန် ပန်တီး ဖေါ်ထုတ်ပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com





ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ ထူးချွန်သည့် လူရည်ချွန်များကို ရွေးချယ်ကာ စံပြ အလုပ်သမား များနှင့် ကျောင်းသားလူရည်ချွန်များနည်းတူ အပန်းဖြေစခန်းများသို့ ပို့ပေးခြင်းသည်လည်း ကြက်ခြေနီ လှုပ်ရှားမှုကို ပိုမိုအောင်မြင်စေသည့် တွန်းအားတရပ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com




မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ၏ နယ်နိမိတ်များ သတ်မှတ်ရေးအတွက် "အောင်နိမိတ်" စစ်ဆင်ရေးအားဖြင့် တပ်မတော်သားများ ခဲရာခဲဆစ်ဆောင်ရွက် ခဲ့ကြသည်။ နယ်နိမိတ်သဘောတူစာချုပ်ကို ၁၉၆၇ ခု၊ မတ်လ ၁၀ ရက်နေ့တွင် မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး ကြည်မောင်နှင့် အိန္ဒိယ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် မစ္စတာ ရှရီကာန်နင်ပီလေး တို့ လက်မှတ် ရေးထိုးခဲ့ကြသည်။




www.burmeseclassic.com

www.burmeseclassic.com



နောင် တခေတ်၏ ဆောင် စစ်သည်များ ကိုလေ့ကျင့်သင်ကြား ပေးရာစစ်တက္ကသိုလ်မှ လည်း အနာဂတ်ကာ လ၏ တပ်မတော် ခေါင်းဆောင် များကို မွေးထုတ် ပေးလျက် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားသောစစ်ပွဲကို ဆင်နွှဲလျက်ရှိသည့်တပ်မတော်သည် ရှေ့တန်းစစ်မျက်နှာတွင် ရှုပ်ရှုပ် ချံချံ တိုက်ခိုက်ခဲ့သည့်ပြင် တပ်မတော် ရောက်ရာဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ကိုလည်း အဆက်မပြတ် ဆောင်ရွက် ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com




တပ်မတော် အကြီးအကဲများသည် ရွှေတန်းစစ်မျက်နှာကွပ်ကဲမှုများတွင်သာ တသမတ်တည်း အာရုံစိုက်နေရသည်မဟုတ်သေး၊ တိုင်းပြည်ထူထောင်ရေး လုပ်ငန်းများ၌လည်း ပြည်သူလူထုနှင့်အတူ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ထုပ်အား ပေးခြင်း များမှာ တပ်မတော်က ပြည်သူလူထု အပေါ် ထားရှိသည့် စေတနာကို ထင်ရှားစေသည်။



www.burmeseclassic.com

www.burmeseclassic.com





တပ်မတော် အရာရှိများမှ အစ အကြပ်တပ်သားတိုင်းသည် ပြည်သူလူထုမှ ပေါက်ဖွားလာခဲ့ကြသည့် ပြည်သူ့သားသမီးများသာ ဖြစ်သည့်အလျောက်၊ မြောင်းဖေါ်၊ လမ်းဖေါက်၊ တံတားဆောက်ရာ၌ အတူတကွချွေးသံစိုရွှဲခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com





“တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်” ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စု၏ အန္တရာယ်ကို ခြိမ်းခြောက်လာသည့် ပြည်တွင်း အဖျက်သမားများ၊ ပြည်ပကျူးကျော်သူများ အန္တရာယ်ကို ဖြိုခွင်းနေဆဲမှာပင်၊ တောင်သူလယ်သမား များ၏ လုပ်ငန်းခွင်၌ ဝင်ရောက် ကူညီကြရသည်။ နိုင်ငံခြားငွေ ရရှိစေမည့် လယ်ယာထွက်သီးနှံများ စိုက်ပျိုး ရိတ်သိမ်း ရာ၌လည်း တပ်မတော်သားများ၏ လုပ်အားကို တောင်သူ ဦးကြီးများက ဝမ်းပန်းတသာ ကြိုဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




ပြည်ပဩဇာခံ ဗကပများ ခိုအောင်းရာ ပဲခူးရိုးမ ဌာနချုပ်ကို တပ်မတော်ထိုးစစ်ဖြင့် ရိုက်ချိုးလိုက်သည်တွင် ဗကပတို့၏ ဌာနချုပ်ပြိုကွဲကာ သခင်သန်းထွန်းမှအစ ထိပ်တန်းဗကပ ခေါင်းဆောင်များ၏ နောက်ဆုံးနေ့ကို ဖြစ်စေခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com





မြစ်ဝ ကျွန်းပေါ် ဒေသတွင် အနှစ်နှစ် အလလ သက်ဆိုး ရှည်ခဲ့သည့် ရောင်စုံ သောင်းကျန်းသူ များအား ရွှေလင်းယုံ မိုးဟိန်း စစ်ဆင်ရေးများဖြင့် နှိမ်နင်းချုပ်ခေ ခဲ့ကာ ငြိမ်းချမ်းရေးကို အသာတပ်မက်စွာ လိုချင်လှသော ပြည်သူများ အားဖြင့် ပြည်သူ့စစ်ကိုဆင်နွှဲ အောင်ပွဲယူခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတို့၏ပူးပေါင်းမှုဖြစ်သော ပြည်သူ့စစ်အားဖြင့် မြစ်ဝကျွန်းပေါ် တဝှန်း ငြိမ်းချမ်းခဲ့လျက် လက်နက်ကိုင်သောင်းကျန်းသူများလည်း အစုလိုက်အပြုံလိုက်လက်နက်ချခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တာမိုးညံဆီမှ အမြောက်သံများမှာ တရားသောစစ်ကို ဆင်နွှဲနေသည့် တပ်မတော်သားတို့၏ လက်သံပြောင်ခြင်းပင်ဖြစ်၏။ ပြည်ပညြဗာခံ ဗကပတို့၏ မတရားသောကျူးကျော်စစ်ကို ခုခံကာကွယ်ရာတွင် သံလွင်မြစ်နှင့် ရှမ်းတောင်တန်းကြီးများကို သက်သေထားနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားသော စစ်ကို ဆင်နွှဲနေသည့် တပ်မတော်သားများအား ဂီတကောင်စီဝင် အဆိုကျော်များက ရှေ့တန်း စစ်မျက်နှာ အရောက် တေးသီချင်းများနှင့် သွားရောက် ဖြေဖျော်ကြကာ.......



ပြည်ချစ်အနုပညာသည်များနှင့် ပြည်ချစ် တပ်မတော်သားတို့ ဝိုင်းဖွဲ့ သီဆို ကခုန်ကြ ခြင်းဖြင့် တိုက်ပွဲဝင် တပ်မတော်သားတို့ စိတ်ဓါတ်တက်ကြွစေသည်။



စစ်မြေပြင်တွင် ဒဏ်ရာ ရခဲ့သည့် တပ်မတော်သားများအားလည်း ရှေ့တန်း စစ်ဆေးရုံများသို့ အရောက်သွားကာ အနုပညာသည်များက အားပေးသမှုပြုကြ၏။


www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဆေးရုံကြီး တိုးချဲ့ အဆောက်အဦသစ်ကို ဖွင့်လှစ်ကာ ဦးနှောက်နှင့် အာရုံကြောရောဂါများ၏အထူးကုဌာနကို ဖွင့်နိုင်ခဲ့၏။





BURMESE CLASSIC

မြန်မာပြည်တွင် အမှုထမ်းနေကြသော နိုင်ငံခြား သံရုံးများမှ သံတမန် အဖွဲ့ဝင်များအတွက် သီးသန့် ဆေးရုံကို အလုပ်သမားဆေးရုံကြီး အနီး ကန်တော်ကြီးစောင်းတွင် ဖွင့်လှစ်ပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com





သွားဘက် ဆိုင်ရာ ဘွဲ့ကို ပေးနိုင်သည့် သွားကောလိပ်ကို ဖွင့်လှစ် စေကာ သွား ရောဂါ ဝေဒနာရှင် များအား လက်တွေ့ ကုသမှုပြုရင်း သွားတု ပြုလုပ်ခြင်း ဆိုင်ရာ ပညာ ကိုလည်း ပို့ချ နိုင်ခဲ့ပေသည်။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

အထူးကုဌာနများတွင် ရေဒီယိုလှျပ်စစ်လှိုင်းမှအစ ဓါတ်ရောင်ခြည်ထိဖြစ်သော သိပ္ပံခေတ်၏ ကုထုံးများကို အသုံးချသည်။




၁- ဓါတ်ရောင်ခြည်ဌာန။

၂- အဓကြောအဘက်ဆိုင်ရာ အထူးကုဌာန။

၃-နှလုံးရောဂါခွဲစိတ်ကုသခန်း။

၄-ဦးနှောက်နှင့်အာရုံကြော အထူးကုဌာန။

၅- သွားအဘက်ဆိုင်ရာအထူးကုဌာန။

www.burmeseclassic.com

www.burmeseclassic.com

ရောဂါဖြစ်ပွါးမှုကို ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ကြောင်းများအားဖြင့် နှိမ်နင်းခဲ့၏။




၁. အနာကြီးရောဂါတိုက်ဖျက်ရေး
၂. ဘီ.စီ.ဂျီ ဖြင့်အဆုတ်ရောဂါကာကွယ်ရေး
၃. ချက်ခမ်းရောဂါကာကွယ်ကုသရေး
၄. သွေးလွန့်တုပ်ကွေးနှိမ်နင်းရေး
၅. ငှက်ဖျားရောဂါတိုက်ဖျက်ရေး။

www.burmeseclassic.com

www.burmeseclassic.com






လည်ပင်းကြီးရောဂါ သုတေသ



ဃ



ရောဂါအသီးသီးကို သုတေသနပြုကာ လုပ်သားပြည်သူတရပ်လုံး၏ ကျန်းမာမှုကိုရှေ့ရှုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com







တော်လှန်ရေးကောင်စီသည် တော်လှန်ရေး အာဏာကိုရယူပြီးသည့် ဆယ်နှစ်တာ ကာလ အတွင်း လူမှုရေး လုပ်ငန်းတွင် အရေးပါသော လုပ်ငန်းဖြစ်သည့် ပညာရေးနှင့် ကျန်းမာရေး လုပ်ငန်းများ သိသိသာသာ တိုးတက်မှု ရှိလာခဲ့ပေသည်။ ပညာရေးတွင် ဟောင်းနွမ်းဆွေးမြေ့နေသော ပညာရေး စနစ်ကို ဖျက်သိမ်းပြီး၊ အသက်မွေး ဝမ်းကျောင်းကို အထောက်အကူပြုပြီး၊ စာရိတ္တမြင့်မားမှုကို အခြေခံ၍ သိပ္ပံပညာကို ဦးစားပေးသော ပညာရေးကို တည်ဆောက်ခဲ့သည်။ ကျောင်းများကို တိုးတက် ဖွင့်လှစ်ခဲ့သည်နှင့်အမျှ ကျောင်းဆရာနှင့် ကျောင်းသား ဦးရေလည်း တိုးတက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြည်တွင်းကူးသန်းရောင်းဝယ်ရေးပမာဏ

| | | | |
|---|---|---|---|
| ၁၉၆၁-၆၂ | .... | ၃၉,၆၄,၂၀,၀၀,၀၀၀ | ကျပ် |
| ၁၉၇၀-၇၁ | .... | ၉၀,၉၃,၂၀,၀၀,၀၀၀ | ကျပ် |

www.burmeseclassic.com


www.burmeseclassic.com



ပညာရေး စနစ်သစ်ကြောင့် လန်းဆန်း လာကြ
မည့်  အနာဂတ်ပိုင်ရှင်ကလေးများ

www.burmeseclassic.com

www.burmeseclassic.com







ကျန်းမာရေးတွင်လည်း ရောဂါကုသရေးမျှသာမက ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကိုပါ တိုးချဲ့ ဆောင်ရွက်ခဲ့သည်။ ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ မိခင်နှင့် ကလေး ကျန်းမာရေးဌာနများကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဆရာဝန်နှင့် သူနာပြု ဆရာမများကိုလည်း တိုးတက် ခန့်ထားသည်။ ၁၉၆၁-၆၂ ခုနှစ်တွင် ကျန်းမာရေး အတွက် ကျပ် ၅.၄၇ ကုဋေ သုံးစွဲရာမှ ၁၉၇၀-၇၁ ခုနှစ်တွင် ကျပ် ၁၂.၆၈ ကုဋေအထိ တိုး၍ သုံးစွဲခဲ့သည်။ အမျိုးသား ကိုယ်လက် ကြံ့ခိုင်မှုနှင့်ပတ်သက်၍လည်း ၁၀ နှစ်တာ ကာလ အတွင်း မြန်မာနိုင်ငံသည် အာရှတိုက်တွင် ဘောလုံး ချန်ပီယံအဖြစ်အကြိမ်ကြိမ် သရဖူဆောင်းခဲ့ပေသည်။

ထို့ပြင် လုပ်သားပြည်သူများ၏ လူနေမှု အဆင့် အတန်းကို မြှင့်တင်ရန် အတွက် ပြည်သူ့အိမ်ယာများကို ဆောက်လုပ်ပေးခဲ့သည်။ ယင်းသို့ ဆောက်လုပ်ရာ၌ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် အလုပ်ကို တန်ဘိုးထားသောစိတ်ဓါတ်များ ပြန့်ပွါးစေရန် အိမ်ယာ အများအပြားကို လုပ်အားပေး စနစ်ဖြင့် တည်ဆောက်ခဲ့သည်။

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်အတွင်း မြန်မာ့ပရိသတ်သာမက ကမ္ဘာ့ပရိသတ်ကိုပါ
တင်ဆက်ခဲ့သော ယဉ်ကျေးမှု ကဇာတ်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



| | | ကျောင်းဦးရေ | |
|---|---|---|---|
| | | ၁၉၆၁-၆၂ | ၁၉၇၀-၇၁ |
| မူလတန်း | .... | ၁၂,၈၅၁ | ၁၅,၅၃၄ |
| အလယ်တန်း | .... | ၆၂၅ | ၁,၀၃၃ |
| အထက်တန်း | .... | ၃၀၈ | ၅၂၇ |

www.burmeseclassic.com

www.burmeseclassic.com








လူမှုဒုက္ခများမှ ကာယ်တင်ရေး အတွက် လူမှုဝန်ထမ်း လုပ်ငန်းများနှင့် လူမှုဖူလုံရေး လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက် ခဲ့သည်။ ထို့ပြင် စာပေ အနုပညာ၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများ၌လည်း အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်း၊ ထိုရှယ်လစ် စနစ် တည်ဆောက်ရေး လုပ်ငန်းများကို အထောက် အကူပြုရန် ကိုယ့်အား ကိုယ်ကိုးစနစ်ဖြင့် မိမိလုပ်အားကို အများပြည်သူ အကျိုး အတွက် ပေးရန် အားပေး စည်းရုံး ခြင်းစသည့် လူမှုရေး လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့သည်။


www.burmeseclassic.com


www.burmeseclassic.com





စစ်သုံး၊ အရပ်သုံး ဘိနပ်၊ အိပ်ရာလိပ်မှ အစ အခြား သားရေနှင့် ဆိုင်သော လူသုံးပစ္စည်းများကို အင်းတိုင်စက်ရုံမှ အလျှံမိအောင်ထုတ်လုပ်ပေးလျက်....







ကျောင်းသုံး၊ ရုံးသုံး၊ အရပ်သုံး ဖေါင်တိန်များ ကို သုံးစွဲသူများ အလျှံမိစေရန် ပိုင်းလော့ဖေါင်တိန် စက်ရုံမှ ထုတ်လုပ်ပေးလျက်ရှိသည်။

www.burmeseclassic.com


www.burmeseclassic.com



မန္တလေးဖြစ်ချက်စက်ရုံမှ ထုတ်လုပ်သော ဘီယာများသည် ကမ္ဘာ့ကုန်စည်ပြပွဲများတွင်ပင် တွင်ကျယ်ခဲ့ပေသည်။



မေမြို့ကော်ဖီစက်ရုံမှ အနံ့အရသာပြည့် ကော်ဖီမှုန့်



ရက်ရှည်ရက်တို စားသုံးနိုင်ရန် မန္တလေး စည်သွတ်စက်ရုံမှ စည်သွတ်ပစ္စည်းအမျိုးမျိုးနှင့် အခြားအခြားသော စားသောက်ကုန်များကို စားသောက်ကုန် ကော်ပိုရေးရှင်းမှ တာဝန်ယူကာ....



www.burmeseclassic.com

www.burmeseclassic.com



ကြွေထည်မြေထည်ကောင်းပိုရေရှင်း
လှိုင်ကောင်ကျောက်ပြားစက်ရုံထုတ် တာသဲလ်ကျောက်ပြား
များသည် လူကြိုက်များသော ပစ္စည်းများဖြစ်လာသည်။





ဖန်မြေမှုန်မြေ



မှုန့်ပန်းကန်စက်


သံလျှင် ဖန်ချက်စက်ရုံမှ ကုန်မာ၊ လူသုံး၊ ဆေးဝါးနှင့် အခြားအရပ်သုံး၊ ရုံးသုံးနှင့် စက်မှုလုပ်ငန်းသုံး လျှပ်စစ်ပစ္စည်း လုပ်ငန်းများအတွက် တာဝန်ယူရသည်။







www.burmeseclassic.com

www.burmeseclassic.com





ပခုက္ကူ စီးကရက်စက်ရုံသည် လည်ပတ်လျက်ရှိနေသော အခြားစီးကရက် စက်ရုံများအား အားသစ်လောင်း စီးကရက်စက်ရုံသစ်တခုအဖြစ်။



အုတ်နှင့် အုတ်ကြွတ်သည် ပြည်သူ့ အိမ်ယာအတွက် မရှိမဖြစ်သည့် ပစ္စည်းမျိုးများတွင် ပါဝင်သည်။ ထို့ကြောင့် ဒညင်းကုန်း စက်ရုံနှင့် အခြားစက်ရုံများမှ နှစ်စဉ်မှန်းခြေထက် ပိုမို ထုတ်လုပ်ပေးလျက်ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com




အကြီးစား စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းသည် အသက်အရွယ်ဖြင့် ငယ်ရွယ်သေးသော်လည်း လယ်ယာသုံး အိမ်သုံး လျှပ်စစ်ပစ္စည်း၊ ရေဒီယို၊ ဓါတ်ခဲမှအစ ကားကြီးသေးငယ်အဆုံး နှစ်စဉ်တိုး၍ တိုး၍ ထုတ်လျက်ရှိနေသည်။








www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည် ဖွံ့ဖြိုးရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးသည်။ ဤလမ်းမကြီးများပေါ်၌ လူနှင့်ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးတွင် စက်တပ်ယာဉ်များသည်လည်း ထို့အတူ အရေးကြီးလာသည်။ အကြီးစား စက်မှုလုပ်ငန်းမှ ကုန်တင်ယာဉ်ကြီးများကို ကုန်ပစ္စည်း ထုထယ်နှင့်အညီ ထုတ်လုပ်ပေးလျက် ရှိသည်။






စက်ဘီးသည် သယ်ယူ ပို့ဆောင်ရေးတွင် အခြားအခြားသော သယ်ယူပို့ဆောင်ရေး ယာဉ်များနည်းတူ တနေရာယူလျက်ရှိသည်၊ ဤအသေးစား ပို့ဆောင်ရေး ယာဉ်ကိုလည်း ထုတ်လုပ်ပေးလျက်...




www.burmeseclassic.com

www.burmeseclassic.com




ပုလိပ်ချည်စက်ရှိရာ အညာဒေသသည် ချည်ထည်များ ရက်လုပ်ရန်အသင့်တော်ဆုံး ဒေသဖြစ်သည်။ နောင်တော် မိတ္တီလာ ချည်စက်ကြီးနှင့် လက်တွဲလျက်....












စစ်ကိုင်း ရွာသစ်ကြီး ချည်မျှင် စက်ရုံသည်လည်း အညာဒေသတွင် ပေါ်ပေါက်လာမြန်သည်။ ထို့ကြောင့် အညာဒေသသည် စက်မှုဗဟို ဖြစ်ခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com






မွေးမြူရေး ဌာနက ပိုးမွေးပေးသည့်၊ စက်မှုလုပ်ငန်းက ပိုးချည်ရက်လုပ်ရေးလုပ်ငန်းဖြင့် ပိုးထည်များ ထုတ်လုပ်ပေးသည်၊ ကုန်ထုတ်ဆက်ဆံရေး နိယာမတရားကို မှန်ကန်စွာကျင့်သုံးနိုင်ခဲ့၍ မေမြို့၊ အမရပူရ၊ မန္တလေး အစရှိသော စက်မှုမြို့များမှ ပိုးထည်များ ထုတ်လုပ်ပေးလျက်ရှိသည်။

မြန်မာ့ဂုံလျှော်သည် ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်းလှလျက်ရှိသည်၊ ပြည်တွင်း ပြည်ပသုံး ဂုံလျှော်မျှင်နှင့် ရက်လုပ်ပြီး အထည်များကို နေ့ဆိုင်းညဆိုင်းထား၍ သမိုင်းဂုံလျှော်စက်မှ ထုတ်လုပ်ပေးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com




ပြည်တွင်းကုန်ကြမ်းများဖြင့်သာ ထုတ်လုပ်လျက်ရှိသော စစ်ကိုင်းတောင်း စက္ကူစက်မှ စက္ကူများသည် ကျောင်း၊ ရုံးနှင့် ပုံနှိပ်စက်များပေါ်သို့ ရောက်ရှိနေပေပြီ။

ပြည်သူ့ ကျန်းမာရေး အတွက် ဆေးဝါးကို ပြည်သူများ ပိုင်ဆိုင်သော မြန်မာ့ ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းမှ ပြည့်တင်းလျက်ရှိနေသည်။




www.burmeseclassic.com

www.burmeseclassic.com




သိပ္ပံနည်းကျ စိုက်ပျိုးခြင်းနှင့် မြေဆီဩဇာပြည့်ဖွံ့ဖြိုးရေး ပေါင်းစပ်သောအခါ လယ်ယာသီးနှံထွက်နှုန်း တိုးပေလိမ့်မည်။ လိုအပ်သည့် ဓါတ်မြေဩဇာများကို ပြည်တွင်းပြည်ပ သုံးနိုင်ရန် စလေနှင့် ကျွန်းချောင်း ဓါတ်မြေဩဇာစက်ရုံကြီးများမှ ဖြည့်တင်းပေးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com




ဆောက်လုပ်ရေးလုပ်ငန်းများတွင် သုံးမပါမပြီးချေ၊ ပြည်တွင်းထုန်ကြွမ်းများဖြင့် ထုတ်လုပ်ပေးလျက်ရှိသော သရက်ဘိလပ်မြေစက်ရုံကြီးသည် ဆောက်လုပ်ရေးလုပ်ငန်းများကို အထောက်အကူပြုလျက်ရှိသည်။



လောပိတ လျှပ်စစ်ဓါတ်အားပေး စက်ရုံကြီးသည် ချမှတ်ထားသော လျှပ်စစ်ဖြင့် လောကနိဗ္ဗာန်တည်ဆောက်မည် ဟူသော ဆောင်ပုဒ်နှင့်ညီစေရန် စက်သစ်များဖြင့် အားဖြည့်လျက် ရေဝတီတဘက်ကမ်းသို့ ကယားပြည်နယ်ဘက်မှ နယ်ဆန့်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




ခေတ်နှင့် ရင်ဘောင် တန်းနိုင်ရေးမှာ အရေးကြီးသည်၊ ခေတ်နှင့် တပြေးညီမှုလည်း အစစအရာရာတွင် အဆင်ပြေပေလိမ့်မည်၊ သို့ကြောင့် လကျ်ာ ကပ်မောင်းစနစ်ဆီ ရွှေ့ပြေး၊ တလမ်းမောင်းကို စတင်အကောင်အထည် ဖေါ်ပြီး ၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင်လကျ်ာကပ်မောင်းစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖေါ်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်နှင့် ဝန်များ အချိန်တိုတိုနှင့် သက်သာချောင်ချိစွာစီးနင်းလိုက်ပါနိုင်ရေးအတွက် မန္တလေး-ရန်ကုန်ဒွေးလမ်းကို စတင် ဆောက်လုပ်လာရာ လောမြို့အထိ မိုင်အားဖြင့် ၂၁၇ မိုင်အထိ ပေါက်လုပ်ပြီးစီးသွားပြီဖြစ်၍ဆိုရှယ်လစ်စီးပွားရေး တည်ဆောက်ရေး လုပ်ငန်းတခု ဖြစ်သော မီးရထား ပြုဆောင်ရေး လုပ်ငန်းသည် အောင်အောင်မြင်မြင် ပေါ်ပေါက်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com





တောင်ကို လမ်းဖေါက်၊ မြစ်ကိုတံတားခင်း၍ လမ်းကြီးဖြစ်လာက ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ကော်ပိုရေးရှင်းမှ လူစီးဝန်တင်၊ အငှါး ကားကလေးများသည် ထိုလမ်းမကြီးများပေါ်၌ ပြေးဆွဲလျက်....





www.burmeseclassic.com

www.burmeseclassic.com






ကုန်း၊ ရေ၊ လေ ခရီးများသည် ယခုအခါတွင် မြေကြောရှုံ့ခဲ့လေပြီ၊ ဘိုးရင်း ၇၂၇ ဂျက်လေယာဉ်ကြီးဖြင့် အင်အား ဖြည့်တင်းထားသော လေကြောင်း ပို့ဆောင်ရေး ကော်ပိုရေးရှင်းသည် ၁၉၆၂ ခုနှစ်တွင် ခရီးမိုင်ပေါင်း ၁၆,၆၅၃,၀၀၀ မှ ၁၉၇၁ ခုနှစ်တွင် ခရီးမိုင်ပေါင်း ၂၄,၄၅၆,၀၀၀ အထိ ပျံသန်းခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



ရေကြောင်း ပို့ဆောင်ရေး ကော်ပိုရေးရှင်းအောက်တွင် ရေစူး ၂ ပေမှ ပင်လယ်ကူးသင်္ဘောကြီးများအထိ ထုနှင့် ထယ်နှင့် ခရီးသည် ဝန်တင်လုပ်ငန်းများကိုပြည်တွင်း ပြည်ပခရီးစဉ်များတွင် တွင်တွင်ကျယ်ကျယ် လုပ်ကိုင် ဆောင် ရွက် လျက် ရှိသည်။ ထို့ပြင် လိုအပ်နေသည့် ရေကြောင်းလုပ်သားများကိုလည်းသက္ကဒါန်မှအစ ကုန်သွယ် ရေကြောင်း ပညာအထိ ပြည်တွင်း၌ပင်ပို့ချပေးလျက် ရှိသည်။





www.burmeseclassic.com


www.burmeseclassic.com



မြို့တော်ဝန် [illegible] ရာကို [illegible] လုပ်အားပေး [illegible] မြို့ပြင် [illegible] အတွက် မြို့သစ် [illegible] လုပ်အားပေး [illegible] သုဝဏ္ဏမြို့သစ် တည်ဆောက်ရေး၌ လက်တွေ့ဆောင်ရွက်ခဲ့ရာတွင်....



ဤသို့ သပ်ယပ်သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် စနစ်တကျ တည်ဆောက်ထားသော အိမ်ယာများ ပေါ်ပေါက်လာရသည်။



နိုင်ငံတော်ဝန်ထမ်းများ၊ စက်ရုံအလုပ်သမားများ အတွက် အိမ်ယာဆောက်လုပ်ရာတွင် လုပ်ငန်းခွင်နှင့် နီးစပ်ခြင်းအားဖြင့် သွားလာမှုပါ အဆင်ပြေစေသည်။ အလုံ သစ်တောဝင်း သစ်လုပ်ငန်းဌာန အလုပ်သမားများ၏ အိမ်ယာကို သို့ထွင် သပ်ယပ်စွာတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ကျူးကျော်ကွက်သစ်များ ဖြစ်ခဲ့လျက် တဲအိုတန်းလျားများဖြင့်သာ စခန်းသွားခဲ့ရသော ဝေဠုဝန်၊ မင်းမနိုင် စသည့် ရပ်ကွက်များတွင်လည်း ပြည်သူ့အိမ်ယာသစ်များ ခမ်းနားစွာ ပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





မိမိကိုယ်ပိုင်ငွေဖြင့် ဆောက်လိုသူများ အတွက် တန်ဘိုးနည်း အိမ်ယာများကို သော်၎င်း၊ မိမိပိုင် မြေကွက်ပေါ်တွင် ဆောက်လုပ်လိုသူများအတွက် ကိုယ်ပိုင်အိမ် ယာများကို သော်၎င်း ဆောက်လုပ်ရေး ကော်ပိုရေးရှင်းမှ တာဝန်ယူ ဆောက်လုပ် ပေးသည်။




www.burmeseclassic.com

www.burmeseclassic.com




ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ် ဒေသများသွားလာမှု လွယ်ကူစေရန် အတွက် ရန်ကုန်-ညောင်တုန်း ကားလမ်းကို စတင် ဖေါက်လုပ်ခဲ့သည်။ ဤလမ်းသည် ညောင်တုန်း-ပုသိမ် ကားလမ်း၊ ပုသိမ်-မုံရွာကားလမ်း များနှင့် ဆက်သွယ်ခြင်း အားဖြင့် အညာမြေဒေသနှင့် မြစ်ဝကျွန်းပေါ် ဒေသတို့ ဆက်သွယ် မိကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com




လမ်းသစ်များ ဖေါက်ရာတွင် ယန္တရားစက်ကြီးများအားဖြင့် လုပ်ငန်းတွင်စေခဲ့လျက် ရန်ကုန်မြို့တော်နှင့် ဆက်သွယ်သော ကားလမ်းများသာလျှင်သာမက၊ တောတောင် အထပ်ထပ်ကို ကျော်ဖြတ်ရသည့် ဂန္ဓါရကားလမ်းများတွင်လည်း ယန္တရားစက်ဖြင့် နှင်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com




တောင်တန်း ဒေသများ တိုးတက်ဖွံ့ဖြိုးမှုအတွက် ဆက်သွယ်ရေး လွယ်ကူစေရန် တည်ဆောက်ထားသည့် မြန်မာပြည် နယ်စပ်မှ တာကောတံတားနှင့် ကချင်ပြည်နယ်မှ ဖွန်အင်ခတံတား....




www.burmeseclassic.com

www.burmeseclassic.com




တံတားတည်ဆောက်မှုတွင် မြန်မာဗိသုကာ အင်ဂျင်နီယာများနှင့် ဆောက်လုပ်ရေး ကော်ပိုရေးရှင်း လုပ်သားကြီးများ
လက်စွမ်းပြလိုက်သော တနင်္သာရီတိုင်းမှ ရေးတံတားနှင့် မကွေးတိုင်းမှ ယင်းချောင်းတံတား ...




www.burmeseclassic.com

www.burmeseclassic.com




မြန်မာပြည် အရပ်ရပ်တွင် ဝန်ချီစက်ကောင်းများ လှုပ်ရှားနေကြပြီး၊ ရွှေသစ်ကြီး ချည်မျှင်စက် ဆောက်လုပ်ရာ၌ရှင်း လွန်စက်များ ထုတ်လုပ်မည့် မလွန်ထွန်စက်ရုံတို့သည်ရှင်း အမြိုင်အရှိန် ပေါ်ထွက်ခဲ့ပြီး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးရေး တက္ကသိုလ်တခု ဖြစ်လာဦးမည့် ဆောက်လုပ်ဆဲ ပျဉ်းမနား ရေဇင်းတက္ကသိုလ်နှင့် သစ်လုပ်ငန်းအတွက် စက်ယန္တရားဖြင့် စက်ရုံကြီးကို ပျဉ်းမနားဒေသတွင် သို့လျှင်တွေ့ရ၏။




www.burmeseclassic.com

www.burmeseclassic.com




ဝန်ချီစက်များ၊ ကျွဲရိုင်းစက်များ၊ လမ်းကြိတ်စက်များကို ကျွမ်းကျင်လည်စွာ မောင်းနှင် ကိုင်တွယ်နိုင်ကြစေရန်အတွက် လုပ်ငန်းတွင်သာမက ကျွမ်းကျင်မှု သင်တန်းများကို ဆောက်လုပ်ရေး ကော်ပိုရေးရှင်းမှ လုပ်သားကြီးများက တက်ရောက် သင်ကြားကြသည်။




www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားငွေ သက်သာစေရန်အတွက် အိမ်ယာ ဆောက်လုပ်ရေးသုံး ပစ္စည်းများကို ဆောက်လုပ်ရေး ကော်ပိုရေးရှင်းမှ ကာယ ဉာဏ လုပ်သားကြီးများ ကိုယ်တိုင် လုပ်ကိုင်လျက် ရှိကြပါသည်။




www.burmeseclassic.com

www.burmeseclassic.com



လုပ်သားကြီးများ အလုပ်ခွင် ဝင်ရောက် နေချိန်ကာလတွင် အိမ်ရှိ ကလေးငယ်များကို စိတ်ချရသည့်ပြင် ကျန်းမာရေး ပညာရေး တို့ကိုပါ တာဝန်ယူသည့် နေ့ကလေးထိန်း နှင့် မူကြိုဌာနများကို လူမှုဝန်ထမ်း ဝန်ကြီးဌာနမှ ဖွင့်လှစ် ပေးထားသည်။






www.burmeseclassic.com

www.burmeseclassic.com



မိဘမဲ့ကလေးများ၊ ခိုကိုးရာမဲ့ ကလေးများ၏ နောင်ရေးနှင့် အသက်မွေးမှု ပညာအတွက် လူငယ် သင်တန်းကျောင်းများ ဖွင့်လှစ်ကာ....



ဤကလေးများအား အသက်မွေးဝမ်းကျောင်း ပညာပေးရင်း စာရိတ္တကိုလည်း ပြုပြင်ပေးခြင်း အားဖြင့် ဆိုရှယ်လစ်လူ့ဘောင်သစ်တွင် ၎င်းတို့သည် ပြည်သူ့လုပ်သားများအဖြစ် အဝင် ကွင်းကျ ဖြစ်လာကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး သင်တန်းကျောင်းတွင် အိမ်တွင်းမှု ပညာ၊ စက်ချုပ်ပညာ စသည်တို့ကိုလည်း သင်ကြားပေးသည်၊ မိဘရင်းသဖွယ် စောင့်ရှောက် သင်ပြသော ဆရာမများ၏ အုပ်ချုပ်မှု အောက်တွင် သင်တန်းသူ ကလေးများ ပျော်ရွှင်စွာ ပညာ သင်ယူကြသည်။







www.burmeseclassic.com

www.burmeseclassic.com




ကိုယ်လက်အင်္ဂါမသန်မစွမ်းသူများအား ခြေတု လက်တု တပ်ဆင်ပေးခြင်းအပြင် မိမိ၏ အသက်မွေးဝမ်းကျောင်းမှုကို ပြုနိုင်ရန်အတွက် စက်ချုပ်၊ စာအုပ်ချုပ်၊ လက်သမား ပညာမှ အစ ရေဒီယို ပညာအထိ သင်ကြား ပို့ချမှုကို လူမှုဝန်ထမ်း ဝန်ကြီးဌာနမှ တာဝန်ယူပို့ချ သင်ကြားပေးခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com




ဇရာ ဒုလ္လဘ အရွယ်သည် ရှောင်ခွာထွက်ပြေး၍ ရစကောင်းသည် မဟုတ်ပေ။ အိုမင်းရင့်ရော်သည့် အရွယ်တွင် သေးပေးမီးယူ ကြည့်ရှုမည့် ကျောထောက်နောက်ခံ မရှိသော အဖိုးအဖွားများအတွက် အိုးဘွား ရိပ်သာများကို ဖွင့်လှစ် ထားရှိကာ သန့်ရှင်းသော ပတ်ဝန်းကျင်၊ ကောင်းမွန်သော အစားအသောက်၊ ကြင်နာယုယမှု ရှိသည့် ပြုစုစောင့်ရှောက်ခြင်းတို့ကို ခံယူကာ ဇရာအရွယ်များ ဘာဝနာပွားနိုင်ကြစေရန် စီမံ ပေးခြင်းသည်လည်း လူမှုဝန်ထမ်းဌာန၏ မွန်မြတ်လှသော လုပ်ငန်း တရပ်ပါပေတည်း။





www.burmeseclassic.com

www.burmeseclassic.com



၁၉၇၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက် နေ့မှစ၍ ပြည်သူ့တရားစီရင်ရေးစနစ် အကောင်အထည် ပေါ်လာ ခဲ့သည်၊ ပြည်သူတို့ရဲ့ အရေးအခင်းကို ပြည်သူတို့ ကိုယ်တိုင် ပါဝင်သောအဖွဲ့က ဥပဒေထုံးတမ်းနှင့်အညီ ညှိနှိုင်းဆုံးဖြတ်ခြင်းသည်ပြည်သူ့တရားစီရင်ရေး၏ အနှစ်သာရပင် ဖြစ်သည်၊ ပြည်သူ့တရားရုံးတွင် တရားသူကြီးသုံးဦးပါဝင်သည်၊ တရားသူကြီးများမှာ အချိန်ပြည့်အမှုထမ်း တရားသူကြီးများမဟုတ်ကြ၊ တိုင်းရင်းသား လုပ်သားပြည်သူများထဲမှရွေးချယ်၍ အလှည့်ကျတာဝန် ထမ်းကြသူများသာဖြစ်သည်၊ မြန်မာနိုင်ငံတဝှမ်းတွင် တိုင်းနှင့်ပြည်နယ် ပြည်သူ့တရားရုံးပေါင်း (အယူခံရုံး ၂၅၀) ခန့်နှင့် မြို့နယ် ပြည်သူ့ တရားရုံးပေါင်း ၂၉၆ ရုံးရှိသည်။



www.burmeseclassic.com


www.burmeseclassic.com




အရှေ့တောင်ဒေသ ဆိုင်ရာ ကျန်းမာရေး လုပ်ငန်းများ၏ (၂၄) ကြိမ်မြောက် ဆွေးနွေးပွဲကို ရန်ကုန်မြို့တွင်ကျင်းပခဲ့ခြင်းအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂမှ ကြီးမှူးသော ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ်၏ လုပ်ငန်းများတွင်လည်း မြန်မာပြည်သည် အခြား နိုင်ငံများနည်းတူ အားတက်သရောပါဝင်ခဲ့၏။



သွားရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်းနှင့်လည်ချောင်းရောဂါများကို ခံစားနေကြရသည့် ကျေးလက်တောရွာနေလူများသည် အထူးကုဆေးရုံသို့ မရောက်နိုင် ခဲ့ကြသော်လည်း အထူးကုသမားတော်များက ကျေးလက်ဒေသများသို့ အရောက်သွားကာဝေဒနာရှင်များအား ကြည့်ရှုစစ်ဆေးကုသပေးခြင်းကိုပြုကြ၏။



www.burmeseclassic.com

www.burmeseclassic.com




မြန်မာ့ဆေးသိပ္ပံ လောကတွင် ရင်ချင်းဆက်အမွှာညီအမအားပထမဆုံးခွဲစိတ်ခြင်းဖြင့် အောင်မြင်မှုကိုရရှိခဲ့သည်၊ ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပုသိမ်ခရိုင် ဘိလူးကျွန်းရွာ၌ ဆင်းရဲသော တောင်သူလယ်သမား ဇနီးမောင်နှံမှ ရင်ချင်းဆက်အမွှာညီအမကို ဖွားမြင်ခဲ့၏၊ အမွှာညီအမကို ဖွားမြင်ရာတွင် မြန်မာလမ်းဆွဲလက်သယ်တဦးက ကူညီခဲ့ပေသည်။

ယင်းအမွှာညီအမကို ရန်ကုန်ဆေးရုံကြီး၊ ကလေးဆေးရုံနှင့် တပ်မတော်စစ်ဆေးရုံတို့မှ သမားတော်ကြီးများ ညှိနှိုင်းလျက် ဆရာဝန်ကြီး ဦးစေညွန့်၊ ဆရာဝန်ကြီး ဦးထွန်းဆိုင် ထိုကြီးမှူးသောဆရာဝန်၊ဆရာမများအဖွဲ့က ဇူလိုင်လ ၇ ရက်နေ့တွင် ခွဲစိတ်ဖြတ်တောက်ခဲ့ရာ အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ပေသည်၊ သို့တစေလည်း မနန်းစံခေါ် ကလေးငယ်တဦးမှာခွဲစိတ်ပြီး ရက်အတန်ကြာမှအဖျားဝင်ကာ ဆုံးရှုံးခဲ့ရသည်၊ အသက်ရှင်ကျန်သော မနန်းစိုးလေးမှာ မြန်မာပြည်တဝှမ်းမှ လုပ်သားပြည်သူတို့၏ အချစ်တော် ကလေးဖြစ်လာလျက် မြန်မာ့ ဆေးသိပ္ပံလောက၏ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှု ဖြစ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com




စံနစ်သစ်သင်ကြားရေးတွင် အခြေအမြစ်မှအစပြုလျက် သင်ကြားပို့ချမှုစံနစ်ကို ပြုပြင်ပြောင်းလဲခဲ့သည်၊ အခြေခံပညာရေးအပါအဝင်ပညာရေးအသုံးစရိတ်မှာ ၁၉၆၁-၆၂ ခုနှစ်တွင် ၁၅.၂ ကုဋေ သုံးစွဲခဲ့ရာမှ ၁၉၇၁-၇၂ ခုနှစ်တွင် ၃၃.၉ ကုဋေ အထိတိုးတက်သုံးစွဲလာသည်။






www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသုံး စာအုပ်များကိုလည်း စနစ်သစ်ပညာရေးနှင့်ကိုက်ညီစေရန် ပြန်လည်ရေးသားပြီးနောက် အသစ်ပြဋ္ဌာန်းခဲ့သည်။



အသက်မွေးဝမ်းကျောင်းမှု ပညာရပ်များ ဦးစားပေးရမည့်အလျောက် စက်မှုပညာရပ်များ၊ လက်မှုပညာရပ်များ၊ အတတ်ပညာရပ်များကိုသင်ကြားပို့ချရန် အတွက် အသက်မွေး ဝမ်းကျောင်းမှုပညာ ဦးစီးဌာနများဖွင့်လှစ်ကာသင်ကြားပေးပေသည်။





www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ အတွက်လည်း သိပ္ပံ ကျောင်းများ တည် ထောင်ကာလက်တွေ့ လုပ် ကိုင်စေခြင်းအားဖြင့် ခေတ် မှီတိုးတက်သော စိုက်ပျိုး ရေးနှင့် မွေးမြူရေးစံနစ်များ တိုးပွားလာရသည်။





ကျောင်းသား ကျောင်း သူများအတွက် ကျောင်း သင်ကြားစာများကို မြန်မာ့ အသံ အစီအစဉ်ဖြင့်ပို့ချခြင်း အားဖြင့် ရေဒီယိုနှင့် သင်ကြား စာများကို လေ့ကျင့်မှတ်သား နိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



— သိပ္ပံခေတ်တွင်အရာရာကို ကွန်ပြူတာအားဖြင့်သာ တွက်ချက်တိုင်းထွာသည် အလျောက် ကွန်ပြူတာစက်များဖြင့်စာရင်း ဇယားတွက်ချက်သော သချာၤတွက်စက်ဌာနတခုကိုလည်း ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် ဖွင့်လှစ်ထားသည်ကိုတွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com










ကိုလိုနီပညာရေးစနစ်မှ ဆက်ခံခဲ့ရသော အမွေဆိုးမှာ မြန်မာပြည်တဝှမ်းတွင် စာမတတ်သူ ဦးရေများပြားမှုပင်ဖြစ်၏၊ ၁၉၅၃-၅၄ ခုနှစ်တွင် ကောက်ယူရရှိသော စာရင်းအရ စာမတတ်သူ ဦးရေမှာ ကျေးလက် တောရွာများတွင် ၄၂.၃ ရာနှုန်းမျှရှိခဲ့၏၊ ထိုအမွေဆိုးကိုဖယ်ရှားခြင်းသည် ဆိုရှယ်လစ်လူ့ဘောင်သို့ ချီတက်ရာခရီးဝယ် အဟန့်အတား တရပ်ကိုဖယ်ရှားရာရောက်သည့်အလျောက် 'အသုံးလုံးစီမံကိန်း' ကို အကောင်အထည်ဖေါ်ခဲ့ကာ ၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်ကို စမ်းသပ်ခရိုင်အဖြစ်ချမှတ်စမ်းသပ်ခဲ့သည်၊ မိတ္ထီလာခရိုင် ဟန်မြင့်မိုရ်ရွာတွင် ပညာရေးဝန်ကြီးက "အသုံးလုံး" ခန်းကိုစတင်ဖွင့်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com






မိတ္ထီလာခရိုင်တွင် အောင်မြင်မှုများအပေါ် အခြေပြုလျက် ၁၉၇၀ ခုနှစ်တွင် စစ်ကိုင်းခရိုင်၊ ကျောက်ဆည်ခရိုင်တို့ကို တိုးချဲ့လုပ်ရှားခဲ့သည်။ အ သုံးလုံး စီမံကိန်းသည် အမျိုးသား လှုပ်ရှားရေး အသွင်ကို ဆောင်သည့် အလျောက် တက္ကသိုလ်ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများသည် လုပ်အားပေး ဆရာများအဖြစ် တောကျေး အုံကြားမရှောင် သွားလျက် သင်ကြားပို့ချပေးကြသည်။ လယ်ထွန်ရင်း၊ နွားစာစင်းရင်း၊ ထန်းချက်ရင်း၊ ကလေးထိန်းရင်း စာပေ သင်ကြားကြသည်။




www.burmeseclassic.com


www.burmeseclassic.com





“အ သုံးလုံး” ကျေးစီမံကိန်း၏ အကျိုးကြောင့် စမ်းသပ်လှုပ်ရှားသည့်နှစ်များဖြစ်သော ၁၉၆၆ မှ ၁၉၆၈ ခုနှစ်များအတွင်းပင် လူပေါင်း ၁၆,၄၉၂ ယောက်စာတတ်မြောက်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် စစ်ကိုင်းနှင့် ကျောက်ဆည်ခရိုင်၊ ၁၉၇၂ ခုနှစ်တွင် ရွှေဘို၊ မုံရွာ၊ မြင်းခြံ၊ မကွေး၊ ရမည်းသင်းခရိုင်တို့ပြင် အောက်မြန်မာပြည်မှ ပြည်၊ ဟံသာဝတီနှင့် ဖျာပုံခရိုင်တို့ ခရိုင်လုံးကျွတ် စာတတ်မြောက်ခဲ့ကြ၏။





၁၉၇၂ ခုနှစ်ကို နိုင်ငံတကာ စာအုပ်နှစ်အဖြစ် သတ်မှတ်ခဲ့ကာ၊ ဦးဝိစာရလမ်း၊ အင်ဗိုင်းခန်းမနှင့် မန္တလေးမြို့တော်ခန်းမတို့တွင် နိုင်ငံတကာ စာအုပ်ပြပွဲကိုကျင်းပခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com




စာမတတ်သူပပျောက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းမှု၊ တမျိုးသားလုံးပါဝင် လှုပ်ရှားမှုကြောင့် ခရိုင်ပေါင်းများစွာတွင် ခရိုင်လုံးကျွတ် စာတတ်မြောက်ခဲ့ကြရာ ယင်းသို့ ကြိုးပမ်းမှုကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့မှ ချီးမြှင့်သည့် မဟာမက်ရေဇာရှားဖလာဝီဆုကို မြန်မာပြည်မှ ထိုက်တန်စွာ ရရှိခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com




မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုများ၊ တော်လှန်ရေးအစိုးရ၏ ဆောင်ရွက်မှုများကို ပြည်သူအများ အစဉ် သိရှိနေကြစေရန်အတွက် ပြန်ကြားရေးဌာနမှ ပြခန်းများ၊ အခါအားလျော်စွာ ထုတ်ဝေသော စာအုပ် စာတမ်းများကို ဖြန့်ချိပေးလျက်ရှိသည်။




www.burmeseclassic.com

www.burmeseclassic.com










အသိပညာတိုးပွားကြစေရန်အတွက် မြန်ကြားရေးဌာန ဖတ်စာဘတ်ခန်းတွင် ကလေးများအတွက်ပင် သီးသန့်စီစဉ်ထား ထားသည်၊ အမျိုးသားစာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်တို့၌လည်း ဗဟုသုတရှာမှီးနိုင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com




စာပေ ပညာရှင်များ အတွက် စာပေဗိမာန်မှနှစ်စဉ် ချီးမြှင့်သော စာပေဆုများ အပြင် အမျိုးသား စာပေဆု အတွက်လည်း ရွေးချယ် ချီး မြှင့်ခဲ့သည့်နည်းတူ.......



ရုပ်ရှင်ပညာသည်များ အတွက်လည်း သရုပ်ဆောင် သူ၊ စိစဉ် ညွှန်ကြားသူနှင့် ဇာတ်ကား ထုတ်လုပ်သူများ အတွက်ပါ အကယ်ဒမီရွှေစင် ရုပ်ဆုကို နှစ်စဉ် ရွေးချယ် ပေးခဲ့၏။



မြန်မာ့အသံမှထုတ်လွှင့် သော ဇာတ်လမ်းပမာ နား ဆင်စရာကဏ္ဍ၌ ရုပ်ရှင်သရုပ် ဆောင်သူများ ကိုယ်တိုင် ပါ ဝင် သရုပ်ဆောင်ခြင်း အား ဖြင့် ဇာတ်လမ်းကိုပိုမိုခိုင်မာ စေသည်၊ အသက် ဝင်စေ သည်။


www.burmeseclassic.com

www.burmeseclassic.com




သတင်းစာအတတ်သင်ကျောင်းကိုဖွင့်လှစ်ကာ လုပ်သားပြည်သူ တို့အား အသိဥာဏ်တိုးပွားစေမည့် သတင်းများဖြန့်ချိနည်းကိုသင်ကြားပို့ချပေးသကဲ့သို့..........

ကျေးလက်တောရွာ အစီအစဉ်ကို ထုတ်လွှင့်ရသည့် မြန်မာ့အသံကလည်း လှည်းနေ လှေအောင်း မြင်းဇောင်း တင်းကုပ်မကျန်အရောက်သွားရသည်။




ဖဟိုရုပ်ရှင်မှ ကင်မရာသည် တောင်ပေါ် မြေပြန့်အနှံ့ရောက်ချိန်၌ ကားကူးကားဆက်လုပ်ငန်းကိုလည်း နောက်ပိုင်းမှ ထုတ်လုပ်သူများအားဖြင့် ဖဟိုရုပ်ရှင် သတင်းစဉ်များကို ရိုက်တင်နိုင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ပုံသတင်းများကို ဖြန့်ချိရန်အတွက် ဓါတ်ပုံခန်းမှ ပုံပေါင်းများစွာ ကူးချဲ့ပေးစဉ်တွင်...........






သတင်းစာနှင့် ဂျာနယ်၊ မဂ္ဂဇင်းများကိုလည်း ပုံနှိပ်ထုပ်သားကြီးများက နေ့မအား ညမအား ရိုက်နှိပ်ပေးကြရသည်။

www.burmeseclassic.com

www.burmeseclassic.com




မြန်မာနိုင်ငံ၏ လယ်ယာထွက်သီးနှံများ၊ သစ်တောထွက်ပစ္စည်းများသည် နိုင်ငံခြားငွေကို ရှာဖွေရာ၌ အဓိကအားထားရသော ထွက်ကုန်များဖြစ်ပေသည်။ နှစ်ရှည်လများ စိုက်ပျိုးယူရသော ကျွန်းသစ်များမှအစ အထူးမွေးမြူယူရသည့် မိကျောင်းရေကဲ့သို့သော ပစ္စည်းများကို နိုင်ငံခြားမှ ဝယ်ယူသူများအထူးစိတ်ပါဝင်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၏ လယ်ယာထွက်သီးနှံများ၊ သစ်တောထွက်ပစ္စည်းများသည် နိုင်ငံခြားငွေကို ရှာဖွေရာ၌ အဓိကအားထားရသော ထွက်ကုန်များဖြစ်ပေသည်။ နှစ်ရှည်လများ စိုက်ပျိုးယူရသော ကျွန်းသစ်များမှအစ အထူးမွေးမြူယူရသည့် မိကျောင်းရေကဲ့သို့သော ပစ္စည်းများကို နိုင်ငံခြားမှ ဝယ်ယူသူများအထူးစိတ်ပါဝင်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com




ရာသီဥတုအားဖြင့် အစဉ်သာယာလျက်၊ ရှုကြည့်လေ့လာဘွယ် များလှသော မြန်မာပြည်အား ကမ္ဘာ့လှည့်ခရီးသည်များ အထူး စိတ်ပါဝင်စားကြသည်၊ ကုန်သွယ်ရေး (၂၀)မှ ကြီးမှူးလျက် ဟိုတယ်နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းကို ဖွင့်လှစ်ခဲ့ခြင်း အားဖြင့် နိုင်ငံခြားငွေရရှိစေသည်။






မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲကို ၁၉၇၃ ခု ဩဂုတ်လတွင် ကျင်းပသော အထူးပြပွဲ အပါအဝင် ဆယ်ကြိမ် ကျင်းပခဲ့ရာ စုစုပေါင်း ၁၂၉ သန်း ကျပ်နှင့်ညီမျှသော နိုင်ငံခြားငွေကို ရရှိခဲ့သည်၊ ကျောက်စိမ်းအရိုင်းတုံး များမှာ အတွင်ကျယ်ဆုံးဖြစ်လျက် မြန်မာ့ပုလဲသည်လည်း ကမ္ဘာတွင် နေရာမှန်ကို ရရှိလာသည်။

နိုင်ငံတကာ ကုန်စည်ပြပွဲ၌လည်း မြန်မာ့လက်ရာများကိုတင်ပြနိုင်ခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com




ဆိုရှယ်လစ် စီးပွားရေး တည်ဆောက်မှုတွင် သမဝါယမသည် ဒုတိယ မဏ္ဍိုင်ဖြစ်သည့် အလျောက် ကုန်ထုတ် သမဝါယမ၊ စားသုံးသူ သမဝါယမနှင့် ငွေစု ငွေချေး သမဝါယမတို့သည် ကုန်ထုတ်သူ၊စားသုံးသူများ၏ လူနေမှုဘဝကိုသက်သာ ချောင်ချိစေလိမ့်မည်ဖြစ်သည်။




သမဝါယမ အဝယ်ဒိုင် များသည်တောင်သူလယ်သမား တို့အား အမြတ်ကြီးစားကုန်သည် ပွဲစား တို့၏ ခေါင်းပုံဖြတ်မှုမှ ကင်းလွတ်စေမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com







၁၉၆၃ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် နိုင်ငံခြား အရင်းရှင် ကုမ္ပဏီများ လက်မှ တော်လှန်ရေး အစိုးရ လွှဲပြောင်း ယူပြီးသည့် နောက် ယနေ့ မြန်မာ့ ရေနံကောဘ်ပိုရေးရှင်းသည် အဖက်ဖက်တွင် တိုးတက်လျက် ရှိပေသည်။ ယခင်က တနေ့လျှင် ရေနံ ပေပါ ၁၁,၀၀၀ ထုတ်လုပ်ရာမှ ၂၁,၀၀၀ ထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com











ယခင်က တည်ရှိခဲ့သော ရေနံမြေများအပြင် ရေနံမြေသစ် များကို ပြည်တောင်တန်း၊ မြန်အောင်၊ မန်း၊ ရွှေပြည်သာ ဒေသများကို တွေ့ရှိ တူးဖော်နိုင်ခဲ့ သည်သာမက မုတ္တမ ပင်လယ် ကွေ့ တွင်လည်း ကမ်းလွန် ရေနံရှာဖွေ တူးဖော်ခြင်းကို မြေလှန်းသစ် တရပ် ချမှတ်နိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com





မြေအောက် သယံဇာတကို လူ့အကျိုးစီးပွားအတွက် တူးဖေါ်အသုံးပြုရာတွင် နမ္မတူ ဘော်တွင်း ဒေသရှိ မြန်မာ့ဘော်တွင်း ကော်ပိုရေးရှင်းမှ အဖိုးတန်ဘော်များကို တူးဖေါ်ရရှိသည်။ ၁၉၇၂-၇၃ ခုနှစ်တွင် သတ္တုရိုင်းတန်ချိန် ၁၇၅,၀၀၀ ထိတိုးတက်ထုတ်လုပ်နိုင်ခဲ့၏။ မြေအောက် သတ္တုတွင်းတွင် အလုပ်ဆင်းကြရသည့် အလုပ်သမားကြီးများ အလုပ်ခွင်မှ ပြန်လာကြသည်၌ နောင်တခေတ်၏ ဘော်တွင်း အလုပ်သမားလေးအား ချီပိုး သယ်မရခြင်းသည်ပင် အလုပ်သမားတို့၏ ဘဝကိုကြည်နူးစိုပြေစေသည်။



www.burmeseclassic.com

www.burmeseclassic.com






ယခင် တည်ရှိခဲ့သော သတ္တုတွင်းများအပြင် တွင်းသစ်များကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်၊ မေမြို့အနီးရှိ ရတနာသင်္ဂဇ သတ္တုတွင်းမှ သတ္တု ထုတ်လုပ်ရာတွင် အရေးပါလှသော ခနောက်စိမ်းကိုတွေ့ရှိခဲ့၏။




ထားဝယ် ခရိုင် တွင်းရှိဟိန္ဒား သတ္တုတွင်းမှ ခဲမဖြူ အမြောက်အများ ရှာဖွေ တွေ့ရှိ ထုတ်လုပ်လျက်ရှိနေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်း ဒေသများတွင် စိုက်ပျိုးရေး တိုးတက်စေရန် အတွက် တည်ဆောက်ခဲ့သည့် ဆည်များအနက် ကချင်ပြည်နယ်မှ ဝါရှောင်ဆည်ကိုရင်း ....






စက်မှု လုပ်ငန်း၏ ကျောထောက်နောက်ခံ ဖြစ်သည့် လျှပ်စစ် ဓါတ်အားကို ထုတ်လုပ်သော လောပိတ ရေအား လျှပ်စစ်ဓါတ်အားပေး စက်ရုံကို အထောက် အကူပေးသည့် မိုးဗြဲ ရေကာတာကြီး ကိုရင်း အောင်မြင်စွာ တည်ဆောက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ သစ်တောမှ အဖိုးတန် ကျွန်းသစ်များကို သစ်တောအလုပ်သမားကြီးများကတောကြီးမျက်မည်းတွင်းမှ ဆင်နှင့် တွဲလျက် ဖေါင်ဖွဲ့မျှောရန် မြစ်ကမ်းနားသို့ သယ်ယူပို့ဆောင်ပေးရသည်။





www.burmeseclassic.com

www.burmeseclassic.com



ခေတ်မမှီတော့သော ရွှေပြောင်း တောင်ယာ စနစ်နေရာတွင် လှေခါးထစ် စိုက်ပျိုးရေးကို အစားထိုးခဲ့လျက် ....



မျိုးကောင်း မျိုးသန့်များ ရရှိစေရန် တောင်ပိုင်းရှမ်းပြည် ဘန်းယဉ်မြို့တွင် ဗဟိုမျိုးသန့်ဥယျာဉ်ကိုထားရှိခဲ့သည်။



ဝါကောက်သည့် အမျိုးသမီး များက ချေးတစိုစိုနှင့်ဝါကောက်ဆဲတွင် ....




ရော်ဘာခြံတွင်းမှ အလုပ်သမမျာကလည်း ကြက်ပေါင်စေးများကိုမမော မပန်းသယ်ယူကြသည်။

www.burmeseclassic.com




ခေတ်မီ စိုက်ပျိုးရေးတွင် စိုက်ပျိုးရေး သုတေသနမှာအရေး ကြီးလှပေသည်၊ စပါးမျိုးကောင်း မျိုးသန့်များ ရရှိရေးအတွက် ဇဟို စိုက်ပျိုးရေးခြံတွင် မျိုးသန့်သီးနှံများ စိုက်ပျိုး ရွေးချယ် ရသည်။

စိုက်ပျိုးရေး သုတေသန ဗိမာန်တွင် အနုမြူရောင်ခြည်ပေး၍ မျိုးထွန်းမျိုးများ ရရှိရန်အတွက် မျိုးစေ့များကို ဂါမာရောင် ခြည်ပေးရန် ရောင်ခြည်ပေးစက်တွင် ထည့်သွင်းရသည်။



ဤကဲ့သို့ ရောင်ခြည်ပေး မျိုးထွန်းများ မွေးမြူခဲ့ရာ ပဲပုတ် တွင် ရွှေမြှိုင်ပုလဲတမျိုး၊ ဂုံလျှော်တွင် တောင (ဗြိတိသျှဂီယာနာ) တမျိုးနှင့် စပါးတွင် ရာကျော် (၂) မျိုးစသည့်အလားအလာ ကောင်းသော မျိုးထွန်းများကိုတွေ့ရှိခဲ့ပြီးဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com










စိုက်ပျိုးရေးနှင့်ယှဉ်တွဲနေသည့် မွေးမြူရေးသည် စားသောက်ကုန် ပေါများရေးတွင် ပဓါနကျလှ၏၊ အသားစား တိရစ္ဆာန်များ မွေးမြူရေး နို့စားနွား မွေးမြူရေး၊ ငါးမွေးမြူရေးတို့ကို လယ်ယာကုန်ထုတ်လုပ်ငန်းတွင် တွဲဖက်အဖြစ်သော်၎င်း၊ သီးသန့်ကုန်ထုတ်လုပ်ငန်းအဖြစ် သော်၎င်း ဆောင်ရွက်ရပေသည်။


www.burmeseclassic.com

www.burmeseclassic.com






ဆိုရှယ်လစ် လယ်ယာစိုက်ပျိုးရေးတွင် တောင်သူ လယ်ယာသည် အထွတ်အထိပ်ပင်ဖြစ်၏၊ ယင်း ရည်မှန်းချက်ကို ရရှိစေရန်အတွက် စက်မှုလယ်ယာ စီမံကိန်းကို ချမှတ်ကာ ထွန်စက်များ၊ ထွန်စက်စခန်းများကို ဖွင့်လှစ်ခဲ့၏၊ ဤခေတ်မှီ စက်များသည် မြန်မာ့ လယ်ယာမြေပေါ်တွင် မလွဲမသွေ ပေါ်ပေါက် လာမည်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ ယဉ်ကျေးမှု ဖြစ်သည့် ရှေးဟောင်းမြို့များအား တူးဖေါ် ထိန်းသိမ်းကာ သုတေသန ပြုခြင်းအပြင်၊ ရှေးဟောင်း လက်ရာများ ကိုလည်း ယဉ်ကျေးမှု အမွေအနှစ် များအဖြစ် ပြုပြင်မွမ်းမံထိန်းသိမ်းရသည်။






မြန်မာ့ ပန်းချီ လက်ရာ များကို နိုင်ငံခြားသားများ အထူး နှစ်သက်စွာ ဝယ်ယူခြင်းဖြင့် မြန်မာ့လက်ရာကို ကမ္ဘာသို့ တင်ပြနိုင်ခဲ့၏။

www.burmeseclassic.com


www.burmeseclassic.com





ပြည်တွင်းသုံး ငွေစက္ကူ ပုံနှိပ်ရေးလုပ်ငန်း၊ စက္ကူထုတ်လုပ်ရေး လုပ်ငန်းနှင့် အခြားပစ္စည်းများ ထုတ်လုပ်ရေး အတွက် ဝါဇီစီမံကိန်း အဖြစ် ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ရက် နေ့တွင် စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ဆောက်လုပ်ရေး လုပ်ငန်းများကို ၁၉၆၆-၆၇ ခုနှစ် နှင့် ၁၉၆၇-၆၈ ခုနှစ် ဘဏ္ဍာရေးနှစ်များတွင် စတင်ဆောက်လုပ်ခဲ့သည်။ ၁၉၇၀-၇၁ ခုနှစ်တွင် အဓိကစက်ရုံ အဆောက်အဦများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့သည်။ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလတွင် စက္ကူ (ငွေစက္ကူရိုက်နှိပ် ရိုးရိုးစက္ကူ) ထုတ်လုပ်ရေး စက်ရုံများ အပြီးသတ် တည်ဆောက် သွားရန် ဖြစ်သည်။

စက်ရုံသုံး ကုန်ကြမ်းများကို ပြည်တွင်း ကုန်ကြမ်း ၆၀ မှ ၈၀ ရာခိုင်နှုန်းအထိ ပါဝင်အသုံးပြုထားသည်။ ဝါဇီစီမံကိန်းစက်ရုံကို တည်ဆောက်ရာတွင် ငွေလုံးငွေရင်းပမာဏအားဖြင့် ၂၃၃ သန်း အကုန်အကျခံ၍ လိုအပ်သည့် အချိန်တွင် သတ်မှတ် ထားသည့် ဦးရေကို ထုတ်လုပ်ပေးသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com












မြန်မာနိုင်ငံ၏ လွတ်လပ်သော နိုင်ငံခြားရေး ဝါဒသည် နိုင်ငံတကာနှင့်ချစ်ကြည်ရင်းနှီးရေးတွင် အခြေခံသည့်အလျောက် ဥရောပ၊ အာရှ၊ အာဖရိက နိုင်ငံအသီးသီးမှ ခေါင်းဆောင်ကြီးများသည်၊ မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်သည့်အခါတိုင်း တော်လှန်ရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းနှင့် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံဆွေးနွေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရင်းရှင် မြေရှင် စီးပွါးရေး စနစ်ကို ဖျက်သိမ်းပြီးနောက် ဆိုရှယ်လစ် စီးပွါးရေး စနစ်ကို တဖြည်းဖြည်း အစားထိုး တည်ဆောက်လျက်ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




လယ်ယာထုတ်ကုန် တိုးတက်စေ

ရာကျော်စပါး

www.burmeseclassic.com

www.burmeseclassic.com




အရင်းရှင်စနစ် ဖျက်သိမ်းရေး ခြေလှမ်းအနေနှင့် နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းများဖြစ်သော ဘီအိုစီ(၁၉၅၄ ခု) နှင့် ဘားမား ကော်ပိုရေးရှင်း (၁၉၅၁) လီမိတက်များကိုအပြီးအပိုင် ဝယ်ယူ၍ ပြည်သူပိုင် ဖြစ်စေခဲ့သည်။ ထို့နောက်နိုင်ငံ၏ စီးပွါးရေးကို ချယ်လှယ်နေကြသည့် နိုင်ငံခြားနှင့် တိုင်းရင်းသား အရင်းရှင်ကြီးများပိုင် ဘဏ် လုပ်ငန်း ၃၁ ခုကို ၁၉၆၃ ခု၊ ဖေဖေါ်ဝါရီလ ၂၃ ရက်နေ့တွင်၎င်း၊ အခြား ပုဂ္ဂလိကပိုင်များဖြစ်သော စီးကရက်လုပ်ငန်းများ၊ ပုလဲလုပ်ငန်းများ၊ မြန်မာနိုင်ငံ စီးပွါးရေး ကော်ပိုရေးရှင်း၊ စစ်ပက်ကုန်စည် ဖြန့်ဖြူးရေးနှင့် ဇယားဝင်ကုမ္ပဏီများကို ဆက်လက် ပြည်သူပိုင် ပြုလုပ်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် စက်ရုံ အလုပ်ရုံ ၁၆၈ ခု၊ သစ်စက် ၄၉ ခုနှင့် ၁၉၆၉ ခုနှစ်တွင် စီးပွါးရေးလုပ်ငန်း ၂၄ ခု ကို ပြည်သူပိုင်စေခဲ့သည်။ ထို့အပြင်၊ သွင်းကုန် ပို့ကုန် လိုင်စင်လုပ်ငန်းများနှင့် အေဂျင်စီများကိုလည်း နိုင်ငံပိုင် ပြုလုပ်ခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com



တဦးချင်းမှ စုပေါင်းခြင်းသည်သာ အကျိုးပွါးရာဟူသော
အသိဖြင့် စုပေါင်းထွန်ယက်ပွဲများ မြန်မာပြည် အနှံ့.

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၁ ခု ဇွန်လအတွင်း ထုတ်ပေးခဲ့သော အမတော်ကြေး၊
အမတော်ကြေးသစ်   ၈၉,၂၈,၀၆,၀၀၀ ကျပ်

www.burmeseclassic.com


www.burmeseclassic.com



ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်စွာ ကိုင်တွယ်နေစဉ် ဆိုရှယ်လစ်စီးပွားရေးစနစ်၏ ဒုတိယမဏ္ဍိုင်ဖြစ်သော သမဝါယမကဏ္ဍကိုလည်း မူဝါဒသစ် ချမှတ်၍ သမဝါယမအသင်းများကို ပြန်လည်ဖွဲ့စည်းပေးခဲ့ရာ၊ သမဝါယမ အသင်းပေါင်း ၁၃,၂၇၉ သင်းကို ပြန်လည်ဖွဲ့နိုင်ခဲ့သည့်အပြင် စီးပွားရေး လုပ်ငန်းသစ်များဖြစ်သော ကမ္ဘာ့ကုန်စည် ပြပွဲများတွင် မြန်မာ့ ကုန်များ ပါဝင်ပြသခြင်း၊ ကျောက်မျက်ရတနာများ ခင်းကျင်းပြသ ရောင်းချခြင်း၊ ကမ္ဘာလှည့်ခရီးသည်များ မြန်မာပြည်တွင်း ခရီးသွားလာရေး လုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။



www.burmeseclassic.com



ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံတော်၏ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရသည့် တပ်မတော်သည် တော်လှန်ရေးသတိ အစဉ်ရှိရပေသည်။ ပြည်တွင်း ပြည်ပ အဖျက်သမားတို့၏ ခြေလှမ်းကို နေ့ည မလပ် စောင့်ကြပ် ကြည့်ရှုရသည်။ နိုင်ငံတော် အာဏာကို အဓမ္မနည်းဖြင့် လုပ်ကြံရန် ကြိုးပမ်းနေသူများသည် ယင်းတို့၏ အဖျက်ဝါဒ လူသတ်လမ်းစဉ်ကို နယ်စပ် ဒေသများမှ အခြေခံလျက် ပြည်သူ လူထု၏ အသက်အိုးအိမ်ကိုခြိမ်းခြောက်လျက်ရှိသည်။ သို့တစေလည်း တပ်မတော်၏ လက်ဦးမှု ပြည်သူ လူထု၏ ပူးပေါင်း ကူညီမှုကြောင့် အောင်ပွဲများ ဆက်တိုက် ရရှိခဲ့သည်။

ဇော်ပိုင် စစ်ဆင်ရေးတွင် ပြည်ပြေး အဖျက်သမားတို့ထံမှ သိမ်းဆည်း ရမိသော လူသတ် လက်နက်များကို ကြည့်ခြင်း အားဖြင့် ၎င်းတို့၏ ပက်စက်သော အကြံကို သိနိုင်ပေသည်။





www.burmeseclassic.com

www.burmeseclassic.com



၁၉၆၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှ ၁၂ ရက်နေ့ထိ မင်္ဂလာဒုံ ဗဟို နိုင်ငံရေး သိပ္ပံကျောင်းတွင် ပြုလုပ် ကျင်းပခဲ့သော စတုတ္ထ အကြိမ် လမ်းစဉ်ပါတီ၊ ပါတီနှီးနှော ဖလှယ်ပွဲတွင် လမ်းစဉ် ပါတီ၊ ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း ၏ အဖွင့်မိန့်ခွန်းတွင် "တော်လှန်ရေးကောင်စီဟာ မလွှဲသာလို့သာ နိုင်ငံတော် အာဏာကို ထိန်းသိမ်းခဲ့ရတယ်၊ တကယ်တော့ ဒီအာဏာကို ပိုင်တဲ့ မူလ ပိုင်ရှင် အစစ်ဖြစ်တဲ့ ပြည်သူလူထုကို ပြန်အပ်ရမယ်" ဟု ထည့်သွင်း မိန့်ကြားခဲ့သည်၊ ထို့ပြင် စတုတ္ထ အကြိမ် ပါတီ နှီးနှော ဖလှယ်ပွဲမှ ပြည်သူ့ ပါတီအဖြစ် ကူးပြောင်းဖွဲ့စည်းရေးနှင့် နိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ အသစ် ရေးဆွဲရေး ဟူ၍ အဓိက တာဝန် နှစ်ရပ် ချမှတ်ခဲ့သည်။

ချမှတ်ပေးအပ်သော တာဝန်အရ အမြုတေပါတီမှ ပြည်သူ့ပါတီ အဖြစ်သို့ ကူးပြောင်း နိုင်ရန် အတွက် ဗဟို ကော်မီတီ အထွေထွေ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယု ဥက္ကဋ္ဌ အဖြစ် ဦးဆောင်သော အဖွဲ့ဝင် ၆၄ ဦး ပါဝင်သည့် ပထမ အကြိမ်ပါတီ ညီလာခံ ကျင်းပရေး ကော်မီရှင်ကို ၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





အမြုတေပါတီမှ ပြည်သူ့ပါတီသို့ ကူးပြောင်း တည်ဆောက်ခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးရှိ တိုင်းရင်းသား လုပ်သား ပြည်သူ ထောင်ပေါင်းများစွာက လှိုက်လှိုက် လှဲလှဲ ကြိုဆို ထောက်ခံခဲ့ကြသည်။




www.burmeseclassic.com


www.burmeseclassic.com






ပါတီကလပ်စည်း၊ ပါတီစိတ် စသည့် ပါတီ အောက်ခြေ အဖွဲ့အစည်းများ၏ မျက်နှာ စုံညီ အစည်းအဝေးများနှင့် ရွေးချယ် တင်မြှောက်ပွဲများကို ၁၉၇၁ ခုနှစ်၊ ဇန္နဝါရီလ ၅ ရက် နေ့မှစ၍ စတင် ကျင်းပခဲ့၍






www.burmeseclassic.com

www.burmeseclassic.com





ပါတီ ယူနစ် မျက်နှာစုံညီ အစည်းအဝေးများကို မတ်လ ၁၃ ရက်နေ့တွင် စတင် ကျင်းပ၍ ပါတီ ယူနစ် အမှုဆောင် ကော်မီတီများ၊ ပါတီ ညီလာခံ ကိုယ်စားလှယ်များကို ရွေးချယ် ခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com



၁၉၇၁ ခုနှစ်၊ ဇွန်လ ၂၈ ရက် ဗဟိုနိုင်ငံရေး သိပ္ပံကျောင်းဝင်းအတွင်း ပါတီညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ရဲဘော်ထွန်းလင်းက ပါတီ ညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များနှင့် အရန် ကိုယ်စားလှယ် များ၏ စာရင်းကို တင်ပြပြီးနောက် အစည်း အဝေး ထမြောက် အောင်မြင်ကြောင်း ကျေညာ လိုက်သည်တွင်

ပြည်သူ့ပါတီ ရုပ်လုံးပေါ်ခဲ့လေပြီ။




www.burmeseclassic.com

www.burmeseclassic.com



ပါတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း၏ မိန့်ခွန်းမှ အဓိက အချက်ကြီး သုံးချက်မှာ ။

* သိပ်သည်း ကျစ်လစ်ခိုင်မာတဲ့ ပါတီဖြစ်မြောက်ရေး။


* တိုင်းရင်းသား လူမျိုးများ စည်းလုံးညီညွတ်ရေး။

* ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေး။



www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ် ပါတီညီလာခံ၏

ဒသမမြောက် နေ့၌ ပါတီလုပ်ငန်း စိစစ်ရေး ကော်မီတီဝင် ၁၅ ဦး နှင့် အရန် ၅ ဦး၊ စုစုပေါင်း ၂၀ ဦး တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

၎င်းနေ့၌ပင် ဗဟို အလုပ်အမှုဆောင် ကော်မီတီဝင် ၁၀ ဦးနှင့် အရန် ၄ ဦး၊ စုစုပေါင်း ၁၄ ဦး ဖြင့် ဖွဲ့စည်းခဲ့သည်။

ဧကဒသမမြောက်နေ့၌ ပါတီ စည်းကမ်း ထိန်းသိမ်းရေး ကော်မီတီဝင် ၁၁ ဦး နှင့် အရန် ၄ ဦး၊ စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

ဒွါဒသမမြောက် နေ့၌ အတွင်းရေးမှူး အဖွဲ့ကို၎င်း၊ ဗဟို လုပ်ငန်းအဖွဲ့အစည်း ဌာနမှူးများကို၎င်း၊ ဗဟိုရေးရာ ကော်မီတီဝင် ၇၄ ဦးဖြင့် ဗဟိုရေးရာ ကော်မီတီကို၎င်း၊ တော်လှန်ရေး ကောင်စီကို အဖွဲ့ဝင် ၁၅ ဦးဖြင့်၎င်း ဖွဲ့စည်းခဲ့သည်။

www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






ပြည်သူ့ပါတီ ကူးပြောင်းဖွဲ့စည်းပြီးနောက် ထိပ်တန်းကော်မီတီဝင်များကိုပါတီအတွင်းဒီမိုကရေစီအရ လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးကောက် တင်မြှောက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပထမ အကြိမ် ပါတီ ဗဟို ကော်မီတီ အစည်းအဝေးကို ဗဟို ကော်မီတီဝင် ၁၅၀ နှင့်အရန် ဗဟို ကော်မီတီဝင် ၅၀ တို့တက်ရောက်၍ တာဝန် ခွဲဝေမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရွေးချယ် ညှိနှိုင်းခဲ့ကြသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ၉ နှစ် ပြည့် မြောက်သော ဇူလိုင်လ ၄ ရက်နေ့တွင် ပထမ အကြိမ် ပါတီ ညီလာခံသို့ တက်ရောက် လာကြသော ပါတီ ကိုယ်စားလှယ်များကကြွေးကြော်သံများဖြင့်အမိဋ္ဌာန် ပြုခဲ့ကြသည်။




www.burmeseclassic.com

www.burmeseclassic.com





ပထမအကြိမ် ပါတီညီလာခံကြီး၏ ဧွ လုပ်ငန်းစဉ် ဆုံးဖြတ်ချက် အမှတ် ၂ အရ လူထု လူတန်းစား အဖွဲ့အစည်းများကို ဆိုရှယ်လစ် ဒီမိုကရေစီ အဆောက် အအုံနှင့် လျော်ညီစွာ ဖွဲ့စည်းရေးသည် ဆုံးဖြတ်ချက် တခုဖြစ်လာရသည်။ သို့နှင့် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ အရန်အင်အားကြီး အဖြစ် လမ်းစဉ် လူငယ် စည်းရုံးရေး ဗဟို ကော်မိတီကို ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက် နေ့တွင် ဖွဲ့စည်းခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com




ပထမအကြိမ် ပါတီညီလာခံကြီး၏ ရှေ့လုပ်ငန်းများတွင် အခန်း တခန်းဖြစ်သော ဆိုရှယ်လစ်ဒီမိုကရေစီ အဆောက် အအုံနှင့် လိုက်လျော ညီထွေ ရှိစေမည့် အုပ်ချုပ်ရေး ယန္တရားကို ပြုပြင် ဖွဲ့စည်းရန် ဟူသော အခန်းတွင် အတွင်းဝန်များရုံးကိုရုပ်သိမ်း၍ အတွင်းဝန်များ ရုံးရှိ ဌာနစိတ် များကို အစိုးရ၏ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း စေရန်ဟု ပါရှိခဲ့သည်။

ယင်းကြောင့် ဗျူရိုကရေစီ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းများကို ၁၉၇၂ ခုနှစ်၊ မတ်လတွင် ချုပ်ငြိမ်း စေခဲ့ပြီး ဆိုရှယ်လစ် ဒီမိုကရေစီ အဆောက်အအုံနှင့် လိုက်လျော ညီထွေ ရှိမည့် အုပ်ချုပ်ရေး စနစ်သစ်ကို အကောင် အထည် ဖော်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၁ ခု၊အောက်တိုဘာလ ၁၄ ရက်နေ့ နံနက် ၉း၀၀ နာရီတွင် ကမ္ဘာ့ဇရိပ်သာ၌ ဗိုလ်ချုပ်ကြီး စန်းယု ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ သစ် (မူကြမ်း) ရေးဆွဲရေး ကော်မီရှင်၏ ပထမ အကြိမ် အစည်းအဝေး ကျင်းပပြီးနောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အသစ် (မူကြမ်း) ရေးဆွဲရေးအတွက် တနိုင်ငံလုံးရှိ လုပ်သား ပြည်သူတို့ထံမှ ဆန္ဒနှင့် သဘောထား တောင်းခံရန် အဖွဲ့ခွဲ ၁၅ ဖွဲ့ ခွဲ၍ ဆန္ဒသဘော ထားများ တောင်းခံခဲ့သည်၊ ကော်မီရှင်သည် ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ တောင်းခံ သွားမည် ဖြစ်သည်။

ပြည်သူများ ထံတောင်းခံခဲ့သည့် ဆန္ဒသဘောထားများဖြင့် ရေးဆွဲခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အသစ် (ပထမ မူကြမ်း) သည် ပြည်သူများထံသို့ လေ့လာ သုံးသပ် ပြင်ဆင် နိုင်ရန် ၁၉၇၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် တင်ပြနိုင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com





ပြည်သူများ၏ ဆန္ဒသဘောထားများနှင့်အညီ ပြုပြင် ပြင်ဆင်၍ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ် (ဒုတိယမူကြမ်း) ကို ၁၉၇၃ ခု၊ ဧပြီလ ၂၀ ရက်နေ့မှစ၍၊ အခြေခံ ဥပဒေ အသစ် ရေးဆွဲရေးကော်မီရှင်က တင်ပြ နိုင်ခဲ့သည်၊ ထိုမှ တဆင့်တတိယ မူကြမ်းသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲသို့ ၁၉၇၃ ခု၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရောက် ရှိပေတော့မည်။



www.burmeseclassic.com


www.burmeseclassic.com








သန်းခေါင်စာရင်း ကောက်ယူရခြင်းမှာ မြန်မာနိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး လုပ်ငန်းများ အတွက် အရေးပါလှသည်။ ထို့ထက်မြန်မာ နိုင်ငံ၏ သေရေး ရှင်ရေး တမျှ အရေးကြီးလှသည့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ် အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူရန် လူဦးရေ စာရင်း ဧယား အတိ အကျ ရရှိရေးသည် ပို၍ပင် အရေးကြီးလှသည်။ ထို့ကြောင့် တိကျမှန်ကန်သော လူဦးရေ စာရင်း ရရှိရေးအတွက် ၁၉၇၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၅ ရက်နေ့အထိ ပြည်လုံးကျွတ် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်း ကောက်ယူရေးတွင် ပါဝင် ခဲ့ကြသည့် လူငယ် ကျောင်းသားများ၏ အင်အားသည် သန်းခေါင် စာရင်း အောင်မြင်ရေး၏ အဓိကမောင်းနှင်အား ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com









ရန်ကုန်တိုင်း ဒေသပါတီကော်မီတီ နယ်မြေအတွင်းရှိ မြို့နယ် ၃၅ မြို့နယ်ရှိ ပါတီယူနစ်များ၏ မျက်နှာစုံညီအစည်းအဝေးများကို ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ တတိယပတ်မှ စတင်ကျင်းပခဲ့ရာ ကျောက်တံတားမြို့နယ် ပါတီယူနစ် တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေး (အထက်ပုံ) တွင်လည်း အခြားအခြားသော မြို့နယ်မျက်နှာစုံညီအစည်းအဝေးများကဲ့သို့ပင် ပါတီယူနစ်ကော်မီတီ၏ စည်းရုံးရေး အစီရင်ခံစာ၊ စီးပွားရေး အစီရင်ခံစာ၊ ဗဟိုနိုင်ငံရေး အစီရင်ခံစာ၊ ပါတီလုပ်ငန်း စစ်ဆေးရေး အစီရင်ခံစာများကို တင်သွင်းခြင်း၊ ဝေဖန်သုံးသပ်ဆွေးနွေးခြင်းများပြုခဲ့၏။ ယင်းအစည်းအဝေးမှပင် ဒုတိယ အကြိမ် ပါတီညီလာခံသို့တက်ရောက်ရန်ကိုယ်စားလှယ်များ ကိုလည်း ဆိုရှယ်လစ်ဒီမိုကရေစီကိုအခြေခံ၍ ရွေးချယ်ကြပြီး (အလယ်ပုံ) အစည်းအဝေးကို ကြွေးကြော်သံများနှင့်အောင်မြင်စွာ ရုပ်သိမ်းလိုက်သည် (အောက်ပုံ)။

www.burmeseclassic.com

www.burmeseclassic.com




၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးပြည်လုံးကျွတ် ဆန္ဒခံယူပုံ ဆိုင်ရာဥပဒေကို တော်လှန်ရေးကောင်စီက ပြဋ္ဌာန်း လိုက်ပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ကိုလည်း ထိုလ ၁၆ ရက်နေ့၌ ဖွဲ့စည်း ပေးခဲ့ရာ ၃၀ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် အစည်းအဝေး၌ ကော်မရှင်ဥက္ကဋ္ဌ ဦးဒိန်ရတန် မိန့်ခွန်း ပြောကြား လျက် (အပေါ်ပုံ) ကော်မရှင် အတွင်းရေးမှူး ဦးဇော်ပေက ဆန္ဒခံယူပွဲဆိုင်ရာ သုပ်ငန်းရပ်များကို ရှင်းလင်း တင်ပြစဉ် (အလယ်ပုံ) နှင့် ကော်မရှင်အဖွဲ့ဝင်များက ပြန်လည် ဆွေးနွေးစဉ် (အောက်ပုံ)၊






www.burmeseclassic.com

www.burmeseclassic.com




နိုင်ငံတော်၏ အနာဂတ်ရေးအတွက် အဖက်ဖက်မှမူများချမှတ်မည့် ဒုတိယအကြိမ် ပါတီညီလာခံကြီးကို ကြိုဆိုသောအားဖြင့် လုပ်သားပြည်သူတရပ်လုံးအား တပ်လှန့်နှိုးဆော်သည့် ဆိုင်းဘုတ်ကြီးများကို တောရွာမြို့ပါမကျန် စိုက်ထူလျက်....




www.burmeseclassic.com

www.burmeseclassic.com






မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဒုတိယအကြိမ် ပါတီညီလာခံကို ဗဟိုနိုင်ငံရေးတက္ကသိုလ်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ နံနက် ၈ နာရီမှစတင်ကျင်းပရာ အခမ်းအနားမှူး ရဲဘော် ထွန်းလင်းက ညီလာခံဖွင့်လှစ်ကြောင်း ကြေညာစဉ် (အပေါ်ဝဲ) နှင့် အလုပ်ကျသဘာပတိ ရဲဘော် စောဘာနီက သဘာပတိမိန့်ခွန်း ပြောကြားစဉ် (အပေါ်ယာ) နှင့် ညီလာခံသို့ တက်ရောက်ရန် ကိုယ်စားလှယ်ပေါင်း ၁,၅၁၀ ဦး ရှိသည့်အနက် ၁,၄၉၆ ဦး တက်ရောက်သောကြောင့် ပါတီညီလာခံ ကိုယ်စားလှယ်အင်အား၏ ၉၉.၇ ရာခိုင်နှုန်းတက်ရောက်ကြသည်ကို တွေ့ရစဉ် (အောက်)။



www.burmeseclassic.com

www.burmeseclassic.com


ဒုတိယအကြိမ် ပါတီညီလာခံ ပထမနေ့တွင် ဗဟိုကော်မီတီဥက္ကဋ္ဌ ဦးနေဝင်းက မြန်မာ့စီးပွားရေး၏ နှစ်တိုနှစ်ရှည် စီမံကိန်းများ၊ ကုန်ထုတ်လုပ်ငန်း အခြေအနေများ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် ငွေရေးကြေးရေး အခြေအနေများကို အလေးအနက်ထား၍ မိန့်ကြားစဉ်..............................



www.burmeseclassic.com

www.burmeseclassic.com





မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်း၊ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယုနှင့် ပါတီလုပ်ငန်းစီစစ်ရေးကော်မီတီ ဥက္ကဋ္ဌ ရဲဘော်စိန်ဝင်းတို့ မော်ကွန်းတင် လက်မှတ်များ ရေးထိုးကြစဉ်.....................................




www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီ လုပ်ငန်းစီစစ်ရေး ကော်မီတီဝင် ၁၅ ဦးနှင့် အရန်ကော်မီတီဝင်ငါးဦးတို့ကို လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ် တင်မြှောက်ကြရန် မဲဆန္ဒလွှာတွင် အမည် စာရင်းများ ရေးသွင်းကြပြီး (အပေါ်) သတ်မှတ် ထားသော မဲရုံ ၁၃ ရုံတွင် ဆန္ဒမဲပေးစဉ် (အောက်)..................



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ပါတီညီလာခံ ကိုယ်စားလှယ်
အသီးသီးတို့ လျှို့ဝှက်ဆန္ဒမဲများ ပေးကြစဉ်.... .. ..





www.burmeseclassic.com

www.burmeseclassic.com





ဒုတိယအကြိမ် ပါတီ ညီလာခံကြီးမှ တညီ တညွတ်တည်း ရွေးချယ် တင်မြှောက်ခြင်းခံရသော ဗဟိုကော်မီတီဝင် ၁၅၀ ဦး၊ အရန် ဗဟိုကော်မီတီဝင် ၅၀ ဦးနှင့် ပါတီလုပ်ငန်း စီစစ်ရေး ကော်မီတီဝင် ၁၅ ဦး၊ အရန်ကော်မီတီဝင် ၅ ဦးတို့သည် ညီလာခံ နဝမနေ့၌ ကတိသစ္စာ ပြုကြစဉ်.........................................

www.burmeseclassic.com


www.burmeseclassic.com



ဗဟိုနိုင်ငံရေးတက္ကသိုလ် ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဒုတိယ အကြိမ် ပါတီညီလာခံ နောက်ဆုံးနေ့၌ ပါတီဥက္ကဋ္ဌ ဦးနေဝင်း တက်ရောက် မိန့်ခွန်းပြောကြားပြီး……………………………

www.burmeseclassic.com

www.burmeseclassic.com



ညီလာခံကြီးကို ကြွေးကြော်သံများဖြင့် ဤသို့ရုပ်သိမ်းခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com




အောက်တိုဘာလ ၂၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ကမ္ဘာအေးကုန်းမြေရှိအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော ၁၉၇၃ ခု ပထမ အကြိမ်မြောက်လူငယ်နှီးနှောဖလှယ်ပွဲသို့ တိုင်းနှင့်ပြည်နယ်ဒေသပါတီကော်မီတီ (၁၄) ခုမှ လူငယ်ကိုယ်စားလှယ် ၁၂၃၉ ဦး တက်ရောက်ခဲ့သည်။ နှီးနှောဖလှယ်ပွဲ အဖွင့်မိန့်ခွန်း အနေနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီအထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယု တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။





အောက်တိုဘာလ ၃၁ ရက်နေ့ ညနေပိုင်း အောင်ဆန်း ကစားပွဲကွင်းတွင် ၁၉၇၃ ခုနှစ် လူငယ်ထုအစည်းဝေးပွဲကြီးကိုရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း (၂၆) ခုမှ လူငယ်စုစုပေါင်းတသိန်းခန့် အဖွဲ့ (၁၄) ဖွဲ့ခွဲကာ မြန်မာ့သူရဲကောင်းများ၏အမည်နာမ စစ်ကြောင်းများဖြင့် ခြိမ့်ခြိမ့်သဲသဲ စုရုံးတက်ရောက်လာကြပြီး ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အောင်မြင်ရေးနှင့် အဖျက်သမား ချေမှုန်းရေးတွင် လူငယ်များတက်ကြွစွာ ပါဝင်ရေးများကို တခဲနက် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ခေတ်ပြောင်းတော်လှန်ရေးခရီး၏ သမိုင်းမှတ်တိုင်များ

၂၃-၆၂ အဖက်ဖက်မှ ယိုယွင်းလျက်ရှိသော တိုင်းပြည်၏အခြေအနေများကို ထိန်းသိမ်းနိုင်ရန် တော်လှန်ရေးကောင်စီသည် တိုင်းပြည်၏အာဏာကို သိမ်းပိုက်ခဲ့သည်။

〃 ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် ယနေ့နံနက်ပိုင်းမှစ၍ အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

〃 တော်လှန်ရေးကောင်စီသည် နိုင်ငံတကာ ဆက်သွယ်ရေးနှင့် ပတ်သက်၍ ကျင့်သုံးမည့် နိုင်ငံခြားရေးဝါဒကို ထုတ်ပြန်ကြေညာသည်။

၃-၃-၆၂ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်ကို ဖျက်သိမ်းလိုက်သည်။

၁၅-၃-၆၂ ရန်ကုန်မြို့၊ အလံပြဘုရားလမ်း၊ ဒဂုံရိပ်သာ၌ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက မြင်းပြိုင်ကွင်းရှိ အသင်းများကိုဖိတ်ကြားပြီး မြင်းပွဲပိတ်ရန် စတင်ဆွေးနွေးသည်။

၁-၄-၆၂ တော်လှန်ရေးကောင်စီသည် တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့ကို ဖျက်သိမ်းပြီး ၎င်းတို့နေရာတွင် နိုင်ငံတော်တရားရုံးချုပ်ကို ဖွဲ့စည်းလိုက်သည်။

၃၀-၄-၆၂ (၁၁)ကြိမ်မြောက် တပ်မတော် ညီလာခံကို တပ်မတော် (ရေ)ရတနာပုံစခန်း၌ကျင်းပ၍ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက တော်လှန်ရေးကောင်စီ၏ဝါဒသဘောထားကို တပ်မှူးများသို့ တင်ပြရာ တပ်မှူးများ အားလုံးက အတည်ပြုသည်။

〃 တော်လှန်ရေးကောင်စီသည် မိမိ၏ဝါဒသဘောထားကို ထုတ်ပြန်ကြေညာသည်။ တမျိုးသားလုံးအတွက် အခြေခံ နိုင်ငံရေး လမ်းစဉ်ကြီးဖြစ်သော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို စတင်ချမှတ်သည်။

၇-၅-၆၂ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးသည် ဖ-ဆ-ပ-လ၊ ပထစနှင့် ပ-မ-ည-တ အမှုဆောင်များနှင့် ဒဂုံရိပ်သာတွင် တဖွဲ့ချင်းတွေ့ဆုံပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ဝါဒသဘောထား ကြေညာချက်ကို ရှင်းလင်းပြသည်။

၁၄-၅-၆၂ တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၃၁ အရ ပုဂ္ဂိုလ် ၁၂ ဦးပါဝင်သော တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းသည်။

၄-၇-၆၂ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ဖွဲ့စည်းတည်ထောင်သည်။

၆-၇-၆၂ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် တော်လှန်ရေးကောင်စီဝင်များသာ ပါဝင်သည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ထိပ်တန်း ကော်မီတီနှစ်ရပ်ဖြစ်သော ပါတီ စည်းကမ်းထိန်းသိမ်းရေး ကော်မီတီနှင့် ပါတီစည်းရုံးရေး ဗဟိုကော်မီတီတို့ကို ဖွဲ့စည်းလိုက်သည်။

၂-၁၀-၆၂ တနိုင်ငံလုံးသို့ လျှပ်စစ်ဓါတ်အား တိုးချဲ့ပေးနိုင်ရေးအတွက် လျှပ်စစ်ဓါတ်အားပေး စက်ရုံကြီး တည်ဆောက်ရန်နှင့် ကယားပြည်နယ် မိုးဗြဲအရပ်ဒေသတွင် ကျပ်ငွေ ၆,၅၀,၀၀,၀၀၀ အကုန်ခံပြီး မိုးဗြဲဆည် တည်ဆောက် ပေးရန် ဆုံးဖြတ်ချက်ကို တိုင်းပြည်သို့ကြေညာသည်။

၁၅-၁၀-၆၂ အအေးခန်း ၂၅၀ ပါဝင်သည့် ကျပ်ငွေ ၂၆၅'၁၅ သိန်းတန် အင်းယားလိပ်ဟော်တယ်ကို ဖွင့်လှစ်ခဲ့သည်။ နိုင်ငံခြား ခရီးသည်များ တည်းခိုရန်အတွက်သာမက ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရာနေရာအဖြစ်၎င်း၊ အခြားအစည်းအဝေးများ ကျင်းပရန် နေရာအဖြစ်၎င်း အသုံးပြုခဲ့သည်။

၃၀-၁၂-၆၂ စစ်ကိုင်းခရိုင်၊ အုန်းတောရွာတွင် တောင်သူလယ်သမားများ ရင်ဖွင့်ဆွေးနွေးပွဲကြီး ကျင်းပသည်။

၁-၁-၆၃ အဆိုပါအုန်းတော ဆွေးနွေးပွဲကြီးတွင်တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း မိန့်ခွန်းပြောကြားသည်။

〃 ဘီ-အို-စီ၊ အင်ဒိုဘားမား ဓါတ်ဆီကုမ္ပဏီများကို တော်လှန်ရေးအစိုးရက လွှဲပြောင်းယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

၉-၁-၆၃ ပထမအကြိမ် ကုန်သွယ်ရေးကြောင်း သင်တန်းကျောင်းကို ဒု-ဦးစီးချုပ်(ရေ) ဗိုလ်မှူးချုပ် သောင်းတင်က ဆိပ်ကြီးတွင် ဖွင့်လှစ်ပေးသည်။

၁၇-၁-၆၃ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အတွေးအခေါ် မြော်မြင်မှု သဘောတရားကို တော်လှန်ရေးကောင်စီက အတည်ပြုကြောင်း ပါတီဗဟိုစည်းရုံးရေးကော်မီတီ အတွင်းရေးမှူးက ကြေညာသည်။

၂၀-၁-၆၃ ပါတီဝင် အသီးသီးတို့၏ လိုက်နာဆောင်ရွက်ရမည့် ပါတီစည်းကမ်း ဥပဒေကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ပြဋ္ဌာန်း အတည်ပြုလိုက်သည်။

၂၁-၁-၆၃ ၁၉၆၃၊ ခုအမျှားနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၃၀-၁-၆၃ ဟင်္သာတခရိုင်၊ ဒူးယားရွာ၌ တောင်သူလယ်သမား ဆွေးနွေးပွဲကို ကျင်းပသည်။

၃၁-၁-၆၃ ဟင်္သာတခရိုင်၊ဒူးယားရွာ၌ကျင်းပသော တောင်သူလယ်သမား ဆွေးနွေးပွဲတွင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း မိန့်ခွန်းပြောကြားသည်။

၁၂-၂-၆၃ လှိုင်ကော်မြို့တွင် ကျင်းပသည့်(၁၆)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ဗိုလ်ချုပ်ကြီး နေဝင်း တက်ရောက်ပြီး မိန့်ခွန်းပြောကြားသည်။

၂၃-၂-၆၃ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ပုဂ္ဂလိကပိုင်ဘဏ်များနှင့် နိုင်ငံခြား ဘဏ်အားလုံး၏ လုပ်ငန်းများကို နိုင်ငံပိုင်အဖြစ် ပြုလုပ်လိုက်သည်။

၂၄-၃-၆၃ ထိုင်းနိုင်ငံအစိုးရနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီတို့၏ ထိပ်တန်းကိုယ်စားလှယ်အဖွဲ့များ ဆွေးနွေးပွဲမှ နယ်နိမိတ်သတ်မှတ်ရေး သဘောတူညီမှုနှင့် ပူးပေါင်း ဆောင်ရွက်ရေးနှင့် ပတ်သက်သည့် ပူးတွဲ ကြေညာချက်တရပ်ကို ဘန်ကောက်မြို့တွင် ထုတ်ပြန်ကြေညာသည်။

၂၅-၃-၆၃ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေနှင့် ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေများကို ပြဋ္ဌာန်းသည်။

၁-၄-၆၃ နိုင်ငံတဝှမ်းလုံးတွင် ပျက်စီးယိုယွင်းလာခဲ့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအမျိုးမျိုးတို့ကြောင့် ရာဇဝတ်ပြစ်မှု တခုခုကိုကျူးလွန်ခဲ့မိသူတို့အား နောင်တ တရားရရှိကာ စိတ်သစ်လူသစ်ဖြင့် ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲနိုင်စေရန်၎င်း၊ ပြည်ထောင်စု တခုလုံး၏ စည်းလုံးမှု အင်အားကို ပြန်လည်တည်ဆောက်သော ကြိုးပမ်းမှုတရပ်အနေဖြင့်၎င်း တော်လှန်ရေးကောင်စီသည် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၅-၄-၆၃ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် လွတ်မည့် ရန်ကုန် ဗဟိုထောင်ကြီးမှ အကျဉ်းသမားများအား ဗိုလ်ချုပ်ကြီး နေဝင်းက အကြံပေးစကား ပြောကြားသည်။

၈-၄-၆၃ ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေး ဘုတ်အဖွဲ့က ရန်ကုန်-ဘန်ကောက်ဖနွမ်းပင်-ရန်ကုန် ခရီးစဉ်များကို တိုးချဲ့စတင်ပျံသန်းသည်။

၁၇-၄-၆၃ တော်လှန်ရေးကောင်စီက တောင်သူ လယ်သမားများနှင့် လယ်ယာလုပ်သားကြီးများသို့ နှစ်သစ်ကူးလက်ဆောင်အဖြစ် ကုဋေ ၇၀ ထုတ်ချေးလိုက်သည်။

၃၀-၄-၆၃ တော်လှန်ရေးအစိုးရက အလုပ်သမား ရေးရာနှင့်ပတ်သက်သော သဘောထားကို ထုတ်ပြန်ကြေညာလိုက်သည်။

၈-၅-၆၃ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်မှ မြေယာမဲ့ တောင်သူလယ်သမားများအား အမရ သမဝါယမကျေးရွာ ပေးအပ်ပွဲ အခမ်းအနားတွင် မိန့်ခွန်းစကားပြောကြားသည်။

၁၀-၅-၆၃ ရန်ကုန် တက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့် တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃ နှင့် မန္တလေး တက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့် တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄ ကို ပြဋ္ဌာန်းသည်။



www.burmeseclassic.com

၁၆-၅-၆၃ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထနတ်ခိုမန် ဦးဆောင်သော အဖွဲ့ဝင် ၇ ဦးပါ ထိုင်းကိုယ်စားလှယ်အဖွဲ့တဖွဲ့၊ မြန်မာအာဏာပိုင်များနှင့် ထိုင်း-မြန်မာ နယ်နိမိတ်ဆွေးနွေးရန် ရန်ကုန်မြို့သို့ရောက်ရှိသည်။

၁၉-၅-၆၃ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထနတ်ခိုမန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးသီဟန်တို့လက်မှတ်ရေးထိုးသည့် ထိုင်း-မြန်မာ နယ်နိမိတ် ပူးတွဲကြေညာချက်တစောင်ထုတ်ပြန်သည်။

၂၁-၅-၆၃ ကွန်မြူနစ်ပါတီမှ ထိပ်တန်းခေါင်းဆောင် ၃ ဦးဖြစ်သော ဗိုလ် ရဲထွန်း၊ ဗိုလ် စိန်တင် နှင့် ဗိုလ် ရဲမောင်တို့ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းထံသို့ လက်နက်ချသည်။

၃၁-၅-၆၃ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုစည်းရုံးရေးကော်မီတီက ပါတီဝင် ၂ ဦး ထောက်ခံချက်မပါဘဲ ပါတီဝင်အဖြစ် အရပ်သားများပါ လျှောက်ထားနိုင်ကြောင်း ကြေညာသည်။

၆-၆-၆၃ မြန်မာပြည်ရှိ ပုဂ္ဂလိက သတင်းဌာနများကို လွှဲပြောင်းယူရန် မြန်မာ့သတင်းစဉ်ရုံးကို အစိုးရက ဖွင့်လှစ်သည်။

၁၁-၆-၆၃ တောတွင်းအဖွဲ့အစည်းများနှင့် မျက်နှာစုံညီ ဆွေးနွေးရန်အလို့ငှာ တော်လှန်ရေး အစိုးရက ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို ကြေညာခဲ့သည်။ ဆွေးနွေးအပြီးတွင် လုံခြုံစွာ သွားလာနိုင်ရေးအတွက် ဖမ်းဆီးခြင်းတိုက်ခိုက်ခြင်းများ ပြုမည်မဟုတ်ကြောင်း ကမ်းလှမ်းခဲ့သည်။

၁၁-၆-၆၃ တော်လှန်ရေး အစိုးရက သူပုန်ခေါင်းဆောင်များအပေါ် ထုတ်ပြန်ထားသော ဆုတော်ငွေများကို ရုပ်သိမ်းကြောင်း ကြေညာသည်။

၁၄-၆-၆၃ အင်္ဂလိပ်ဘားမား သတ္တုတွင်း ကုမ္ပဏီကို တော်လှန်ရေးကောင်စီက ပြည်သူပိုင်ပြုလုပ်သည်။

၂၆-၆-၆၃ တော်လှန်ရေးကောင်စီက အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်သက်တမ်းကို တိုးမြှင့် ကြေညာလိုက်သည်။

၁-၇-၆၃ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက ချော်တွင်းကုန်းတွင် ဗဟိုနိုင်ငံရေး သိပ္ပံကျောင်းကို ဖွင့်လှစ်ပေးသည်။

၂၆-၇-၆၃ ပြင်ပနိုင်ငံများနှင့် သတင်းဖလှယ်ရေး လုပ်ငန်းများ သတင်းဖြန့်ဖြူးရေး လုပ်ငန်းများ လုပ်ဆောင်ရန် မြန်မာ့သတင်းစဉ်ရုံးကို အမှတ် ၂၅၃၊ ဘောင်ဒရီလမ်းတွင် ဖွင့်လှစ်သည်။

၁၀-၈-၆၃ ပါတီ အထွေထွေ အတွင်းရေးမှူး သခင်စိုး ခေါင်းဆောင်သော အလံနီ ကွန်မြူနစ်ပါတီမှအဖွဲ့ဝင် ၂၀ ဦးပါသော ကိုယ်စားလှယ်အဖွဲ့၊ တော်လှန်ရေးကောင်စီ၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကမ်းလှမ်းချက်ကို ဆွေးနွေးရန် ရခိုင်တိုင်းမှတဆင့် ရောက်ရှိသည်။

၁၆-၈-၆၃ မြန်မာ့ပုလဲငုတ်ခြင်းနှင့် မွေးမြူရေးဆင်ဒီကိတ် ပုလဲလုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ပြီး ၎င်းလုပ်ငန်းများ လုပ်ကိုင်ရန် ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းသည်။

၂၀-၈-၆၃ တော်လှန်ရေးကောင်စီနှင့် တောခို ကော်သူးလေ ငြိမ်းချမ်းရေးအဖွဲ့ဝင်တို့၏ ငြိမ်းချမ်းရေး အကြိုဆွေးနွေးပွဲကို စတင်ပြုလုပ်သည်။

၂-၉-၆၃ တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်များနှင့် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး ရဲဘော်ဗြဲ ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်တို့သည် အကြိုငြိမ်းချမ်းရေး ဆွေးနွေးပွဲကို စတင်ပြုလုပ်သည်။

၁၇-၉-၆၃ မြန်မာနိုင်ငံ စီးပွါးရေး တိုးတက်မှု ကော်ပိုရေးရှင်း (ဘီ၊အီး၊ဒီ၊စီ၊) နှင့် ၎င်းလက်အောက်ခံ ဇယားဝင် ကုမ္ပဏီများ၊ ဇယားဝင် မဟုတ်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်သည်။

၂၈-၉-၆၃ စစ်ဘက်ကုန်စည်ဖြန့်ချီရေးဌာန (ဒီ၊အက်စ်၊အိုင်၊)နှင့် ၎င်း၏ လက်အောက်ခံ ဇယားဝင်ကုမ္ပဏီများ၊ ဇယားဝင်မဟုတ်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်သည်။

။ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတိုက် ဖွင့်ပွဲကို အမှတ် ၁၅၀၊ ငါးထပ်ကြီး ဘုရားလမ်းတွင် ကျင်းပသည်။



www.burmeseclassic.com

www.burmeseclassic.com

၂၀-၁၀-၆၃ တော်လှန်ရေးအစိုးရက စီးကရက်လုပ်ငန်း ကုမ္ပဏီများကို ပြည်သူပိုင်ပြုလုပ်သည်။

၂၈-၁၀-၆၃ ကော်ကဆာ စောဟန်တာသာမွေး ခေါင်းဆောင်သော ကော်သူးလေ ငြိမ်းချမ်းရေးအဖွဲ့နှင့် တော်လှန်ရေးကောင်စီတို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို စတင်ပြုလုပ်သည်။

၂၉-၁၀-၆၃ တော်လှန်ရေးကောင်စီက လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂၆-၁၁-၆၃ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ယာယီလစား လုပ်သားများကို ၁၉၆၃ ခု၊ အောက်တိုဘာလ ၁ ရက်နေ့မှစပြီး အမြဲတန်း လုပ်သားအဖြစ်သို့ရင်း၊ ယခင်က အိုနာစာရံပုံငွေနှင့် လုပ်သက်ဆုငွေများကိုသာ ခံစားရသည့် အစိုးရအမှုထမ်းအားလုံးကို အခြားအစိုးရဝန်ထမ်းများနည်းတူ ပင်စင်ခံစားခွင့်နှင့် အခြားခံစားခွင့်များကို ခံစားခွင့်ပြုကြောင်း ကျေညာသည်။

၃၀-၁၂-၆၃ မြင်းခြံခရိုင်၊ပုပ္ပါးရွာတွင် တောင်သူလယ်သမား နှီးနှော ဖလှယ်ပွဲကြီး စတင်ကျင်းပသည်။

၁၂-၁-၆၄ အင်္ဂလိပ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာကို စတင်ထုတ်ဝေသည်။

၁၅-၁-၆၄ တော်လှန်ရေးအစိုးရက အကျဉ်းထောင်များရှိ အကျဉ်းသားအားလုံးကို တတန်းစားတည်းသာ ရှိရမည်ဟု ကျေညာသည်။

၁၆-၁-၆၄ ပညာရေးဌာနမှ နိုင်ငံခြားဘာသာသင် ကျောင်းကို ဖွင့်လှစ်သည်။

၂၇-၁-၆၄ တော်လှန်ရေးအစိုးရနှင့် ကော်ကဆာ စောဟန်တာသာမွေး ခေါင်းဆောင်သော ကော်သူးလေ ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့တို့၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ စတင်ပြုလုပ်သည်။

၁-၂-၆၄ ပြည်ထောင်စု အာမခံဘုတ်အဖွဲ့က အာမခံလုပ်ငန်းအားလုံးကို လွှဲပြောင်းယူသည်။

၁၂-၂-၆၄ မန္တလေးမြို့တွင် ကျင်းပသော ပြည်ထောင်စုနေ့၌ တိုင်းရင်းသားများအပေါ် တော်လှန်ရေးကောင်စီ၏ ခံယူချက် သဘောထားများကို ထုတ်ပြန်ကျေညာခဲ့သည်။

၂-၃-၆၄ တောင်ငူခရိုင်၊ ခပေါင်းစခန်းတွင် တောင်သူလယ်သမား နှီးနှောပွဲကြီး စတင်ကျင်းပသည်။

၁၂-၃-၆၄ တော်လှန်ရေးကောင်စီနှင့် ကရင်တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ စောဟန်တာသာမွေးတို့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန် သဘောတူညီမှု ရရှိသည်။

၁၃-၃-၆၄ ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ပြဋ္ဌာန်းသည်။

၁၉-၃-၆၄ ရန်ကုန် နယ်နိမိတ်အတွင်းရှိ လက်ကားဆိုင်များ၊ ပွဲရုံများ၊ ဆိုင်ကြီးများ၊ ကုန်တိုက်များ ဂိုဒေါင်များ သမဝါယမဆိုင်များ၊ အထွေထွေ စတိုးဆိုင်ကြီးများကို ပြည်သူပိုင် ပြုလုပ်သည်။

၂၈-၃-၆၄ ၁၉၆၄ ခုနှစ်၊ အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေ ပြဋ္ဌာန်းသည်။

၁၁-၄-၆၄ တော်လှန်ရေး အစိုးရက ထုတ်ကုန်လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်သည်။

၁၈-၄-၆၄ ဘာသာရေး၊ သာသနာရေးနှင့်ပတ်သက်၍ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ၏ ခံယူချက်ကို ထုတ်ပြန်ကျေညာသည်။

။ ၁၉၆၄ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေကိုပြင်သည့် ဥပဒေကို ပြဋ္ဌာန်းသည်။

၂၀-၄-၆၄ လူရည်ချွန်စီမံကိန်း အကောင်အထည် ဖေါ်ဆောင်ချက်တရပ်အနေဖြင့် ပေလီလူရည်ချွန်စခန်း ပထမဆုံး အကြိမ်ဖွင့်ပွဲကို ပညာရေးဌာန ဝန်ကြီး ဗိုလ်မှူးကြီး လှဟန်က ဖွင့်လှစ်သည်။

၁-၅-၆၄ ချောက်မြို့တွင် ကျင်းပသော အလုပ်သမားနေ့၌ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ပြဋ္ဌာန်းအတည်ပြုသည်။

၁၇-၅-၆၄ တော်လှန်ရေးကောင်စီက ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်မှ ထုတ်ဝေထားသည့် ကျပ်တရာတန်နှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေစက္ကူ အဖြစ်မှ ရုပ်သိမ်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၃-၆-၆၄ လူမှုတော်လှန်ရေးခေတ်၏ အသီးအပွင့်တခု ဖြစ်သော ကုတင်နှစ်ရာဆံ့ အလုပ်သမား ဆေးရုံကြီးကို ကျိုက္ကဆံလမ်းရှိ ဥဒဏဗလကုန်းမြင့်ပေါ်တွင် ဖွင့်လှစ်သည်။

" ရန်ကုန်ထောင်ကြီးကို လူသုံးပစ္စည်းများ သိုလှောင်ရာ ဂိုဒေါင်ကြီးအဖြစ် အသုံးပြုရန် သက်ဆိုင်ရာတို့က ပပကသို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည်။

၂၄-၆-၆၄ မြန်မာတပြည်လုံးရှိ အစိုးရအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့တွင် ကျောင်းကောင်စီများ ဖွဲ့စည်းရန် ဆိုင်ရာမှ ညွှန်ကြားလိုက်၏။

၂၇-၇-၆၄ ပထမဆုံးအကြိမ် တပ်တွင်းပညာပေး သင်တန်းကို ဖွင့်လှစ်သည်။

၄-၈-၆၄ အစိုးရက ပညာရေးစနစ်သစ်ဖြင့် ဖွင့်လှစ်မည့် တက္ကသိုလ်၊ ကောလိပ်နှင့် ဌာနအသီးသီးအတွက် အမည်သစ်များကို ထုတ်ပြန်ကြေညာသည်။

၅-၈-၆၄ တက္ကသိုလ် ပညာရေး ကောင်စီက တပြည်လုံးရှိ တက္ကသိုလ်များကို စနစ်သစ် ပညာရေးဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာသည်။

၁-၉-၆၄ ကြေးမုံသတင်းစာတိုက်ကို ပြည်သူပိုင် ပြုလုပ်သည်။

၁၁-၉-၆၄ ဗိုလ်တထောင်သတင်းစာတိုက်ကို ပြည်သူပိုင်ပြုလုပ်သည်။

၁၆-၉-၆၄ ဂါးဒီးယန်းသတင်းစာတိုက်ကို ပြည်သူပိုင်ပြုလုပ်သည်။

၁-၁၀-၆၄ မြန်မာနိုင်ငံ ရဲအဖွဲ့ကြီးကို ပြည်သူ့ရဲတပ်ဖွဲ့ကြီး အဖြစ် ပြောင်းလဲ လိုက်သည်။

" သက်ကြီးတက္ကသိုလ်ကို ပညာရေးဝန်ကြီးဌာနသို့ လုပ်သားများ ကောလိပ်အဖြစ် ပြောင်းလဲ ဖွင့်လှစ်ရန် လွှဲပြောင်းပေးအပ်သည်။

၂၀-၁၀-၆၄ စစ်ကိုင်းတွင် တိုင်းရင်းသား လူမျိုးစု ဖွံ့ဖြိုးရေး သိပ္ပံကျောင်းကို ပညာရေး ဝန်ကြီး ဗိုလ်မှူးကြီး လှဟန်က ဖွင့်လှစ်သည်။

၁၁-၁၁-၆၄ လန်ဒန်မြို့ပြတိုက်တွင် အင်္ဂလိပ်များ သိမ်းဆည်းထားသော မြန်မာ့ ယဉ်ကျေးမှု ပစ္စည်းများကို ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးက တော်လှန်ရေး ကောင်စီလက်သို့ ပေးအပ်သည်။

၂-၁၂-၆၄ ဆေးဘက်ဆိုင်ရာ သင်တန်းကျောင်းကို ရန်ကုန်ဆေးရုံကြီး၌ ဖွင့်လှစ်သည်။

၂၀-၁၂-၆၄ ပထမဆုံးအကြိမ် ပြုလုပ်သည့် ကျောင်းသား လူငယ်ပွဲတော်ကို အောင်ဆန်း အားကစား ပြိုင်ဝင်း၌ ကျင်းပရာ ပညာရေးဌာန ဝန်ကြီးက ဖွင့်လှစ်ပေးသည်။

၁-၁-၆၅ ဗဟို ပြည်သူ့ဝန်ထမ်းကျောင်းကို ဖေါင်ကြီးတွင် ဖွင့်လှစ်သည်။

၂၉-၁-၆၅ ဘားမားယူနီလီးဘား လီမိတက် လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်သည်။

၄-၂-၆၅ ပညာရေးဌာနဝန်ကြီး ဥက္ကဋ္ဌ အဖြစ် ပါဝင်သော ပေါ်လီစီ ညွှန်ကြားရေး ကော်မီတီ နှင့် ပညာရေး တက္ကသိုလ် ပါမောက္ခချုပ် အမှူးပြုသော အုပ်ချုပ်မှု ကော်မီတီတို့ ပါဝင်သော ပညာရေး သုတေသန အဖွဲ့ကို ဖွဲ့စည်းသည်။

၁၈-၂-၆၅ ပထမအကြိမ် ရှေ့ဆောင် လူငယ်ခေါင်းဆောင် သင်တန်းကို ပညာရေး ဌာန ညွှန်ကြားရေးဝန် ဦးဖိုးသုန်က ဖွင့်လှစ်ပေးသည်။

၁၀-၃-၆၅ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ကောလိပ် ဖွင့်လှစ်သည်။

၁-၄-၆၅ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ ကိုယ်ပိုင် အထက်တန်းကျောင်း ၁၀၂ ကျောင်းနှင့် အလယ်တန်းကျောင်း ၂၇ ကျောင်းကို ပြည်သူပိုင် ပြုလုပ်သည်။

" တွင်းရိုးတွင်းသားများ ပိုင်ဆိုင်သည့် ရေနံတွင်း လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်သည်။

၅-၄-၆၅ ၁၉၆၅ ခု၊ သီးစားချထားရေးကို ပြင်သည့် ဥပဒေ (၁၉၆၅ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂) ပြဋ္ဌာန်း လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

၅-၄-၆၅ သီးစားခများကို ဖျက်သိမ်းလိုက်ကြောင်းဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဌာနမှ ကြေညာချက် ထုတ်ပြန်လိုက်သည်။

၁၇-၄-၆၅ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း နှင့် ဇနီး ဒေါ်ခင်မေသန်းတို့က အင်းလေးနှင့် ပေလီစခန်းတို့မှ လူရည်ချွန် ကျောင်းသား ကျောင်းသူ ၂၉၄ ယောက်တို့ကို ညစာ စားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

၂၀-၄-၆၅ ငွေစက္ကူသစ်များ ထုတ်ဝေခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ အဖွဲ့ ဥက္ကဋ္ဌရုံးမှ ကြေညာချက် ၄၀ ဖြင့် ထုတ်ပြန်လိုက်သည်။

၂၃-၄-၆၅ ၁၉၆၅ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာ ဥပဒေကို ပြင်သည့် ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁-၇-၆၅ အလုပ်သမားများနှင့် နှစ်ခါကျ ကျောင်းသားများ ပညာဆက်လက် သင်ကြား နိုင်ရေးအတွက် ပညာရေးဌာနက ရန်ကုန်တိုင်း အတွင်း လူငယ်ရေးရာ ညကျောင်း ၁၂ ကျောင်း ဖွင့်လှစ်သည်။

၅-၇-၆၅ နှမ်းခမ်းဆေးရုံ၊ မော်လမြိုင်ခရစ်ယာန်ဆေးရုံ၊ ဂန္ဒီဆေးရုံ နှင့် အမေရိကန် ဆေးရုံများကို ပြည်သူပိုင် ပြုလုပ်သည်။

၁၅-၇-၆၅ တနိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများတွင် ထားရှိသော သီးသန့်ခန်းများကို ဖျက်သိမ်းကြောင်း ညွှန်ကြားချက် တရပ်ကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်။

၂၄-၈-၆၅ လုပ်သားပြည်သူများ ထင်မြင်ယူဆချက်များကို သတင်းစာများတွင် လွတ်လပ်စွာ ဖွင့်ဆိုနိုင်ရန် အတွက် ဖိတ်ခေါ်ချက်တရပ်ကို ပြန်ကြားရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သည်။

၅-၄-၆၆ ၁၉၆၆ ခု၊ မတ်လ ၃၁ ရက်နေ့ထုတ် တော်လှန်ရေး အစိုးရအဖွဲ့ ဥက္ကဋ္ဌရုံး၏ အမိန့် ကြော်ငြာစာ အမှတ် ၉ အရ၊ တနိုင်ငံလုံးရှိ ကိုယ်ပိုင်ကျောင်း ၆၇၅ ကျောင်းကို တော်လှန်ရေး အစိုးရက ပြည်သူပိုင် ပြုလုပ်သည်။

၈-၄-၆၆ ရန်ကုန် ဝိဇ္ဇာ နှင့် သိပ္ပံ တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမတွင် ကျင်းပသော တက္ကသိုလ် ပညာရေး နှီးနှောပွဲတွင် ကျန်းမာရေးနှင့် ပညာရေးဌာနဝန်ကြီး ဗိုလ်မှူးကြီး လှဟန်က မိန့်ခွန်း ပြောကြားသည်။

၉-၇-၆၆ ရန်ကုန်တိုင်း၊ ဖျာပုံနှင့် ဟံသာဝတီခရိုင်တို့တွင် ဒေသ ပြည်သူ့တရားရုံး ၄ ခုကို ဖွင့်လှစ်သည်။

၂၂-၇-၆၆ တော်လှန်ရေးအစိုးရက ရန်ကုန်ရှိ ဘိကန်ဒီဂေဟာ၊ ရန်ကုန် အနာကြီး ရောဂါကု ဂေဟာ၊ မန္တလေးမြို့ရှိ စိန့်ဂျွန်း အနာကြီး ရောဂါကု ဂေဟာ နှင့် ဆေးရုံကို ပြည်သူပိုင် ပြုလုပ်သည်။

၁၅-၈-၆၆ ပထမဆုံးအကြိမ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ သင်တန်းကို ဗဟို လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ ဒု-ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်ကျော်က ကမ္ဘာအေး ကုန်းမြေတွင် ဖွင့်လှစ်ပေးလိုက်သည်။

။ အလုပ်သမားဌာနက အလုပ်သမားများအတွက် ညနေသင်တန်းကို ဗိုလ်တထောင် အထက်တန်း ကျောင်း၊ အမှတ် ၄ တွင် ဖွင့်လှစ်သည်။

၁၉-၉-၆၆ ပထမအကြိမ် အလုပ်သမားကောင်စီ စည်းရုံးရေးမှူး သင်တန်းကို အင်ယားလေး လူငယ်ခေါင်းဆောင် စခန်းတွင် ဖွင့်လှစ်သည်။

၁-၁၁-၆၆ လူမှုဝန်ထမ်းဌာနက ရန်ကုန်နှင့် မန္တလေးမြို့တွင် မူလတန်းကြို ကျောင်းတကျောင်းစီ ဖွင့်လှစ်သည်။

၅-၁၁-၆၆ သမဝါယမ လုပ်သားများအတွက် ပထမ အကြိမ် မွမ်းမံသင်တန်းဆင်းပွဲကို ကမ္ဘာအေး သမဝါယမ သင်တန်းကျောင်းတွင် ကျင်းပသည်။

၆-၁၁-၆၆ ဂျပန်လူငယ် ချစ်ကြည်ရေး အဖွဲ့ တဖွဲ့ ရန်ကုန်မြို့တွင် ၄ ရက်ကြာ လည်ပတ်ရန် ရောက် ရှိလာသည်။

၁၄-၁၁-၆၆ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ နှီးနှော ဖလှယ်ပွဲကို မင်္ဂလာဒုံ ဗဟို နိုင်ငံရေးသိပ္ပံကျောင်းတွင် ကျင်းပရာ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ၊ ပါတီစည်းရုံးရေး ဗဟို ကော်မီတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း တက်ရောက် ၍ ဖွင့်ပွဲ မိန့်ခွန်း ပြောကြားသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၅-၁၁-၆၆ ပြည်ထောင်စု မြန်မာနိုင်ငံ ဘဏ်က ငွေအကြွေသစ်များ စတင် ထုတ်ဝေသည်။

၁၇-၁၁-၆၆ မြန်မာပြည်သည် စဘာသင် ရေိုယာအဖွဲ့ဝင် အဖြစ်မှ နုတ်ထွက်သည်။

၁၂-၁၂-၆၆ ပထမအကြိမ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ သင်တန်းဆင်းပွဲကို ကမ္ဘာအေးတွင် ကျင်းပသည်။

၂၀-၁၂-၆၆ မန္တလေးတွင် ပြုလုပ်သော ကျောင်းသား လူငယ်ပွဲတော်ကို ကျန်းမာရေး နှင့် ပညာရေးဌာန ဝန်ကြီး ဗိုလ်မှူးကြီး လှဟန်က ဖွင့်လှစ်ပေးသည်။

၈-၂-၆၇ သာကေတဘိတားသစ်ကြီးကို ပြည်သူ့လုပ်ငန်း ဝန်ကြီး ဗိုလ်မှူးချုပ် စိန်ဝင်းက ဖွင့်လှစ် ပေးသည်။

၉-၂-၆၇ ကပ္ပသိကျွန်းမှ မြန်မာဘိုင်းရင်းသား ၃၄၇ ယောက်တို့ ပထမသုတ် အဖြစ် ရန်ကုန်သို့ဆိုက်ရောက်လာသည်။

၁၅-၂-၆၇ အင်းလေးနှင့် ပုပ္ပါး စံပြ လုပ်သားစခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

၂၆-၂-၆၇ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကြီးကို ရန်ကုန်၊ ကျိုက္ကဆံကွင်း အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

၁၀-၃-၆၇ နယ်နိမိတ်သတ်မှတ်ရေး သဘောတူညီချက်တရပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ နှင့် အိန္ဒိယ သမတ နိုင်ငံတို့က လက်မှတ်ရေးထိုး သည်။

၂၁-၃-၆၇ စာတတ်မြောက်ရေး လှုပ်ရှားမှု အတွက် ခရိုင် ၄၇ ခု နှင့် မြို့နယ် ၂၃၉ မြို့နယ် အတွင်း၌ အသုံးလိုးကျေစခန်း ၃,၆၉၁ ခုကို ဖွင့်လှစ်သင်ကြားသည်။

၂၆-၄-၆၇ အလုပ်သမားဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း ဆွေးနွေးပွဲ ခန်းမတွင် ကျင်းပသည်။

၁-၅-၆၇ အလုပ်သမားနေ့ လူထု ဆွေးနွေးပွဲကြီးကို ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းကြီး၌ ကျင်းပရာ ရန်ကုန်မြို့နယ်မြေများမှ လုပ်သားပြည်သူများ တခဲနက် ချီတက် ရောက်ရှိခဲ့ကြသည်။

၂-၁၀-၆၇ ဗိုလ်ချုပ်ကြီး နေဝင်း ဥက္ကဋ္ဌ အဖြစ် ပါဝင်သော ဆိုရှယ်လစ် စီးပွါးရေး စီမံကိန်း ကော်မီတီကို တော်လှန်ရေး ကောင်စီက ဖွဲ့စည်းလိုက်သည်။

၁၅-၁၀-၆၈ နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာပင်လယ်ကမ်းရိုးတန်း နယ်မြေဒေသရှိ မြန်မာပင်လယ်ရေမိုင်ကို ၁၂ မိုင်အထိ တိုးချဲ့သတ်မှတ်လိုက်ကြောင်းကြေညာသည်။

၂၉-၁၁-၆၈ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက နိုင်ငံရေးသမားဟောင်း ပုဂ္ဂိုလ်ကြီးများအား အမှတ် ၁၆၊ ဝင်ဒါမီယာတွင် ဘိတ်ကြားပြီး အမျိုးသား စည်းလုံးညီညွတ်ရေး အတွက် အကြံပေး တင်ပြရန်မေတ္တာရပ်ခံလိုက်သည်။

၄-၁၂-၆၈ အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရာတွင် နိုင်ငံရေးအရရင်း၊ စီးပွါးရေးအရရင်း၊ လူမှုရေးအရရင်း၊ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် နည်းလမ်း အကြောင်းအချက်များကို အကြံဥာဏ်ပေးနိုင်ရေးအတွက် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက ကြေညာချက် အမှတ် ၇၂ ကို ထုတ်ပြန်ပြီး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

၅-၁၂-၆၈ နိုင်ငံကိုအကျိုးပြုစေမည့် ပြည်တွင်းညီညွတ်ရေးအင်အားတည်ဆောက်နိုင်ရေးအတွက် ထိရောက်ကောင်းမွန်သော အကြံဉာဏ်များကို ပြည်သူလူထုတရပ်လုံးမှ မည်သူမဆို ပေးပို့ရန်အတွက် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီးက မေတ္တာရပ်ခံသည်။

၂၇-၁၂-၆၈ တော်လှန်ရေးအစိုးရက ခရိုင် ၁၂ ခုတွင်ရှိသော စက်ရုံ ၄၃ ရုံနှင့် ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသော စီးပွါးရေးလုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်လိုက်သည်။

၃၁-၁-၆၉ တော်လှန်ရေးအစိုးရက ဟံသာဝတီသတင်းစာတိုက်နှင့် မြန်မာ့အလင်း သတင်းစာတိုက်ကို ပြည်သူပိုင်ပြုလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၇-၂-၆၉ တော်လှန်ရေးအစိုးရက ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်နှင့် ရခိုင်တို့တွင်ရှိသည့် သင်္ဘောကုမ္ပဏီ ၂၄ ခုကို ပြည်သူပိုင်ပြုလုပ်သည်။

၁၄-၂-၆၉ ကျန်းမာရေးနှင့် ပညာရေးဌာနဝန်ကြီး ဗိုလ်မှူးကြီး လှဟန်က စစ်ကိုင်းရွာသစ်ကြီးရှိ တိုင်းရင်းသားဖွံ့ဖြိုးရေးသိပ္ပံကျောင်း အဆောက်အဦသစ်ကို ဖွင့်လှစ်ပေးလိုက်သည်။

၁၄-၃-၆၉ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ၁၉၆၉ ခု၊ အမိန့်ကြော်ငြာစာအမှတ် ၃၈ အရ၊ ပုံနှိပ်တိုက် ၁၃ တိုက်နှင့် ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများကိုပါ ပြည်သူပိုင်ပြုလုပ်သည်။

၂၂-၃-၆၉ အသက် ၅၅ နှစ်ပြည့်၍ အငြိမ်းစားယူမည့် အစိုးရဝန်ထမ်းများအား အသက် ၆၀ အထိရင်း၊ လုပ်သက် ၂၅ နှစ်မှ ၃၀ နှစ်အထိရင်း တိုးမြှင့်ထမ်းဆောင်နိုင်ကြောင်း ကြေညာသည်။

၂၄-၃-၆၉ ရန်ကုန်မြို့တွင်းရှိ နိုင်ငံခြားအမည်ခံ ရုပ်ရှင်ရုံကြီး ၁၀ ရုံကို မြန်မာအမည်များအဖြစ် ပြောင်းလဲခေါ်ဝေါ်လိုက်သည်။

၂၅-၃-၆၉ အသုံးလုံးကျေ ဇဟိုကြည့်ကြပ်ညှိနှိုင်းရေး ကော်မီတီက စာမတတ်သူ ပပျောက်ရေး စမ်းသပ်နယ်မြေအဖြစ် ရွေးချယ်ထားသည့် မိတ္ထီလာခရိုင်တွင် အသုံးလုံးကျေ သင်တန်း ၁၆ ခုကို မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်း မြို့နယ်များတွင် ဖွင့်လှစ်လိုက်သည်။

၅-၄-၆၉ ပထမဆုံးအကြိမ် တိုင်းရင်းမြန်မာ ဆေးပညာဆွေးနွေးပွဲကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်တွင် ဖွင့်လှစ်လိုက်သည်။

၁၅-၅-၆၉ ပညာရေးဌာနက ရန်ကုန် လုပ်သားများကောလိပ်နှင့် မန္တလေး ညနေသင်တန်းများကို ၆ နှစ်သင်တန်းကာလမှ ၅ နှစ်သင်တန်းကာလသို့ လျှော့ချသတ်မှတ်လိုက်သည်။

၁၆-၅-၆၉ ရန်ကုန်ဂေဇက်ပုံနှိပ်တိုက်၊ ရွှေလင်းယုန်ပုံနှိပ်တိုက်၊ လောကပါလပိဋကတ်ပုံနှိပ်တိုက်နှင့် အလင်းရောင်ပုံနှိပ်တိုက်တို့ကို ပြည်သူပိုင်ပြုလုပ်သည်။

၁-၆-၆၉ တော်လှန်ရေးအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနက ဘော်ဆိုင်းသတ္တုတွင်းများကို ပြည်သူပိုင်ပြုလုပ်သည်။

၂-၆-၆၉ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက ဝင်ဒါမီယာ ဧည့်ရိပ်သာတွင် ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့နှင့် တွေ့ဆုံသည်၊ အကြံပေးအဖွဲ့က ဥက္ကဋ္ဌကြီးအား အကြံဉာဏ်များ တင်ပြသည်။

၄-၆-၆၉ အိန္ဒိယ-မြန်မာ ပူးတွဲနယ်စပ် တိုင်းတာရေးကော်မီရှင်က ပြုလုပ်သည့် တတိယအကြိမ်မြောက် ဆွေးနွေးပွဲ နယူးဒေလီမြို့တွင် ကျင်းပပြီးစီးသည်။

၁၄-၆-၆၉ လူငယ်ရေးရာညကျောင်းများအတွက် ဗဟိုကြီးကြပ်အုပ်ချုပ်မှု ကော်မီတီကို ကျန်းမာရေးနှင့် ပညာရေးဝန်ကြီး ဗိုလ်မှူးကြီး လှဟန်က နာယကအဖြစ်ရင်း၊ ပညာရေးဌာန အတွင်းဝန် ဒေါက်တာ ညီညီက ဥက္ကဋ္ဌအဖြစ်ရင်း ဖွဲ့စည်းသည်။

၂၆-၆-၆၉ ပြန်ကြားရေးဝန်ကြီးဌာနက ပပဝင်း၊ ယုဇနနှင့် နေပြည်တော် ရုပ်ရှင်ရုံ ၃ ရုံကို ၎င်းတို့နှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းများနှင့်တကွ ပြည်သူပိုင် ပြုလုပ်သည်။

၁-၇-၆၉ တော်လှန်ရေးအစိုးရက ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေး လုပ်ပိုင်ခွင့်အာဏာများအရ၊ ပြည်ထောင်စုအတွင်းရှိ တိုင်းနှင့် ပြည်နယ်များမှ ရုပ်ရှင်ရုံ ၅၃ ရုံကို ပြည်သူပိုင်သိမ်းလိုက်သည်။

၂-၇-၆၉ တော်လှန်ရေးအစိုးရက အမျိုးသားစီမံကိန်းဌာနတွင် ဗိုလ်မှူးကြီး မောင်လွင်၊ သတ္တုတွင်း ဝန်ကြီးဌာနတွင် ဗိုလ်မှူးကြီး အောင်ဖေ၊ ပြည်ထဲရေးဌာနတွင် ဗိုလ်မှူးကြီး စိန်မြနှင့် နိုင်ငံခြားရေးဌာနတွင် ဗိုလ်မှူးကြီး လှဘုန်းတို့အား ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်သည်။

၁၄-၈-၆၉ မြန်မာ-ထိုင်းလေကြောင်း သဘောတူ စာချုပ်ကို မြန်မာနိုင်ငံဘက်မှ ပို့ဆောင်ဆက်သွယ်ရေး ဌာန အတွင်းဝန် ဦးသာကျော်နှင့် ထိုင်းနိုင်ငံခြားရေးဌာန အတွင်းဝန်တို့ လက်မှတ်ရေးထိုးသည်။

၂၉-၉-၆၉ [illegible]သာဝတီသတင်းစာတိုက်ကို မန္တလေးမြို့၊ အောင်ဆန်းလမ်းတွင် ဖွင့်လှစ်လိုက်သည်။

၁-၁၀-၆၉ [illegible] မြန်မာတပြည်လုံးတွင် မိုးလေဝသဌာနပေါင်း ၇၃၁ ဌာနခွဲ ဖွင့်လှစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၇-၁၀-၆၉ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့က ၉၄ သန်းတန် သုံးထပ်သား စက်ရုံအမှတ် ၃ ကို ရေတာရှည်မြို့နယ်၊ ဆွာမြို့၌ဖွင့်လှစ်သည်။

၂၄-၁၀-၆၉ ကိုးကိုးကျွန်းကို ရန်ကုန်တိုင်းအမှတ် ၁၃ နယ်မြေအဖြစ် သတ်မှတ်ထားရှိလိုက်သည်။

၆-၁၂-၆၉ (၅) ကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစား ပွဲတော်ကို ဘဏ္ဍာရေးနှင့် အမျိုးသား စီမံကိန်းဌာနဝန်ကြီး ဒု-ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ် စန်းယု က အောင်ဆန်း အားကစားကွင်းတွင်ဖွင့်လှစ်ပေးသည်။

၉-၁၂-၆၉ မြို့နယ်ပြည်သူ့တောင်သူလယ်သမားကောင်စီ ပထမအကြိမ် သင်တန်းကို မင်္ဂလာဒုံဗဟိုနိုင်ငံရေးသိပ္ပံတွင် ဗဟိုပြည်သူ့တောင်သူလယ်သမား ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး သောင်းကြည် က ဖွင့်လှစ်ပေးသည်။

၂၀-၁-၇၀ တက္ကသိုလ်ဘွဲ့ရ ကျောင်းသားများအား အလုပ်အကိုင် နေရာချထားရေး အတွက် အမျိုးသားစီမံကိန်းဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဌာန၊ ပြည်ထဲရေးဌာန၊ ပညာရေးဌာနနှင့် အလုပ်သမားဝန်ကြီး ဌာနမှကိုယ်စားလှယ်များနှင့် ဗဟိုပြည်သူ့ အလုပ်သမား ကောင်စီမှ ကိုယ်စားလှယ်များ ပါဝင်သည့် ကော်မီတီတရပ်ကို ဖွဲ့စည်းလိုက်သည်။

။ တော်လှန်ရေးအစိုးရက ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေး ဘဏ်အက်ဥပဒေနှင့် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် အက်ဥပဒေတို့ကို ရုပ်သိမ်းလိုက်သည်။

၂၆-၁-၇၀ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်က ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး နိုင်ငံတော်ကူးသန်း ရောင်းဝယ်ရေးဘဏ်၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ်နှင့် ၎င်းတို့လက်အောက်ရှိ ဘဏ်ခွဲများကိုရင်း၊ ရန်ကုန်နှင့် နယ်များတွင်ရှိသော ပြည်သူ့ဘဏ် ၁၇ ခုကို လွှဲပြောင်းယူမည်ဖြစ်ကြောင်းကျေညာသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်က ယခင် ပြည်ထောင်စုဘဏ်နှင့် စက်မှုတိုးတက်ဖွံ့ဖြိုးရေး ဘဏ်လီမီတက်ကိုရင်း၊ ပြည်ထောင်စု အာမခံဘုတ်အဖွဲ့၊ ပြည်သူ့ဘဏ်များဖြစ်သည့် အမှတ် ၁/၉၊ ဘဏ် ၁၁/၁၂ နှင့် ဘဏ် ၁၉ တို့ကိုရင်း၊ ချေးတာစုဆောင်းရေးနှင့် အာမခံဌာနကိုရင်း၊ ပြည်သူ့ ငွေချေးအသေးစားဌာနများကိုရင်း ၁၉၆၉ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍လွှဲပြောင်းယူခဲ့သည်။

၂-၂-၇၀ ဗဟိုပြည်သူ့တောင်သူလယ်သမားကောင်စီက ပထမဆုံးအကြိမ် တောင်သူလယ်သမား ဂျာနယ်ကို စတင်ထုတ်ဝေသည်။

၇-၂-၇၀ အမျိုးသားယဉ်ကျေးမှုပြတိုက်ကို ပန်းဆိုးတန်းလမ်း၊ အမှတ် ၂၆ တွင် ဖွင့်လှစ်လိုက်သည်၊ ယင်း ပြတိုက်ကို ပြည်သူလူထု ကြည့်ရှုနိုင်ရန် ရုံးပိတ်ရက်မှတပါး ရုံးချိန်အတွင်း ဖွင့်လှစ်ထားမည်ဖြစ်သည်။

၁-၄-၇၀ ကျန်းမာရေးနှင့် ပညာရေးဌာန ဝန်ကြီး ဗိုလ်မှူးကြီး လှဟန်က စစ်ကိုင်းခရိုင် စာမတတ်သူပပျောက် ရေးလှုပ်ရှားမှု အခမ်းအနားကို ဖွင့်လှစ်ပေးလိုက်သည်။

၂၄-၇၀ စာမတတ်သူပပျောက်ရေး လှုပ်ရှားမှုအခမ်းအနားကို ကျောက်ဆည်မြို့နယ်၊ ဟန်မြင့်မိုရ် ကျေးရွာတွင် ကျန်းမာရေးနှင့် ပညာရေးဝန်ကြီး ဗိုလ်မှူးကြီး လှဟန်က ဖွင့်လှစ်ပေးသည်။

၂၄-၅-၇၀ ရန်ကုန်မြို့လယ်ဒေသတွင် တလမ်းမောင်းစနစ်ကို စတင် အကောင် အထည်ဖော်သည်။

၂၈-၅-၇၀ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက ၁၉၇၀ ခု ပြည်ထောင်စု မြန်မာနိုင်ငံသမဝါယမအသင်းဥပဒေကို ပြဋ္ဌာန်းလိုက်သည်၊ သမဝါယမကောင်စီကို ဖွဲ့စည်းလိုက်သည်။

၂၀-၇-၇၀ ဒေါ်လာ ၃ သန်းကျော်တန် ဘိုးရင်းဂျက် လေယာဉ်တစင်းကို မြန်မာနိုင်ငံ လေကြောင်း သယ်ယူ ပို့ဆောင်ရေးအဖွဲ့မှ ဝယ်ယူပြီး ရန်ကုန်၊ ဘန်ကောက်၊ ဟောင်ကောင် ခရီးစဉ်ကို စတင်ပျံသန်းသည်။

၂၃-၇-၇၀ မြစ်ဝကျွန်းပေါ်နေ ပြည်သူများ ကရင်သူပုန်များ၏ ဘေးအန္တရာယ်မှ ကင်းဝေး နိုင်ရန် တပ်မတော်မှ ရှေ့သင်းယုံ စစ်ကြောင်း(၈)နှင့် မိုးဟိန်း စစ်ကြောင်း(၅)တို့ဖြင့် မအူပင်၊ ကျိုက်လတ်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း နှင့် ဝါးခယ်မ မြို့နယ်များတွင် စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်၊ အဆိုပါ စစ်ရေး ကြောင့် ကရင်သူပုန် အသေ ၃၅ ဦး၊ အရှင် ၉ ဦး ဖမ်းမိပြီး၊ ၁၃၇ ဦး လက်နက်ချခဲ့သည်။

၁၈-၁၀-၇၀ ရန်ကုန်တိုင်း စားသုံးသူ သမဝါယမအသင်းများ ဖွဲ့စည်းရေး ကော်မီတီက ရန်ကုန်တိုင်း၏ ပထမဆုံး စားသုံးသူ သမဝါယမ အသင်းဆိုင်ကို မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဖွင့်လှစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၆-၁၁-၇၀ မြန်မာနိုင်ငံတွင် ပထမဆုံး ကျင်းပသော အက် (ဖ်)၊ အာ (ရ်)၊ စီ၊ အက် (စ်)၊ စာမေးပွဲကို ရန်ကုန်ဆေး တက္ကသိုလ် ၁ တွင် ကျင်းပသည်။

၆-၁၂-၇၀ မြန်မာတနိုင်ငံလုံးရှိ မော်တော်ယာဉ်များအား ယခင် လက်ဝဲမောင်း စနစ် အစား ခေတ်နှင့် အမှီ ဖြစ်စေရန် ယနေ့မှစ၍ လက်ျာမောင်းစနစ်သို့ အောင်မြင်စွာ ပြောင်းလဲ အကောင်အထည် ဖော်ခဲ့သည်။

၂၅-၅-၇၁ လူမှုဖူလုံရေး စီမံကိန်း တိုးချဲ့မြို့နယ်များအဖြစ် တောင်ကြီး၊ မိတ္ထီလာ၊ စစ်တွေ၊ ပြည်နှင့် ပျဉ်းမနားမြို့များကို သတ်မှတ်သည်။

၂၇-၆-၇၁ ပြည်ထောင်စု မြန်မာနိုင်ငံတွင် လုပ်သားပြည်သူတို့၏ အကျိုးစီးပွါးကို ရှေးရှု၍ ဆိုရှယ်လစ် စနစ် တည်ဆောက်ရာတွင် နိုင်ငံရေး ဦးဆောင်မှုကို ပေးမည့် ပြည်သူ့ ပါတီကြီး ဖြစ်သော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပထမ အကြိမ် ညီလာခံကို အောင်မြင်စွာ ကျင်းပသည့် အထိမ်း အမှတ် အဖြစ်၊ ပြည်ထောင်စု တဝှမ်းလုံးတွင် ရာဇဝတ် ပြစ်မှု တရပ်ရပ်ဖြင့် သေဒဏ် ကျခံရသူများကို သေဒဏ်မှ ကင်း လွတ်၍ တသက်တကျွန်း ဒဏ်သို့ရင်း၊ ထောင်ဒဏ် ကျခံရသူများသည် ၎င်းတို့အပေါ် သတ်မှတ် ထားသော ထောင်ဒဏ် သုံးပုံ တပုံထိ၊ ၎င်းတို့ သာမန် ရရှိပြီးသော လျှော့ရက်များအပြင် လျှော့ပေါ့ ရရှိစေရမည်ဟု တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌက ကျေညာသည်။

၂၈-၆-၇၁ မြန်မာ့ဆိုရှယ်သစ် လမ်းစဉ်ပါတီ ပထမ အကြိမ် ပါတီ ညီလာခံကို မင်္ဂလာဒုံရှိ ဗဟို နိုင်ငံရေး သိပ္ပံတွင် ဖွင့်လှစ်သည်။ အဆိုပါ ပါတီညီလာခံတွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း မိန့်ခွန်းပြောကြားသည်။

။ ပါတီစည်းရုံးရေး ဗဟိုကော်မီတီ အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးချုပ် စန်းယုက ပထမအကြိမ် ပါတီညီလာခံ၌ နိုင်ငံရေး အစီရင်ခံစာကို ဖတ်ကြားသည်။

၂၉-၆-၇၁ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ပထမအကြိမ် ညီလာခံ အထိမ်းအမှတ်အဖြစ် ရာဇဝတ်ပြစ်ဒဏ်များ လျှော့ပေါ့ခြင်းကို အကောင်အထည်ဖော်သောအားဖြင့် အင်းစိန် အကျဉ်းထောင်မှ အကျဉ်းသား ၃၅၀ နှင့် မန္တလေးအကျဉ်းထောင်မှ အကျဉ်းသား ၂၅၆ ဦးတို့ကို လွှတ်ပြီး၊ သေဒဏ်ကျခံရသူ ဆယ်ဦးကို တသက်တကျွန်းသို့ လျှော့ပေါ့ပေးခဲ့သည်။

၅-၇-၇၁ ပထမအကြိမ် ပါတီညီလာခံမှ ပါတီ ဗဟိုကော်မီတီဝင်များကို ရွေးချယ်တင်မြှောက်သည်။

၆-၇-၇၁ ပထမအကြိမ် ပါတီညီလာခံမှ ပါတီစစ်ဆေးရေး ကော်မီတီဝင်များကို ရွေးချယ်တင်မြှောက်သည်။

၇-၇-၇၁ ပါတီဗဟိုကော်မီတီမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီး နေဝင်းကို ရွေးချယ် တင်မြှောက်ပြီး၊ ပါတီလုပ်ငန်း စီစစ်ရေး ကော်မီတီဥက္ကဋ္ဌ အဖြစ် ဗိုလ်မှူးချုပ် စိန်ဝင်းကို ရွေးချယ်သည်။

။ ရင်ချင်းဆက်အမှာကို အောင်မြင်စွာ ခွဲစိတ်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ ဆေးသမိုင်းတွင် ထူးခြားသည့် မှတ်တိုင်တရပ်အဖြစ် အောင်လံလွှင့်ထူနိုင်ခဲ့သည်။

၉-၇-၇၁ ၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော တော်လှန်ရေးကောင်စီကို အသစ်ပြန်လည်ဖွဲ့စည်းသည်၊ အသစ် ပြန်လည်ဖွဲ့စည်းသော တော်လှန်ရေးကောင်စီတွင် ကောင်စီဝင် အသစ်များဖြစ်သော ဦးဘညိန်၊ ဒေါက်တာ မောင်မောင်၊ မန်းသာမြိုင်နှင့် ဦးဘငြိမ်းတို့ပါဝင်သည်။

၁၀-၇-၇၁ ပြည်ထောင်စု မြန်မာနိုင်ငံအား ဆိုရှယ်လစ် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖွဲ့စည်းတည်ဆောက်ရေး အတွက် ပြင်ဆင်ဆောင်ရွက်နေဆဲ အချိန်တွင် လုပ်သားပြည်သူများ၊ ပါတီဝင်များနှင့် လူထုလူတန်းစား အဖွဲ့အစည်းဝင်များသည်၊ ဆိုရှယ်လစ် ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ရာတွင် အလေ့အကျင့်များ ရရှိစေရန်အတွက်လည်းကောင်း၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် အကြံပေး တင်ပြနိုင်ရန် အတွက်လည်းကောင်း တော်လှန်ရေးကောင်စီ၏ များမြောင်လှသော လုပ်ငန်း ဆောင်တာများအတွက် လိုအပ်သည့် အခါတွင် အကြံဉာဏ်များ ပေးရန် လိုအပ်ကြောင်း ပါတီဗဟိုကော်မီတီ၏ ဆုံးဖြတ်ချက်အရ အဖွဲ့ဝင် ၃၀ ပါဝင်သော တော်လှန်ရေး ကောင်စီ၏ အတိုင်ပင်ခံ အဖွဲ့ကို ဖွဲ့စည်းသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၁-၇-၇၁ ပထမအကြိမ် ပါတီညီလာခံ အောင်မြင်စွာ ပြီးဆုံးသည်။

၁၅-၇-၇၁ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ကြေညာချက် အမှတ် ၉၁ အရ၊ မြန်မာနိုင်ငံ အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

၄-၈-၇၁ မြန်မာ့ကမ်းလွန် ရေနံရှာဖွေရေးအတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းကို ချေးရန် မြန်မာနှင့် ဂျပန်ကိုယ်စားလှယ်များ စာချုပ်လဲလှယ်သည်။

။ မန္တလေးမြို့တွင် မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းရောဂါကု ဆေးရုံကို ဖွင့်လှစ်သည်။

။ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး မောင်လွင် ဥက္ကဋ္ဌအဖြစ် ပါဝင်သော လမ်းစဉ် ပါတီလူငယ်စည်းရုံးရေး ကော်မီတီကိုဖွဲ့စည်းသည်။

၁၉-၈-၇၁ ၁၉၇၀ ခုနှစ်၊ ဖြေလမှစတင်ပြုလုပ်သော ကျောက်ဆည်ခရိုင် အသုံးလုံးကျေသင်တန်း အောင်မြင်စွာ ပြီးဆုံးသည်။ ခရိုင်အတွင်းရှိ စာမတတ်သူ ၅၀,၁၃၉ ဦးကို သင်ကြားပို့ချခဲ့သည်။

၂၁-၈-၇၁ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေး နှင့် ပတ်သက်သော အစည်းအဝေး တရပ်ကို တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက ဦးစီးကျင်းပသည်။

၅-၉-၇၁ နိုင်ငံတကာ စာမတတ်သူ ပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်တွင် ကျင်းပရာ လူထုအင်အား ၂၀,၀၀၀ တက်ရောက်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ပညာရေးနှင့် ကျန်းမာရေးဌာနဝန်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

။ တိုင်းနှင့်ပြည်နယ်များရှိ ကျေးရွာများမှ တောင်သူလယ်သမား ဦးကြီးများအတွက် တိရစ္ဆာန်ဆေးကု သင်တန်း ၃၆ ခုကို တိရစ္ဆာန်ဆေးကုဌာနမှ ဖွင့်လှစ်ပေးခဲ့သည်။

၈-၉-၇၁ မြန်မာနိုင်ငံအတွင်း စာမတတ်သူများ လုံးဝ ပပျောက်ရေး ဦးစီး လုပ်ဆောင်ချက်များအတွက် မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားမှု ဗဟိုကော်မီတီသည်၊ ယူနက်စကိုမှ ချီးမြှင့်သော မိုဟာမက် ရေဇာ ဆုကို ရရှိခဲ့ရာ၊ ဦးသန်းဦးက ဆုကို ပဲရစ်မြို့တွင် လက်ခံရယူခဲ့သည်။

၂၂-၉-၇၁ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက မြန်မာစာကော်မီရှင် အဖွဲ့ဝင်များနှင့် အေဒီ လမ်းတွင် တွေ့ဆုံသည်။

၂၄-၉-၇၁ လမ်းစဉ်ပါတီ ဗဟိုကော်မီတီ ကြားဖြတ်ဆွေးနွေးပွဲကို မင်္ဂလာဒုံရှိ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်းတွင် ကျင်းပသည်။

၂၅-၉-၇၁ ပါတီဗဟိုကော်မီတီက ဗိုလ်မှူးချုပ် စန်းယု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အဖွဲ့ဝင် ၉၇ ဦးပါ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မီရှင်ကို ဖွဲ့စည်းလိုက်သည်။

။ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မီရှင်မှ လုပ်သားပြည်သူ တရပ်လုံး သို့ အခြေခံဥပဒေမူကြမ်း ရေးဆွဲရာတွင် အကြံဉာဏ်များပေးပို့ကြရန် ကြေညာချက်တရပ် ထုတ်ပြန် လိုက်သည်။

၃၀-၉-၇၁ ပြည်ခရိုင်၊အုပ်ရှင်ပင်စခန်းတွင် ပန်းတောင်း-တောင်ကုတ် မော်တော်ယာဉ်စခန်းကို ကုန်းလမ်းသယ် ယူပို့ဆောင်ရေးအဖွဲ့မှဖွင့်လှစ်ခဲ့သည်။

၁၄-၁၀-၇၁ ဗိုလ်မှူးချုပ် စန်းယု သဘာပတိအဖြစ်ဆောင်ရွက်သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မီရှင်၏ ပထမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း ရှိ ကမ္ဘောဇရိပ်သာတွင် ပြုလုပ်သည်။

၁၅-၁၀-၇၁ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မီရှင်က တနိုင်ငံလုံးသို့ စေ လွှတ်ပြီး ပြည်သူလူထုတရပ်လုံးထံမှ အကြံကောင်းဉာဏ်ကောင်းများ ရယူနိုင်ရန် အဖွဲ့ခွဲ ၁၅ ဖွဲ့ ကို ဖွဲ့စည်းသည်။

၂၈-၁၀-၇၁ လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် စန်းယု ခေါင်းဆောင်သော ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ် မူကြမ်းရေးဆွဲရေး အဖွဲ့ခွဲ ၁၅ သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ သွားရောက်ပြီး ပြည်သူတို့ထံမှ ရှင်းလင်းပွဲနှင့်ဆန္ဒခံယူပွဲများ ပြုလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၅-၁၁-၇၁ ထားဝယ်မြို့ရှိ ဟာမြင်းကြီး သတ္တုတွင်းနှင့် ရေဖြူမြို့နယ်ရှိ ကန်ဘောက် သတ္တုတွင်းများကို စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ပြည်သူပိုင်ပြုလုပ်ကြောင်း ကြေညာသည်။

၇-၁၁-၇၁ ကော့သူးလေပြည်နယ်အတွက် ပထမဆုံး အစိုးရ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းကို ဖွင့်လှစ်ပေးသည်။

၁၃-၁၁-၇၁ အဖွဲ့ခွဲ ၁၀ နှင့် ၁၁ မှ ခေါင်းဆောင်များဖြစ်သော ဗိုလ်မှူးချုပ် စိန်ဝင်း နှင့် ဗိုလ်မှူးကြီး သန်းစိန်နှင့် အဖွဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မူကြမ်းရေးဆွဲရေးအတွက် ပြည်သူ့ဆန္ဒခံယူရန်၊ ရေးမြို့နှင့် စုကုမြို့များသို့ ထွက်ခွာသည်။

၁၄-၁၁-၇၁ ၁၉၇၀ ခု၊ သမဝါယမစီမံကိန်းအရ အောက်တိုဘာလကုန်အထိ မြန်မာနိုင်ငံ တနိုင်ငံလုံးရှိ သမဝါယမ အသင်းပေါင်းမှာ ၂,၅၈၇ သင်း ဖြစ်သည်။

၁၆-၁၁-၇၁ သတ္တမအကြိမ်မြောက် ဗဟိုပြည်သူ့အလုပ်သမားကောင်စီ ဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်းမြေတွင် ကျင်းပသည်။

၁၇-၁၁-၇၁ မြန်အောင်မြို့တွင် ကီလိုဝပ် ၁၆,၀၁၀ ရှိ ဓါတ်အားပေးစက်ရုံတခု တည်ဆောက်ရန် လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့မှ လုပ်ဆောင်လျက်ရှိသည်။

၁၉-၁၁-၇၁ ထမံသီ ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံ စီမံကိန်း အကောင်အထည်ဖေါ်ရေးအတွက် လုပ်ငန်းရပ်များစတင်ဆောင်ရွက်လျက်ရှိသည်။

၂၀-၁၁-၇၁ သမဝါယမ အသင်းဆိုင်ဟောင်း ၂,၀၁၂ ဆိုင်ကို ပြန်လည်၍ ပြင်ဆင်ဖွဲ့စည်းသည်။

၂၁-၁၁-၇၁ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များ အကောင်အထည်ဖေါ် လုပ်ဆောင်ချက်တရပ် ဖြစ်သည့် အစိုးရ စိုက်ပျိုးရေးအထက်တန်းကျောင်းကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်လိုက်သည်။

၂၉-၁၁-၇၁ ပထမလေးနှစ်စီးပွါးရေးစီမံကိန်းတွင် အဓိကစီမံကိန်းတရပ်အဖြစ် ပါဝင်သည့် ကျပ်ငွေ ၉ သန်းကုန်ကျမည့် မိုးမိတ်ချိုင့်ဝှမ်းဆည် တည်ဆောက်ရေး စီမံကိန်းကို စတင်အကောင်အထည်ဖေါ် လုပ်ဆောင်သည်။

၉-၁၂-၇၁ ၁၉၇၀-၇၁ ခုနှစ်အတွက် တနိုင်ငံလုံး ရွေးချယ်ထားသော စံပြလုပ်သား ၆၇၃ ဦး အပန်းဖြေရန်အတွက် ငပလီ၊ အင်းလေးနှင့် မန္တလေး ရတနာပုံ စံပြလုပ်သားစခန်းတို့ကို ဖွင့်လှစ်လိုက်သည်။

၁၂-၁၂-၇၁ ဒေသဆိုင်ရာစီးပွါးရေးစီမံကိန်း အကောင်အထည်ဖေါ်ရေး ကော်မီတီများနှင့် ပူးပေါင်းပြီး မြေယာစမ်းသပ်မှုများပြုလုပ်ရန် မြေအသုံးချဌာနမှ မြေဆီလွှာ စမ်းသပ်တိုင်းတွာရေး အဖွဲ့များကို တနိုင်ငံလုံးသို့စေလွှတ်သည်။

၂၅-၁၂-၇၁ နောက်ဆုံးသတ်မှတ်လိုက်သော နိုင်ငံခြားငွေနှင့် မြန်မာငွေတန်ဘိုး ညီမျှခြင်းနှင့် ပတ်သက်ပြီးဘဏ္ဍာရေးနှင့်အခွန်ဌာနအတွင်းဝန် ဦးချစ်မောင်က သတင်းစာဆရာများအား အတွင်းဝန်ရုံးဟောင်းတွင် တွေ့ဆုံပြောကြားသည်။

၂၇-၁၂-၇၁ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မီရှင်၏ ဒုတိယအကြိမ် အစည်းအဝေးကို ကမ္ဘာအေးဘုရားလမ်းရှိ ကမ္ဘောဇရိပ်သာတွင် ကျင်းပသည်။

၁-၁-၇၂ ရန်ကုန်အပါအဝင် တနိုင်ငံလုံးရှိ၊ စက်ရုံအလုပ်ရုံ စက်မှုလုပ်ငန်းအလုပ်ရုံ ၆၉ ခုကိုပြည်သူပိုင်ပြုလုပ်သည်။

၂-၁-၇၂ မြင်းခြံ၊ မကွေး၊ ပခုက္ကူ စသည့်ရေရှားပါးသော ခရိုင်များအတွက် ရေဖူလုံရေး စီမံကိန်းအရ ကျပ်ငွေ ၁၅ သန်းတန်ရေလှောင်ကန် ၂၃ ခုနှင့် ရေပေးစက်ရုံ ၂ ခုကိုတည်ဆောက်ပေးသည်။

၁၂-၁-၇၂ ရေးမြို့သစ်နှင့် တံတားသစ် ဖွင့်လှစ်ပွဲ အခမ်းအနားကို ရေးမြို့တွင်ကျင်းပသည်။

၂၇-၁-၇၂ အစိုးရ ကျောင်းများနှင့် အလှမ်းကွာဝေးသော နယ်စွန်နယ်ဖျားရှိ ကျောင်းသူကျောင်းသားများအတွက် တွဲဘက်ကျောင်းများဖွင့်လှစ်ပေးရေးနှင့်ပတ်သက်သောညွှန်ကြားချက်များကိုပညာရေးဝန်ကြီးဌာနမှထုတ်ပြန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

၂၀-၂-၇၂ အိန္ဒိယ-မြန်မာနယ်ခြားတိုင်းတာရေး၊ နယ်နိမိတ်သတ်မှတ်ရေး လုပ်ငန်းများကို နှစ်နိုင်ငံ မြေတိုင်းဌာနအကြီးအကဲများက သွားရောက်စစ်ဆေးသည်။

၂၇-၂-၇၂ ၁၉၇၂ ခု၊ တောင်သူလယ်သမားနေ့နှင့် တော်လှန်ရေးကောင်စီ ဆယ်နှစ်သက်တမ်း အထိမ်းအမှတ်အဖြစ် ထိန်းသိမ်းထားသော နိုင်ငံရေးသမား ၂၆၄ ဦးကို လွှတ်လိုက်သည်။

၈-၃-၇၂ လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီ ဥက္ကဋ္ဌများက ဥက္ကဋ္ဌအဖြစ်၎င်း၊ မြို့နယ်သမဝါယမ အရာရှိများက အတွင်းရေးမှူးအဖြစ်၎င်း မြို့နယ်ပါတီယူနစ်နှင့် ကောင်စီနှစ်ရပ်မှ ကိုယ်စားလှယ်တဦးစီက အဖွဲ့ဝင်များအဖြစ်ပါဝင်သည့် မြို့နယ် သမဝါယမ ကော်မီတီများကို တနိုင်ငံလုံးတွင် ဖွဲ့စည်းရန် သမဝါယမဝန်ကြီးဌာနမှ ကြေညာချက်ထုတ်ပြန်သည်။

၁၅-၃-၇၂ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက ကိုလိုနီခေတ် အမွေဆိုးတခုဖြစ်သော အစိုးရအတွင်းဝန်များရုံးကို ဖျက်သိမ်းပြီး တိုင်းရင်းသား လုပ်သားပြည်သူ တရပ်လုံး၏ အကျိုးကို သည်ပိုးလုပ်ဆောင်မည့် အုပ်ချုပ်ရေး စနစ်သစ်ကို ချမှတ်ခဲ့သည်။

၁၇-၃-၇၂ တော်လှန်ရေးအစိုးရက ဘဏ္ဍာရေးနှင့်အခွန်ဦးစီးဌာန အတွင်းဝန် ဥက္ကဋ္ဌအဖြစ် ပါဝင်သော လစာညှိနှိုင်းရေးကော်မီတီကို ဖွဲ့စည်းလိုက်သည်။ အဆိုပါကော်မီတီကို အုပ်ချုပ်ရေး စနစ်သစ်နှင့် လျော်ညီမည့် လစာနှုန်းထားများကို စိစစ်သတ်မှတ်ရန် တာဝန်ပေးထားသည်။

၂၀-၃-၇၂ ဘဏ္ဍာရေးနှင့် အခွန်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကမ္ဘာ့ဘဏ်အဖွဲ့မှ ကိုယ်စားလှယ်တို့က ကမ္ဘာ့ဘဏ်မှ ချေးငွေနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးသည်။

၁-၄-၇၂ ပထမအကြိမ် လမ်းစဉ်လူငယ် စည်းရုံးရေးမှူးများ သင်တန်းဆင်းပွဲကို မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်တွင် ကျင်းပသည်၊ အဆိုပါသင်တန်းဆင်းပွဲတွင် လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးချုပ် စန်းယု မိန့်ခွန်းပြောကြားသည်။

။ တိုးချဲ့ ငါးခရိုင်ဖြစ်သော ရမည်းသင်း၊ ပြည်၊ ဖျာပုံ၊ ဟင်္သာတနှင့် မန္တလေးခရိုင်တို့တွင် စာတတ်မြောက်ရေး လှုပ်ရှားမှုများကို စတင်ပြုလုပ်သည်။

၁၂-၄-၇၂ တော်လှန်ရေးအစိုးရသည် အင်းစိန်အကျဉ်းထောင်မှ ထိန်းသိမ်းထားသော နိုင်ငံရေးသမား ၃၃ ဦးနှင့် မန္တလေးအကျဉ်းထောင်မှ လေးဦးကို လွှတ်လိုက်သည်။

၁၄-၄-၇၂ ၁၉၇၀ ခုနှစ်၊ သမဝါယမစီမံကိန်းအရ တနိုင်ငံလုံးတွင် သမဝါယမအသင်းပေါင်း ၁၀,၇၄၅ သင်း ပြန်လည်ဖွဲ့စည်းပြီးခဲ့သည်၊ ၎င်းတို့မှာ စားသုံးသူသမဝါယမ အသင်း ၁၂ သင်း၊ ငွေစုငွေချေး သမဝါယမ အသင်း ၂၃၅ သင်း၊ လယ်ယာကုန်ထုတ် သမဝါယမအသင်း ၃၈ သင်း၊ စက်မှုလုပ်ငန်း သမဝါယမ အသင်း ၁၆ သင်းနှင့် ကျေးရွာ သမဝါယမ အသင်း ၁၀,၄၄၄ သင်းတို့ဖြစ်သည်။

၂၀-၄-၇၂ တပ်မတော် အရာရှိကြီးများ ဖြစ်သော ဗိုလ်ချုပ်ကြီး နေဝင်း၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သောင်းကြည်၊ ဗိုလ်မှူးကြီး မောင်ရွှေ၊ ဗိုလ်မှူးကြီး ကျော်စိုး၊ ဗိုလ်မှူးကြီး သန်းစိန်၊ ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး မောင်လွင်၊ ဗိုလ်မှူးကြီး ကိုကို၊ ဗိုလ်မှူးကြီး မောင်လွင်၊ ဗိုလ်မှူးကြီး အောင်ဖေ၊ ဗိုလ်မှူးကြီး စိန်မြ၊ ဗိုလ်မှူးကြီး လှဖုန်း၊ ဗိုလ်မှူးကြီး မောင်မောင်ခ၊ ဗိုလ်မှူးကြီး တင်ကျော်၊ ဗိုလ်မှူးကြီး ချစ်ခင်၊ ဗိုလ်မှူးကြီး ဗန်ကူးသ်၊ ဗိုလ်မှူးကြီး ထွန်းတင်၊ ဒု-ဗိုလ်မှူးကြီး သိန်းအောင်၊ ဒု-ဗိုလ်မှူးကြီး စန်ဝင်းနှင့် ဒု-ဗိုလ်မှူးကြီး ရဲခေါင်တို့ တပ်မတော်မှ အငြိမ်းစား ယူလိုက်သည်။

၂၀-၄-၇၂ ဒု-ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ် စန်းယုအား ဗိုလ်ချုပ်ကြီး အဖြစ်သို့ တိုးမြှင့်ခန့်ထားပြီး ကာကွယ်ရေး ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် ခန့်ထားသည်။

။ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီး တင်ဦးအား ဗိုလ်မှူးချုပ်အဖြစ် ရာထူးတိုးမြှင့်ပေးပြီး ဒု-ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) အဖြစ် တာဝန်ထမ်းဆောင်ရန် ခန့်ထားသည်။

။ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရအဖွဲ့ကို အသစ်ပြန်လည် ဖွဲ့စည်းသည်။

။ အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်မှာ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဦးနေဝင်းနှင့် ဒုတိယဝန်ကြီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီး စန်းယုတို့ ဖြစ်ပြီး ဝန်ကြီးများမှာ ဦးစိန်ဝင်း၊ ဦးသောင်းကြည်၊ ဦးရွှေ၊ ဦးကျော်စိုး၊ ဦးသန်းစိန်၊ ဒေါက်တာ လှဟန်၊ ဗိုလ်မှူးချုပ် သောင်းဒန်၊ ဒေါက်တာ မောင်လွင်၊ ဗိုလ်မှူးချုပ် သောင်းတင်၊ ဒေါက်တာ မောင်မောင်၊ ဦးဘညိန်၊ ဦးစိန်မြနှင့် ဦးလွင်တို့ ဖြစ်သည်။



၃

www.burmeseclassic.com

www.burmeseclassic.com

၂၀-၄-၇၂ ဗိုလ်မှူးချုပ် တင်ဦးအား ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်၎င်း၊ ဦးထွန်းတင်အား သမဝါယမဌာန ဒုတိယဝန်ကြီး အဖြစ်၎င်း ခန့်အပ်လိုက်သည်။

၃-၅-၇၂ လစာစီစစ်ရေး ကော်မီရှင် ပထမအကြိမ် အစည်းအဝေးကို အမျိုးသား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနတွင် ပြုလုပ်သည်။

၁၁-၅-၇၂ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မီရှင် အဖွဲ့ခွဲ ၁၂ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စန်းယုသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပတ်သက်ပြီး မြင်းခြံမှလုပ်သားပြည်သူများနှင့် တွေ့ဆုံ ဆွေးနွေးသည်။

၁၄-၅-၇၂ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များမှ လုပ်သားပြည်သူများနှင့် ဝန်ကြီး ဦးစိန်ဝင်း ခေါင်းဆောင်သော အဖွဲ့ခွဲ ၁၀ မှ အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးသည်။

၁၆-၅-၇၂ ဦးကျော်စိုး ခေါင်းဆောင်သော အဖွဲ့ခွဲ ၁၃ သည် သုံးဆယ်မြို့သို့ သွားရောက်၍ အခြေခံဥပဒေမူကြမ်း နှင့် ပတ်သက်ပြီး၊ မြို့ခံလုပ်သားပြည်သူများနှင့် တွေ့ဆုံရှင်းလင်းပြောကြားသည်။

၂၀-၅-၇၂ အဖွဲ့ခွဲ ၁၅ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စန်းယုသည် တာမွေ၊ သဃ်္ဃန်းကျွန်း၊ ဒေါပုံ၊ မင်္ဂလာဒုံ၊ တောင်ဥက္ကလာပမြို့နယ် ရှင်းလင်းရေး အဖွဲ့ငယ်များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး အခြေခံ ဥပဒေသစ်နှင့် ပတ်သက်သော အရေးကြီးသည့် အချက်များကို ရှင်းလင်းပြောကြားသည်။

၁၂-၆-၇၂ ၁၉၆၉ ခုမှ စတင်ခဲ့သော စာတတ်မြောက်ရေး လှုပ်ရှားမှုများအရ မိတ္ထီလာ၊ ကျောက်ဆည်၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ မြင်းခြံနှင့် မကွေးခရိုင်များရှိ စာမတတ်သူပေါင်း ၆၀၀,၀၀၀ ကျော်ကို အသုံးလုံးကျေ တတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့သည်။

၂၀-၆-၇၂ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက လက်ရှိ တနင်္သာရီတိုင်းကို တနင်္သာရီ တိုင်းအမှတ် ၁ နှင့် တနင်္သာရီတိုင်း အမှတ် ၂ ဟူ၍ ယာယီအစီအစဉ်အနေဖြင့်ပြုပြင်သတ်မှတ်လိုက်သည်။

၂၀-၇-၇၂ အုပ်ချုပ်ရေး စနစ်သစ် ပေါ်ထုတ်ရေးအစီအစဉ်အရ တိုင်းနှင့်ပြည်နယ် ၁၄ ခုစလုံးတွင် တိုင်း လုံခြုံရေး နှင့် အုပ်ချုပ်မှု ကော်မီတီများကို အသစ်ပြန်လည် ဖွဲ့စည်းလိုက်ပြီး၊ ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီများကို ဖျက်သိမ်းလိုက်၏။

၂၂-၇-၇၂ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်း ဥပဒေပုဒ်မ ၄ (၁) အရ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီအား ဗဟိုသန်းကောင်စာရင်း ကော်မီရှင် အဖြစ် တာဝန်ပေး၍ လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၂၇-၇-၇၂ အုပ်ချုပ်ရေး စနစ်သစ်ပေါ်ထွက်မှု အစီအစဉ်အရ မူလပြည်နယ် တိုင်းမင်းကြီးရုံးများကို ရုပ်သိမ်း၍ ပြည်နယ် တိုင်းအထွေထွေ အုပ်ချုပ်ရေး ဌာနဦးစီးရုံးများအဖြစ် ယနေ့မှစ၍ ပြုပြင်ဖွဲ့စည်းလိုက်သည်။ လက်ရှိ ပြည်နယ် တိုင်းမင်းကြီးများကိုလည်း သက်ဆိုင်ရာ ပြည်နယ် တိုင်းအထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးများတွင် ဦးစီးဌာနမှူးများ အဖြစ် ခန့်ထားလိုက်သည်။

၁-၈-၇၂ လူဝင်မှု ကြီးကြပ်ရေး လုပ်ငန်းများ၊ အမျိုးသား မှတ်ပုံတင်ရေး လုပ်ငန်းများ၊ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများကို ပြည်နယ်၊ တိုင်း၊ မြို့နယ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဌာနများ၊ ရပ်ကွက်ကျေးရွာ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီများက လုပ်ကိုင် ဆောင် ရွက်မည် ဖြစ်ကြောင်း ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာသည်။

၆-၈-၇၂ ခရိုင်ဝန်များနှင့် ခရိုင်ခွဲအဆင့် နယ်ပိုင် ဝန်ထောက်ရုံးများကို ရုပ်သိမ်းလိုက်သည်။

၇-၈-၇၂ ပြည်သူ့တရားစီရင်ရေးစနစ်ကို စတင်အကောင်အထည်ဖော်သည်။

၁၇-၈-၇၂ အထူးရာဇဝတ် တရားရုံးများ၏ အတည်ပြုအဖွဲ့ကို နှစ်ခုမှ လေးခုသို့တိုး၍ ဖွဲ့စည်းကြောင်း တရားရေး ဌာနမှ ထုတ်ပြန်ကြေညာသည်။

၁၉-၈-၇၂ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်မှ သက်ဆိုင်ရာ ဘဏ်ခွဲများကို ခရိုင်မြို့များတွင် ဖွင့်လှစ် ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

၃-၉-၇၂ စာတတ်မြောက်ရေး လှုပ်ရှားမှုများကြောင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ စာမတတ်သူ ၁၂,၀၃၆ ဦးမှာ ယခုအခါ အသုံးလုံးကျေ တတ်မြောက်ပြီးဖြစ်သည်။

။ နမ္မတီးသကြားစက်မှ ကြံကြိတ်ဖတ်များကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး စက္ကူ၊ ခါတ်မြေဩဇာနှင့် မီးခံကျောက်ပြား ထုတ်လုပ်ပေးမည့် သန်း ၂၀ တန် စက်ရုံကြီးတခု တည်ဆောက်ရန်အတွက် သက်ဆိုင်ရာမှ စီစဉ်လျက်ရှိသည်။

၈-၉-၇၂ နိုင်ငံတကာစာမတတ်သူများ ပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတွင်း၌ ပြုလုပ်သော စာတတ်မြောက်ရေးလှုပ်ရှားမှုဆိုင်ရာ ပြပွဲအခမ်းအနားကို ဆေးတက္ကသိုလ် (၁) လိပ်ခုံး အဆောက်အဦတွင်ကျင်းပသည်။

၁၇-၉-၇၂ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး ကော်ပိုရေးရှင်း လက်အောက်ရှိအလုံ၊ ဒလနှင့် စစ်တွေ သင်္ဘောကျင်းများမှ ကုန်တင်ရေယာဉ်များ၊ ကမ်းရိုးတန်းသွား သင်္ဘောများ တည်ဆောက်လျက်ရှိသည်၊ ဤကဲ့သို့ ပြည်တွင်း၌ ရေယာဉ်များ တည်ဆောက်နိုင်ခဲ့သဖြင့် နိုင်ငံခြားတွင် တည်ဆောက်သောကုန်ကျစရိတ်ထက် ၄၀ ရာခိုင်နှုန်းသက်သာခဲ့သည်။

၂၁-၉-၇၂ ၁၉၆၄-၆၅ ခုမှစတင် အကောင်အထည်ဖော်ခဲ့သည့် သုဝဏ္ဏအိမ်ယာ စီမံကိန်းအရ ဝင်ငွေနည်းသည့် အလုပ်သမားများအတွက် ကျပ်ငွေ ၂၉.၇ သန်းအကုန်ခံပြီး အိမ်ခန်းပေါင်း ၂,၁၂၆ ခန်းကို အိုးအိမ်ကော်ပိုရေးရှင်းမှ ဆောက်လုပ်ပေးခဲ့သည်။

၂၅-၉-၇၂ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မီတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို အစိုးရဧည့်ဂေဟာတွင်ကျင်းပသည်၊ အဆိုပါအစည်းအဝေးတွင် ဗဟိုကော်မီတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက သဘာပတိအဖြစ်ဆောင်ရွက်သည်၊ ပါတီအထွေထွေ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယုက အုပ်ချုပ်ရေးကော်မီတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

၂၇-၉-၇၂ လမ်းစဉ်ပါတီဗဟိုကော်မီတီ စတုတ္ထအကြိမ် အစည်းအဝေး ပြီးဆုံးသည်၊ အစည်းအဝေး ဆုံးဖြတ်ချက်များကို လက်မှတ်ရေးထိုးသည်။

၂၉-၉-၇၂ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အတိုင်ပင်ခံ အစည်းအဝေးကို အစိုးရဧည့်ဂေဟာတွင် စတင်ကျင်းပသည်၊ အဆိုပါအစည်းအဝေးတွင် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက မိန့်ခွန်းပြောကြားသည်။

၃၀-၉-၇၂ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်မှ ၂၅ ကျပ်တန်အသစ်ကို ထုတ်ဝေလိုက်သည်။

၁-၁၀-၇၂ နိုင်ငံအတွင်းရှိမြို့ပေါင်း ၃၉၅ မြို့နှင့် ကျေးရွာပေါင်း ၄၁၅ ရွာတို့ကို လျှပ်စစ်ဓါတ်မီးများ တပ်ဆင်ပြီးစီးကြောင်း လျှပ်စစ်ဓါတ်အား ကော်ပိုရေးရှင်းမှထုတ်ပြန်သည်။

၂-၁၀-၇၂ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဌာန ဒု-ဝန်ကြီး ဦးချစ်မောင် ဥက္ကဋ္ဌအဖြစ် ပါဝင်သော လစာညှိနှိုင်းရေးကော်မီတီဒုတိယအကြိမ် အစည်းအဝေးကို ကျင်းပသည်။

။ ပြည်တွင်းရှိ အခွန်ဌာနများအားလုံးကို ပူးပေါင်းလိုက်ပြီး ပြည်တွင်းအခွန်ဌာနဟူ၍ ပြန်လည်ဖွဲ့စည်းသည်။

၁၂-၁၀-၇၂ ကမ္ဘာလှည့်ခရီးသည်များ တည်းခိုရန်အတွက် ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၂၀) (ဟိုတယ်နှင့်ခရီးသွားလာရေး) မှ ပုဂံတွင် သီရိပစ္စယာဟိုတယ်ကို ဖွင့်လှစ်သည်။

၂၀-၁၀-၇၂ အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် ဆင်နွှဲခဲ့သော ထော်ပိုင်စစ်ဆင်ရေးတွင် ပြည်ပြေးအဖွဲ့ဝင် (၄၈) ဦးကို လက်နက်များနှင့်အတူ ဖမ်းဆီးရမိလိုက်သည်။

၂၃-၁၀-၇၂ ပြည်ပြေးအဖွဲ့တို့ခိုအောင်းရာ စခန်းဖြစ်သော အောင်သပြေစခန်းကို တပ်မတော်မှ အောင်မြင်စွာခြေမှုန်းလိုက်ကြောင်း တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဒု-ဗိုလ်မှူးကြီး တင်ဦးက အင်္ဂလိပ်သာတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ပြောကြားသည်။



www.burmeseclassic.com

www.burmeseclassic.com

၃၀-၁၀-၇၂ ပညာရေးနှင့်ကျန်းမာရေးဌာနဝန်ကြီး ဒေါက်တာ လှဟန်ခေါင်းဆောင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မီရှင်အဖွဲ့ခွဲ ၉ သည် ဟင်္သာတမြို့သို့ ရောက်ရှိလာပြီး ပြည်သူလူထုထံမှဆန္ဒခံယူပွဲများကျင်းပသည်။

၉-၁၁-၇၂ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မီရှင်အဖွဲ့ခွဲ ၁၂ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စန်းယု၊ မန္တလေးသို့ရောက်ရှိလာပြီး ပထမမူကြမ်းနှင့် ပတ်သက်သော အကြံဉာဏ်များကို လုပ်သားထုထံမှရယူသည်။

၁၄-၁၁-၇၂ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဌာန ဒုတိယဝန်ကြီး ဦးချစ်မောင်က အစိုးရအမှုထမ်းများ၏လစာနှုန်းသစ်များနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

၂၄-၁၁-၇၂ ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူ့ကိုယ်စားလှယ်များထံမှ အကြံဉာဏ်များ၊ ဆန္ဒခံယူပွဲများ ပြုလုပ်ပြီးနောက် အဖွဲ့ခွဲ ၁၅၊ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စန်းယုက တော်လှန်ရေးကောင်စီသည် ၁၉၇၄ ခုနှစ်ခန့်တွင် နိုင်ငံတော်အာဏာကို ပြည်သူ့လက်ဝယ်သို့ ပြန်လည် ပေးအပ်မည့်အကြောင်း မိန့်ခွန်းပြောကြားသည်။

၂၉-၁၁-၇၂ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေ၏ နည်းဥပဒေများတွင် မည်သည့်နေရာ၌မဆိုပါရှိသည့် (က) ဒေသပြည်သူ့တရားရုံးဆိုသည့် စကားရပ်အစား မြို့နယ်ပြည်သူ့တရားရုံး၊ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်အရ အခါအားလျော်စွာဖွဲ့စည်းသောတရားရုံးဆိုသည့် စကားရပ်ကိုလည်းကောင်း၊ (ခ) အယူခံအဖွဲ့ဆိုသည့် စကားရပ်အစား ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့တရားရုံး၊ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်အရ အခါအားလျော်စွာဖွဲ့စည်းသော တရားရုံးဆိုသည့် စကားရပ်ကိုလည်းကောင်း တည့်သွင်းရန် ပြင်ဆင်လိုက်ကြောင်း ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနကကြေညာသည်။

BURMESE CLASSIC

၂-၁၂-၇၂ အပြည်ပြည်ဆိုင်ရာ စာအုပ်နှစ် အထိမ်းအမှတ် ပြပွဲကို ဦးဝိစာရလမ်း အင်ဖိုင်းခန်းမတွင် ပညာရေးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ညီညီက ဖွင့်လှစ်ပေးလိုက်သည်။

၄-၁၂-၇၂ လစာနှုန်းထားသစ်များ ပြင်ဆင်လိုက်သဖြင့် အလုပ်ရုံ၊ စက်ရုံများမှ အချိန်ပို လုပ်အားခများနှင့်ပတ်သက်၍ ပြန်လည်စီစစ်ရန်အတွက် အလုပ်သမား ဝန်ကြီးဌာနမှ ကော်မီတီတရပ်ကိုဖွဲ့စည်းလိုက်သည်။

၆-၁၂-၇၂ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဌာနမှ အစိုးရလုပ်ငန်းဌာန အသီးသီးရှိအလုပ်သမားများ အတွက်လုပ်ခနှုန်းသတ်မှတ်ရေး ကော်မီတီတရပ်ကို ဖွဲ့စည်းပေးလိုက်သည်။

၁၁-၁၂-၇၂ ဗဟိုပြည်သူ့တောင်သူလယ်သမားကောင်စီ အစည်းအဝေးကို ကမ္ဘာအေး ကုန်းမြေရှိ အစည်းအဝေးခန်းမတွင်စတင်ကျင်းပသည်။

၁၄-၁၂-၇၂ တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌရုံး၏ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆ ဖြင့်ဖွဲ့စည်းခဲ့သော 'သုတေသနလုပ်ငန်းများဆိုင်ရာ မူဝါဒညွှန်ကြားရေးအဖွဲ့' ကို ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းလိုက်သည်၊ အဆိုပါ ပြန်လည်ဖွဲ့စည်းလိုက်သောအဖွဲ့တွင် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဌာနဝန်ကြီး ဦးလွင်ကဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်သည်။

၂၄-၁၂-၇၂ နိုင်ငံအတွင်းရှိ ခေါင်းပုံဖြတ်အမြတ်ကြီးစား ပွဲစားများနှင့် စီးပွါးရေး သောင်းကျန်းမှုများကို နှိမ်နင်းရန်အတွက် အမျိုးသားထောက်လှမ်းရေးမှ 'စုစကာ' အမည်ရှိ စစ်ဆင်ရေးကို ဆင်နွှဲပြီး ဖြိုခွင်းလျက်ရှိသည်။

၂၇-၁၂-၇၂ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြမ်း ရေးဆွဲရေးကော်မီရှင်၏ ဆဋ္ဌမအကြိမ် ဆွေးနွေးပွဲကို ကမ္ဘာ့ဧရိပ်သာ၌ပြုလုပ်သည်။

၃၀-၁၂-၇၂ ယခင်ငွေစက္ကူ တစ်ကျပ်တန်များကဲ့သို့ တရားဝင်သုံးစွဲနိုင်ခွင့်ရှိသည့် တစ်ကျပ်တန်ငွေစက္ကူအသစ်များကို ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်မှ ထုတ်ဝေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၀-၁-၇၃ အစိုးရဝန်ထမ်းများဌာနဆိုင်ရာ စည်းကမ်းဖေါက်ဖျက်၍ ဆောင်လည်းကောင်း၊ ဝန်ထမ်းအပေါ်ဌာနဆိုင်ရာအရေးယူမှုအပေါ်တွင် ကျင့်သုံးသော ၁၉၄၀ ခုနှစ်၊ 'ဂျီ' ဆာကြူလာအမှတ် ၁၅ မှာခေတ်နှင့်လျော်ညီခြင်းမရှိသည့်အတွက် ခေတ်နှင့်လျော်ညီသည့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းသစ်ဖြင့်အစားထိုးကျင့်သုံးရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့ဝန်ထမ်းရေးရာ ဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၂-၁-၇၃ ပညာရေးဌာနဒုတိယဝန်ကြီး ဒေါက်တာ ညီညီက စက်မှုလက်မှု အထက်တန်းကျောင်း တကျောင်းကို မော်လမြိုင်မြို့တွင် ဖွင့်လှစ်ပေးလိုက်သည်။

၂၄-၁-၇၃ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မရှင်၏ ဆဌမအကြိမ် အစည်းအဝေးပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယမူကြမ်းနှင့် ပတ်သက်ပြီး ပြည်သူလူထု ၇,၇၀၀,၀၀၀ တို့ထံမှ ပေးပို့သော ဆန္ဒသဘောထားနှင့် အကြံဉာဏ်များကို ဆွေးနွေးအတည်ပြုသည်။

၂၆-၁-၇၃ ဗီယက်နမ်ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ကြိုဆိုကြောင်း မြန်မာနိုင်ငံ အစိုးရက ကျေညာသည်၊ ထဆက်တည်းမှာပင် အရှေ့တောင်အာရှ တခွင်လုံးတွင် ငြိမ်းချမ်းရေးရရှိရန် အချိန်တန်နေပြီဖြစ်ကြောင်းထုတ်ဖေါ်ပြောဆိုသည်။

၂၇-၁-၇၃ တနိုင်ငံလုံးတွင် လူဦးရေစာရင်း ကောက်ယူရာတွင် အထောက်အကူဖြစ်စေရန်၊ တာမွေမြို့နယ်ကို စမ်းသပ်မြို့နယ်အဖြစ် သတ်မှတ်ခဲ့သည့်အလျောက် ယနေ့နံနက် ၄ နာရီမှစပြီး လုပ်အားပေးကျောင်းသား ၁,၄၀၀ တို့နှင့် လူဦးရေစာရင်းကို စတင်ကောက်ယူသည်။

၁၃-၂-၇၃ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ၏ တရားဝင်ငွေကြေးလဲလှယ်မှုနှုန်းကို ပြောင်းလဲလိုက်ကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်မှ ကျေညာသည်။ အဆိုပါငွေကြေးလဲလှယ်နှုန်းအရ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာသည် မြန်မာငွေ ၄.၈၁၃၈ ကျပ်နှင့် ညီမျှသည်။

၂-၃-၇၃ ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းတွင် ပြုလုပ်သော တောင်သူလယ်သမားနေ့ လူထုအစည်းအဝေးကြီးသို့ ရန်ကုန်ရှိ လုပ်သားပြည်သူ တသိန်းကျော် တခဲနက် အင်တိုက်အားတိုက် တက်ရောက်ခဲ့သည်။

၅-၃-၇၃ ဗဟို ပြည်သူ့တောင်သူလယ်သမားကောင်စီ ပဥ္စမအကြိမ် အစည်းအဝေးကြီးကို၊ ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ အစည်းအဝေးခန်းမတွင် စတင်ကျင်းပသည်။

၁၃-၃-၇၃ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ကြီးမှူးသော သတင်းစာသင်တန်း အမှတ်စဉ် ၆ ကို ရန်ကုန်မြို့၊ အမှတ် ၂၅၃၊ ဘောင်ဒရီလမ်းတွင် ဖွင့်လှစ်သည်။

၁၄-၃-၇၃ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မီတီ၏ ပဥ္စမအကြိမ် အစည်းအဝေးတွင် လမ်းစဉ်ပါတီ ဗဟိုကော်မီတီ ဥက္ကဋ္ဌ ဦးနေဝင်းက အဖွင့်မိန့်ခွန်းကို မြွက်ကြားသည်။

၁-၄-၇၃ တနိုင်ငံလုံးရှိ လူဦးရေစာရင်း ရယူနိုင်ရေးအတွက် သန်းခေါင်စာရင်း ကောက်ယူခြင်းကို လုပ်သားထုတရပ်လုံး၏ ပူးပေါင်း ဆောင်ရွက်မှုနှင့်အတူ စတင်ကောက်ယူသည်။

၃-၄-၇၃ လမ်းစဉ်လူငယ် စည်းရုံးရေး ဗဟိုကော်မီတီမှ ဦးစီးသည့် လမ်းစဉ်လူငယ်ခေါင်းဆောင် သင်တန်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်လိုက်သည်။

၇-၄-၇၃ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ကြားဖြတ် ပါတီညီလာခံကို မင်္ဂလာဒုံရှိ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်းတွင် စတင်ကျင်းပသည်၊ အဆိုပါ ကြားဖြတ် ပါတီညီလာခံသို့ ဥက္ကဋ္ဌကြီး ဦးနေဝင်း၊ ဗဟိုကော်မီတီဝင်များ၊ ပါတီလုပ်ငန်း စိစစ်ရေး ကော်မီတီဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်သည်။

၉-၄-၇၃ ပြည်ထောင်စု မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဦးနေဝင်းက ၁၉၇၃ ခု၊ အာရှဖွံ့ဖြိုးမှုဘဏ် ဥပဒေကို အတည်ပြုလက်မှတ်ရေးထိုးသည်။

။ ပြည်ထောင်စု မြန်မာနိုင်ငံသည် အာရှဖွံ့ဖြိုးရေးဘဏ်တွင် အဖွဲ့ဝင်နိုင်ငံတခုအဖြစ် ဝင်ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၀-၄-၇၃ ကြားဖြတ်ပါတီ ညီလာခံပြီးဆုံးသည်၊ ကြားဖြတ်ပါတီညီလာခံ နောက်ဆုံးနေ့ နိဂုံးချုပ်မိန့်ခွန်းကို တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဦးနေဝင်းက ပြောကြားသည်။

၁၁-၄-၇၃ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဒုတိယအကြိမ် ပါတီညီလာခံ ကျင်းပရေး ကော်မီရှင်၏ ပထမအကြိမ် အစည်းအဝေးကို ဗဟိုနိုင်ငံရေးသိပ္ပံ ညီလာခံခန်းမတွင် ကျင်းပသည်။

၁၁-၆-၇၃ အရှေ့ပိုင်းတိုင်းနှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေများအတွင်း ကာကွယ်ရေးများ ဖျက်သိမ်းကြောင်း အရှေ့မြောက်တိုင်း စစ်ဌာနချုပ် သတင်းစာ ရှင်းလင်းပွဲတွင် ဖော်ပြသည်။

၂၈-၆-၇၃ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ် (မူကြမ်း)ကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက်ရင်း၊ ပြဋ္ဌာန်းပြီးသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သက်ဆိုင်ရာ ပုဒ်မများနှင့် အညီ ပထမ အကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်ရင်း လိုအပ်မည့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှု ကော်မီတီကို ဖွဲ့စည်းသည်။

။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ကော်မီတီ၏ ပထမအကြိမ် အစည်းအဝေးကို ကမ္ဘာ့ဇရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၉-၆-၇၃ ပြည်သူ့ တရားရုံး အဆင့်ဆင့်အား တရားမတရားစီရင်ပိုင်ခွင့် အပ်နှင်းရေးအတွက် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ဥပဒေများ ပြဋ္ဌာန်းလိုက်သည်။

။ ပြည်နယ်/တိုင်း ပြည်သူ့တရားရုံးများက အယူခံမှု ပြင်ဆင်မှုများ ကြားနာစီရင်ခြင်းနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်များ ထပ်မံ အပ်နှင်းခြင်း ရှင်းလင်းချက်ကို တရားရေး ဝန်ကြီးဌာနက ထုတ်ပြန်သည်။

။ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသည် ကြက်ပေါင်စေး ပိုမိုထွက်ရှိရေးကို အဖက်ဖက်က ဖေးတတ်နိုင်ဆုံး အကူအညီပေးရန် ရည်ရွယ်ချက် ထားရှိသည်နှင့်အညီ တိုင်းရင်းသား ပုဂ္ဂလိကပိုင် ရော်ဘာ စိုက်ပျိုးရေး လုပ်ငန်းကို အမိန့်ကြော်ငြာစာထုတ်သည့်နေ့မှ နှစ် ၃၀ အတွင်း နိုင်ငံပိုင် ပြုလုပ်မည်မဟုတ်ကြောင်း လယ်ယာနှင့် သစ်တောဌာနမှ ကြေညာသည်။

။ သစ်တော သုတေသနလုပ်ငန်းများကို ထိရောက်စွာ တိုးချဲ့ဆောင်ရွက်သွားရန်အတွက် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ ယခုလာမည့် ၁၉၇၃-၇၄ ခုနှစ် စတင် စတင်၍ ပျဉ်းမနားမြို့နယ် ရေဇင်း သစ်တောသုတေသန အဆောက်အဦကြီးတခုကို ကျပ်ငွေ သိန်းပေါင်းတရာကျော် အကုန်ခံ တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။

၃၀-၆-၇၃ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်မှ တစ်ဆယ်ကျပ်တန် ပုံစံသစ် ငွေစက္ကူများကို စတင်ထုတ်ဝေသည်။

၃-၇-၇၃ ဒေသခံ တိုင်းရင်းသား တောင်သူလယ်သမားများ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်သွားနိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ ရှမ်းပြည်နယ်တွင် နှစ်ရှည် ဆည်မြောင်းတာတမံ လုပ်ငန်းသစ်ပေါင်း ရှစ်ခုကို ငွေကျပ်သိန်းပေါင်း ၉၀၀ ကျော် အကုန် အကျခံကာ တည်ဆောက်ပေးရန် လုပ်ဆောင်လျက် ရှိသည်။

၅-၇-၇၃ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးကော်မီရှင်၏ ရှစ်ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ ကမ္ဘာ့ဇရိပ်သာတွင် ကျင်းပသည်။

၆-၇-၇၃ ကမ္ဘာ့ဘဏ် အုပ်စုဝင် အပြည်ပြည်ဆိုင်ရာ ကြီးပွားတိုးတက်ရေးအဖွဲ့နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရတို့သည် မြန်မာနိုင်ငံ ပြည်တွင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းရပ်များအတွက် အမေရိကန် ဒေါ်လာ ၃၃ သန်းချေးငွေစာချုပ်ကို ဇူလိုင်လ ၅ ရက်နေ့က နယူးယောက်မြို့တွင် လက်မှတ်ရေးထိုးကြသည်။

။ မြန်မာနိုင်ငံ စီးပွါးရေးစစ်တမ်းကို မိုးရာသီ လုပ်အားပေးကျောင်းသားများက ရန်ကုန်တိုင်းအတွင်း စတင်ကောက်ယူသည်။

၁၁-၇-၇၃ အစိုးရဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူသူ လုပ်သက်နှစ် များသူများ မနစ်နာစေရန်အတွက် ပင်စင်ခံစားခွင့် လုပ်သက်နှစ် ၃၀ မှ ၄၂ နှစ်ထိ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ အမိန့်ထုတ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၆-၇-၇၃ အလုံလမ်း၊ အစိုးရရိပ်သာညွှန့်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုကော်မီတီ၏လုပ်ငန်း ဆွေးနွေးပွဲပြုလုပ်သည်။

〃 ကြိုတင်ပြင်ဆင်မှု ကော်မီတီ လုပ်ငန်းဆွေးနွေးပွဲတွင် ဗိုလ်ချုပ်ကြီး စန်းယုက ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ၁၉၇၃ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း ကျင်းပရန်လည်းကောင်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲကို ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်မှ ဇန်နဝါရီလ ၃၁ ရက်အတွင်း ကျင်းပရန် အဖွင့်မိန့်ခွန်းတွင် ပြောကြားသည်။

၂၃-၇-၇၃ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန၏ ၁၉၇၃ ခု၊ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေး လုပ်ငန်း ဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ခြောက်ထပ်ရုံးသစ် ခန်းမတွင် ကျင်းပသည်။

၂၄-၇-၇၃ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ် (မူကြမ်း) ရေးဆွဲရေး ကော်မရှင်၏ အဌမအကြိမ် အစည်းအဝေးကို ကမ္ဘာ့ဇရိပ်သာတွင် ကျင်းပသည်။

၂၅-၇-၇၃ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ် (မူကြမ်း) ရေးဆွဲရေးကော်မရှင် အဌမအကြိမ် အစည်းအဝေးတွင် အခြေခံဥပဒေပုဒ်မများကို အတည်ပြုသည်။ ဆန္ဒခံယူပွဲနှင့် ရွေးချယ်ပွဲ ဥပဒေများကိုလည်း တင်သွင်းသည်။

၂၇-၇-၇၃ မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွါးရေး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ပြည်ထောင်စု မြန်မာနိုင်ငံအား ဂျပန်နိုင်ငံမှ ယန်းငွေသန်းပေါင်း ၁၁,၆၂၀ အကူအညီပေးရေး ချေးငွေစာချုန်လွှာလဲလှယ်ပွဲကို ဝန်ကြီးများရုံး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ပြုလုပ်သည်။

၁-၈-၇၃ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက်လည်းကောင်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပနိုင်ရေး အတွက်လည်းကောင်း ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ခြင်း မရှိသေးမီ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဦးကိုကို ခေါင်းဆောင်သော အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ကြိုတင်ပြင်ဆင်မှု ကော်မီတီတရပ်ကို ဖွဲ့စည်းသည်။

〃 ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်အတွက် ကြိုတင်ပြင်ဆင်မှု ကော်မီတီရုံးကို အမှတ် ၄၀၊ ဦးဝိစာရလမ်း၊ (ဒု-ငွေစာရင်းဝန် (ကာကွယ်ရေး) ရုံးဟောင်း)တွင် ဖွင့်လှစ်ပြီး ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၅-၈-၇၃ ၁၉၇၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှစတင် အကောင်အထည်ဖေါ်ခဲ့သော ပြည်သူ့ တရားစီရင်ရေး စနစ်သည် သက်တမ်း တနှစ်အတွင်း ပြည်နယ်နှင့်တိုင်း ပြည်သူ့ တရားရုံး အဖွဲ့ဝင် ၁,၄၇၂ ဦးနှင့် မြို့နယ် ပြည်သူ့တရားရုံး အဖွဲ့ဝင် ၇,၀၂၇ ဦးတို့က တရားစီရင်မှု ကိစ္စရပ်များ ဆောင်ရွက်ခဲ့ကြရာ ရာဇဝတ်မှုကြီး ၁၀၉,၇၁၁ မှုနှင့် ရာဇဝတ်မှုသေး ၉,၆၀၉ မှုတို့ကို ပြီးပြတ်အောင် စစ်ဆေး စီရင်နိုင်ခဲ့ကြောင်း ဆိုင်ရာမှထုတ်ပြန်သည်။

၆-၈-၇၃ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဆဌမအကြိမ် ဗဟိုကော်မီတီအစည်းအဝေးကို အလုံလမ်း၊ အစိုးရဂေဟာအတွင်းရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အစည်းအဝေးဖွင့် မိန့်ခွန်းကို ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌ ဦးနေဝင်းက ပြောကြားသည်။

〃 မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဆဌမအကြိမ် ဗဟိုကော်မီတီ အစည်းအဝေးတွင် အထွေထွေ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယုက ဗဟိုအလုပ်အမှုဆောင် ကော်မီတီ၏ အစီရင်ခံစာကိုလည်းကောင်း၊ တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးသောင်းကြည်က ဒုတိယအကြိမ် ပါတီညီလာခံသို့ တင်သွင်းမည့် ဗဟိုကော်မီတီ၏ နိုင်ငံရေး အစီရင်ခံစာကိုလည်းကောင်း၊ ပါတီ စည်းကမ်းထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မီတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ကြည်မောင်ကလည်းကောင်း အသီးသီး ဖတ်ကြားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

၈-၈-၇၃ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဆဋ္ဌမအကြိမ် ဗဟိုကော်မီတီအစည်းအဝေးတွင် ဥက္ကဋ္ဌကြီး ဦးနေဝင်း ပြောကြားသော မိန့်ခွန်း ထောက်ခံပွဲကို လူတန်းစားစုံ စက်ရုံအလုပ်ရုံတို့၌ ကျင်းပသည်။

၁၀-၈-၇၃ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဆဋ္ဌမအကြိမ် ဗဟိုကော်မီတီ အစည်းအဝေး နောက်ဆုံးနေ့တွင် ဥက္ကဋ္ဌကြီး ဦးနေဝင်းက နိဂုံးချုပ်မိန့်ခွန်း ပြောကြားသည်။

၁၁-၈-၇၃ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မီတီ လုပ်ငန်းစစ်ဆေးရေးကော်မီတီ ပူးတွဲ အစည်းအဝေးကို အလုံလမ်း၊ အစိုးရဂေဟာဝင်း အတွင်းရှိ အစည်းအဝေး ခန်းမတွင်ကျင်းပသည်။

၁၄-၈-၇၃ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ မူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၉ ဖြင့် ဆိုင်ရာမှ ပြဋ္ဌာန်းသည်၊ အဆိုပါ ဥပဒေတွင် နိဒါန်းပိုင်းနှင့် အခန်းပေါင်း ၁၂ ခန်း ပါဝင်သည်။

၁၆-၈-၇၃ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေ၏ အခန်း (၃)၊ ပုဒ်မ ၅ (၁)အရ အဖွဲ့ဝင် ၂၆ ဦး ပါဝင်သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းလိုက်သည်။

၁၇-၈-၇၃ မြန်မာ-ထိုင်း နှစ်နိုင်ငံ ထိပ်တန်းကော်မီတီများ၏ အစည်းအဝေးကို အမှတ် ၁၆၊ ဝင်ဒါမီယာ၌ ကျင်းပသည်၊ အဆိုပါ အစည်းအဝေးတွင် နှစ်နိုင်ငံ အကျိုးတူကိစ္စများကို ချစ်ကြည် ရင်းနှီးစွာ နားလည်မှု အပြည့်အဝဖြင့် ဆွေးနွေးခဲ့သည်။

၁၈-၈-၇၃ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မထိခိုက်သော ပုဂ္ဂလိက ပိုင်ဆိုင် လုပ်ကိုင်မှု ဥပဒေအရ ခွင့်ပြုမည်ဖြစ်ရာ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ နှစ်ရှည်နှစ်တို စီးပွားရေး မူဝါဒများ စာအုပ်တွင် ဖော်ပြထားသည့် ပုဂ္ဂလိကပိုင်အဖြစ် သတ်မှတ်ပါရှိသော စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်း ၂၀၄ မျိုးကို မှတ်ပုံတင်၍၎င်း၊ ၁၆၄ မျိုးကို မှတ်ပုံတင်ရန်မလိုပဲ ကင်းလွတ်လုပ်ငန်းအဖြစ်၎င်း ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခွင့် ပေးမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ ပြန်ကြားရေး ဝန်ကြီးဌာနမှ ကြေညာချက်အမှတ် ၁/၇၃ ဖြင့် ထုတ်ပြန်ကြေညာသည်။

၂၄-၈-၇၃ စီးပွားရေးစီမံကိန်း အကောင်အထည် ဖော်ရေး ဗဟိုကော်မီတီ ပထမအကြိမ် အစည်းအဝေးကို ဗဟိုလအက စည်းဝေးခန်းမ၌ ကျင်းပသည်။

၃-၉-၇၃ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများကို ၁၉၇၃ ခု၊ ဒီဇင်ဘာလ ၁၅ ရက်မှ ၃၁ ရက်နေ့အတွင်း ကျင်းပရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ရုံးမှ ကြေညာချက်အမှတ် ၁ ဖြင့်ထုတ်ပြန်ကြေညာသည်။

။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဒေသများနှင့် မဲရုံများ သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်ရုံးမှ ကြေညာချက်အမှတ် ၂ ဖြင့် ထုတ်ပြန်ကြေညာသည်။

၄-၉-၇၃ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရာတွင် မဲရုံများ၌အသုံးပြုမည့် မဲပုံးအရွယ်အစားနှင့် မဲပုံးအရောင်များ သတ်မှတ်ခြင်းကို ဆိုင်ရာမှ ကြေညာချက်အမှတ် ၃ နှင့် ထုတ်ပြန်ကြေညာသည်။

၂၈-၉-၇၃ ၁၉၄၇ ခုနှစ်၊ ပွဲခွန်အက်ဥပဒေပုဒ်မ (၃)အရ၊ ပွဲခွန်နှုန်းများကို ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဝင်ကြေး၏ ၃၀ ရာခိုင်နှုန်းသတ်မှတ်ကြောင်းနှင့် ပွဲခွန်စည်းကြပ်သည့် နယ်ပယ်ကို ယခင်ငါးမြို့နယ်အပြင် နောက်ထပ်၍ ၁၀၂ မြို့နယ် တိုးချဲ့သတ်မှတ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာသည်။

၈-၁၀-၇၃ ဒုတိယအကြိမ် ပါတီညီလာခံကို မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးသိပ္ပံ ကျောင်းဝင်းအတွင်းရှိ ဗဟိုအစည်းအဝေး ခန်းမတွင် စတင်ကျင်းပသည်။



ပ၊စ၊က၊/၁၂၀၄/၃(၁)/၂၊/၇၃/၇။

www.burmeseclassic.com